# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့
# ၏
# ပဋိညာဉ်စာချုပ်

## နှင့်
## အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဥပဒေ

## စစ်မှငြိမ်းချမ်းရေးသို့

ကမ္ဘာ့လူသားများ မျိုးဆက်များစွာတို့ မျှော်လင့်တောင့်တခဲ့သော ငြိမ်းချမ်းရေး မျှော်လင့်ချက်များမှာ ၁၉၄၅ ခုနှစ်တွင် အကောင်အထည်ပေါ်လာခဲ့ပြီး ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့ပါသည်။ ပဋိညာဉ်မှာ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် ကမ္ဘာ့နိုင်ငံများအကြား ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူမှုတိုးတက်မှု၊ လူနေမှုအဆင့်အတန်း တိုးတက်ကောင်းမွန်မှုနှင့် လူ့အခွင့်အရေးများကို အားပေးမြှင့်တင်ရန် နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ရပ် ဖွဲ့စည်းတည်ထောင်နိုင်ရေး အခြေခံအုပ်မြစ်စာချုပ် ဖြစ်ပါသည်။

## စိန့်ဂျိမ်းစ်နန်းတော် ကြေညာချက်

ကုသလသမဂ္ဂအဖွဲ့အစည်းကြီးနှင့် ကုသလသမဂ္ဂပဋိညာဉ်စာချုပ်တို့သည် ဒုတိယ ကမ္ဘာစစ်၏ စစ်မီးတောက်မီးလျှံများအကြားမှ ခဲယဉ်းငြိုငြင်စွာ တည်ထောင်ခဲ့ရခြင်းဖြစ်ပါသည်။ ၁၉၄၁ခုနှစ်တွင် ဥရောပတိုက်နှင့် အာရှပစိဖိတ်ဒေသ အများအပြားမှာ ဂျာမနီ၊ အီတလီနှင့် ဂျပန်တို့ ဦးဆောင်သော ဝင်ရိုးတန်းနိုင်ငံများ၏ သိမ်းပိုက်မှုကို ခံနေရပြီဖြစ်ပါသည်။ သို့ရာတွင် ၎င်းတို့ကို ဆန့်ကျင်တိုက်ခိုက်လျက်ရှိသည့် မဟာမိတ်အင်အားကြီးနိုင်ငံများမှာ စစ်ရေးအောင်ပွဲထက် ပိုလွန်၍ ရည်ရွယ်ချက် ထားရှိကြပါသည်။ စစ်ကြီးပြီးနောက် တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးနှင ကြွယ်ဝချမ်းသာမှု ရရှိရန် မည်သို့လုပ်ဆောင်နိုင်မည် ဖြစ်ကြောင်း အစီအစဉ်ရေးဆွဲနေကြပြီဖြစ်ပါသည်။

၁၉၄၁ခုနှစ်ဇွန်လတွင် ဩစတြီးယား၊ ဘယ်ဂျီယမ်၊ ကနေဒါ၊ ချက်ကိုစလိုဗေးကီး

ယား၊ ပြင်သစ်၊ ဂရိ၊ လူဇင်ဘတ်၊ နယ်သာလင်၊ နယူးဇီလန်၊ နော်ဝေ၊ ပိုလန်၊ တောင်အာဖရိက၊ ယူကေနှင့် ယူဂိုဆလားဗီးယားနိုင်ငံများမှ မဟာမိတ်ကိုယ်စားလှယ်များသည် ယူကေနိုင်ငံ လန်ဒန်မြို့ စိန့်ဂျိမ်းစ်နန်းတော်တွင် တွေ့ဆုံ အစည်းအဝေး ပြုလုပ်ခဲ့ပါသည်။ ထိုစဉ်က ဖြစ်ပွားနေဆဲ တိုက်ပွဲများထက် ကျော်လွန်၍ အနာဂတ်ကို မျှော်တွေးခဲ့ကြပြီး “တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးအတွက် အမှန်တကယ် မလွဲမသွေ ရှိရမည့် အခြေခံမှာ တစ်ကမ္ဘာလုံး ကျူးကျော်မှုအန္တရာယ် ကင်းရှင်းလျက် လူသားအားလုံး စီးပွားရေးနှင့် လူမှုရေး လုံခြုံမှုကို ရရှိခံစားကြရပြီး တစ်ကမ္ဘာလုံးရှိ လွတ်လပ်ခွင့်ကို ရရှိခံစားနေကြသော လူမျိုးများအားလုံးက လိုလိုလားလား ပူးပေါင်းဆောင်ရွက်ရေးဖြစ်ကြောင်း”၊ “ဤရည်ရွယ်ချက်အောင်မြင်ရန် စစ်မက်ဖြစ်ပွားနေသည်ဖြစ်စေ၊ ငြိမ်းချမ်းနေသည်ဖြစ်စေ၊ လွတ်လပ်ခွင့်ကို ရရှိခံစားနေကြသော အခြားလူမျိုးများအားလုံးနှင့် ပူးပေါင်းဆောင်ရွက်ရန်” ရည်ရွယ်ကြောင်း ထုတ်ပြန်ကြေညာခဲ့ကြပါသည်။

## အတ္တလန္တိတ် ပဋိညာဉ်စာချုပ်

နောက်နှစ်လအကြာတွင် အမေရိကန်ပြည်ထောင်စုသမတ ဖရန်ကင်ဒီလာနိုရုဇဗဲ့ (အမေရိကန်သည် ထိုနှစ် နှစ်ကုန်အထိ ကမ္ဘာစစ်တွင် မပါဝင်သေးပါ)နှင့် ယူကေဝန်ကြီးချုပ် ဝင်စတန်ချာချီ တို့က ပိုမိုကောင်းမွန်သော အနာဂတ်ကို တည်ဆောက်နိုင်ရေး ၎င်းတို့၏ မျှော်လင့်ချက်များ ဖော်ဆောင်နိုင်ရန အခြေခံအဖြစ် နယ်မြေချဲ့ထွင်သိမ်းပိုက်ခြင်း သို့မဟုတ် အခြားနည်းလမ်းဖြင့် အခြားနိုင်ငံများအပေါ် မလျော်ဩဇာလွှမ်းမိုးရန် ကြိုးပမ်းခြင်းများ မလုပ်ဆောင်ရေး၊

သက်ဆိုင်ရာ ပြည်သူလူထု၏ ဆန္ဒကို ဆန့်ကျင်လျက် ပိုင်နက်နယ်မြေ အပြောင်းအလဲများ မပြုလုပ်ရေး၊ ကိုယ်တိုင်အစိုးရဖွဲ့စည်းလျက် အုပ်ချုပ်ခွင့်ရှိရေး၊ ကိုယ်တိုင်အုပ်ချုပ်ခွင့် ကင်းမဲ့နေသူများအား ကိုယ်တိုင်အုပ်ချုပ်ခွင့် ပြန်လည်အပ်နှင်းရေး၊ နိုင်ငံအားလုံး တန်းတူ ကုန်သွယ်ရေး၊ ကုန်ကြမ်းဝယ်ယူရေးများ လုပ်ဆောင်နိုင်ရေး၊ အလုပ်သမားစံနှုန်းများ၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေး၊ နေရေးထိုင်ရေး၊ အန္တရာယ်ကင်းရှင်းပြီး စိုးရိမ်ကြောက်ရွံ့နေရခြင်းနှင့် ချို့တဲ့စွာနေရခြင်းတို့မှ ကင်းလွတ်ရေး၊ ကမ္ဘာ့ပင်လယ်သမုဒ္ဒရာရေပြင်များတွင် လွတ်လပ်စွာ သွားလာနိုင်ရေး၊ နိုင်ငံအားလုံးက အင်အားသုံးစွဲခြင်း မပြုပါဟု စွန့်လွှတ်ရေး၊ ကျူးကျော်တိုက်ခိုက်ခဲ့ကြသောနိုင်ငံများကို လက်နက်ဖြုတ်သိမ်းရေး ဟူသော နိုင်ငံအားလုံး တစ်ပြေးညီကျင့်သုံးကြရမည့် ဘုံတူညီသောမူများကို "အထွေထွေလုံခြုံရေးကို ပိုမိုကျယ်ပြန့်စွာ အမြဲတမ်း ဆောင်ရွက်မည့် စနစ်တစ်ရပ် တည်ထောင်ပြီးသည်နှင့်တစ်ပြိုင်နက် ကျင့်သုံးကြရန်" ထုတ်ပြန်ကြေညာခဲ့ရာ အတ္တလန္တိတ်ပဋိညာဉ်စာချုပ်ဟု ထင်ရှားပါသည်။

## ကုလသမဂ္ဂကြေညာစာတမ်း

မဟာမိတ်နိုင်ငံ ၂၆-နိုင်ငံတို့မှ ကိုယ်စားလှယ်များသည် အတ္တလန္တိတ်ပဋိညာဉ်စာချုပ်ပါ ရည်ရွယ်ချက်များ၊ မူများနှင့်တကွ ဘုံတူညီသော လုပ်ငန်းအစီအစဉ်ကို လက်ခံအတည်ပြုလျက် ကုလသမဂ္ဂကြေညာချက်က ဝါရှင်တန်ဒီစီမြို့တွင် ၁၉၄၂ခုနှစ် ဇန်နဝါရီလက လက်မှတ်ရေးထိုးကြပါသည်။ "အသက်ရှင်သန်ရပ်တည်ရေး၊ လွတ်လပ်ရေး၊ အမှီအခိုကင်းရေး၊ ဘာသာရေးလွတ်လပ်မှုရှိရေး၊ မိမိတို့နယ်မြေဒေသများတွင်သာမက အခြားနယ်မြေဒေသများတွင်ပါ လူ့အခွင့်

အရေးများနှင့် တရားမျှတမှုကို ကာကွယ်ထိန်းသိမ်းရန် အားလုံးအတူတကွ တိုက်ပွဲဆင်နွှဲခြင်းဖြစ်သည်”ဟု ယုံကြည်လျက် နိုင်ငံအသီးသီးမှ အစိုးရများက စစ်ရေးကြိုးပမ်းမှုတွင် အရင်းအမြစ်အလုံးစုံ အပြည့်အဝ အသုံးပြုကြပြီး သီးခြားစီ အပစ်အခတ်ရပ်စဲခြင်း သို့မဟုတ် ငြိမ်းချမ်းရေး သဘောတူညီခြင်းများ မပြုလုပ်ကြရန ကတိကဝတ်ပြုကြပါသည်။ မကြာမီ အခြားနိုင်ငံများလည်း ကြေညာချက်တွင် ပါဝင်လာကြပါသည်။

## မော်စကိုနှင့် တီဟီရန် ညီလာခံများ

“အထွေထွေလုံခြုံရေးစနစ် တည်ထောင်ဆောင်ရွက်ရေး” နောက်တစ်ဆင့်ကြိုတင်မျှော်တွေးလျက် အထွေထွေလုံခြုံရေး လေးနိုင်ငံကြေညာချက်ကို အမေရိကန်၊ ဗြိတိသျှနှင့် ဆိုဗီယက် နိုင်ငံခြားရေးဝန်ကြီးများ၊ ဆိုဗီယက်ဆိုရှယ်လစ်သမ္မတနိုင်ငံများပြည်ထောင်စုဆိုင်ရာ တရုတ်သံအမတ်တို့က မော်စကိုမြို့တွင် ၁၉၄၃ခုနှစ် အောက်တိုဘာလ၌ လက်မှတ်ရေးထိုးကြပြီးလျှင် “ငြိမ်းချမ်းရေးကို မြတ်နိုးသော နိုင်ငံတိုင်း အချုပ်အချာအာဏာပိုင် တန်းတူညီမျှမှု ရှိကြသည်ဟူသော မူအပေါ်အခြေခံလျက် အထွေထွေ နိုင်ငံတကာအဖွဲ့အစည်းကြီးတစ်ရပ်ကို လက်တွေ့ဖြစ်နိုင်သမျှ အစောဆုံး နေ့ရက်တွင် တည်ထောင်ရန် လိုအပ်ကြောင်းနှင့် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန်အလို့ငှာ ငြိမ်းချမ်းရေးမြတ်နိုးသောနိုင်ငံတိုင်း ကြီးငယ်မဟူ အဖွဲ့ဝင်နိုင်ငံများအဖြစ် ပါဝင်နိုင်မည်ဖြစ်ကြောင်း” အသိအမှတ်ပြုကြပါသည်။ နောက်နှစ်လအကြာတွင် ချာချီ၊ ရုစဗဲ့နှင့် ဆိုဗီယက်ခေါင်းဆောင် ဂျိုးဆက်စတာလင်တို့သည် တီဟီရန်မြို့တွင် တွေ့ဆုံစည်းဝေးကြပြီး အပြီးသတ်အောင်ပွဲ

ရယူရေး မဟာဗျူဟာကို စီစဉ်ရေးဆွဲကြပါသည်။ တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေး ဖြစ်စေရန် အခြေအနေများ အခိုင်အမာ ပေါ်ပေါက်လာစေရေး ကြိုတင်မျှော်တွေးလျက် ၎င်းတို့ထုတ်ပြန်ခဲ့သော အင်အားကြီးသုံးနိုင်ငံကြေညာချက်တွင် "ငြိမ်းချမ်းရေးဖော်ဆောင်ရန် ကျွန်ုပ်တို့အားလုံးနှင့် ကုလသမဂ္ဂအဖွဲ့အစည်းတစ်ရပ်လုံးအပေါ်တွင် အကြီးမားဆုံးသော တာဝန်ရှိနေသည်ကို အပြည့်အဝသိရှိနားလည် အသိအမှတ်ပြုကြောင်း၊ ဤတာဝန်ကို ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့လူမျိုးအသီးသီး အများစုကြီးထံ နှစ်ထောင်းအားရ ကျေနပ်ဝမ်းမြောက်မှုကို ဆောင်ကြဉ်းပေးနိုင်ပြီး အလုံးစုံပျက်သုဉ်းစေသည့် ကြောက်မက်ဖွယ်အတိပြီးသော စစ်မက်ဖြစ်ပွားခြင်းဘေးအန္တရာယ်ဆိုးကြီး နောင်မျိုးဆက်ပေါင်းများစွာ ပြန်လည်မဖြစ်ပွားနိုင်တော့ဘဲ ချုပ်ငြိမ်းစေမည်" ဟု ဖော်ပြထားပါသည်။

## ဒမ်ဘာတန်အုတ် ဆွေးနွေးပွဲများနှင့် ယော်လ်တာညီလာခံ

ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် အထွေထွေ နိုင်ငံတကာ အဖွဲ့အစည်းကြီးတစ်ရပ် ဖွဲ့စည်းတည်ထောင်ရေး အဆုံးအဖြတ်ပြုသည့် လုပ်ငန်းအဆင်များကို ၁၉၄၄ခုနှစ် ဩဂုတ်လမှ အောက်တိုဘာလအထိ ဝါရှင်တန်ဒီစီမြို့ ဒမ်ဘာတန်အုတ်တွင် ဆောင်ရွက်နိုင်ခဲ့ပါသည်။ တရုတ်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ပြည်ထောင်စုတို့မှ ကိုယ်စားလှယ်များ တွေ့ဆုံစည်းဝေးကြပြီး နိုင်ငံတကာအဖွဲ့အစည်းကြီး၏ ရည်ရွယ်ချက်နှင့် ထားရှိမည့် မူများကို အဆိုပြုခဲ့ကြပါသည်။ "ကုလသမဂ္ဂ" ကို ဖွဲ့စည်းတည်ထောင်ရာတွင် အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ နိုင်ငံတကာတရားရုံးနှင့် ရုံးအဖွဲ့ (အတွင်းဝန်များအဖွဲ့) ဟူသော အဓိကအပိုင်းများ၊ စီးပွားရေးနှင့် လူမှုရေး

ကောင်စီတို့ ပါဝင်စေရန် မျှော်မှန်းခဲ့ပါသည်။ အထွေထွေညီလာခံသည် နိုင်ငံတကာ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးပူးပေါင်းဆောင်ရွက်မှုကို လေ့လာပြီး အားပေးမြှင့်တင်နိုင်ရန် အကြံပြုချက်များ၊ အထွေထွေ သာယာဝပြောမှုကို ထိပါးနိုင်ခြေရှိသည့် အခြေအနေများကို လိုက်လျောညီထွေ ပြုပြင်နိုင်ရန် အကြံပြုချက်များ ပေးအပ်ပါမည်။ လုံခြုံရေးကောင်စီမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ လက်နက်ကိုင်တပ်များ စေလွှတ်ပေးရန် မေတ္တာရပ်ခံတောင်းခံနိုင်ပြီး ကျူးကျော်မှုကို တားဆီးခြင်းနှင့် ကျူးကျော်မှုဖြစ်ပွားလာပါက နှိမ်နင်းခြင်းအပါအဝင် နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရန် အဓိကတာဝန်ယူပါမည်။ ကမ္ဘာစစ်ကြီးပြီးဆုံးရန် မျှော်မှန်းလာနိုင်သည့်အချိန် ၁၉၄၅ ခုနှစ် ဖေဖော်ဝါရီလတွင် ချာချီ၊ ရုစဘဲ့နှင့် စတာလင်တို့သည် ကရိုင်းမီးယားဒေသ ယော်လ်တာတွင် ထပ်မံတွေ့ဆုံအစည်းအဝေး ပြုလုပ်ကြပြီး လုံခြုံရေးကောင်စီတွင် မဲပေးသည့် လုပ်ထုံးလုပ်နည်းကို သဘောတူညီခြင်း၊ အစောင့်ရှောက်ခံနယ်မြေဒေသများစနစ် တည်ထောင်ရန် အဆိုပြုခြင်း၊ အဆိုပြုထားသော ကမ္ဘာ့အဖွဲ့အစည်းကြီးအတွက် ပဋိညာဉ်မူကြမ်းရေးဆွဲရေး ကုလသမဂ္ဂညီလာခံကို ဆန်ဖရန်စစ္စကိုမြို့တွင် ၁၉၄၅ခုနှစ် ဧပြီလ ၂၅ ရက်နေ့၌ ခေါ်ယူကျင်းပရန် သတ်မှတ်ခြင်းတို့ကို လုပ်ဆောင်ခဲ့ကြပါသည်။

## ဆန်ဖရန်စစ္စကိုညီလာခံ

ဆနဖရန်စစ္စကိုညီလာခံကျင်းပမည့်လ အစောပိုင်းတွင် ဥပဒေကျွမ်းကျင်ပညာရှင်များ ကော်မတီတစ်ရပ်သည် ဝါရှင်တန်ဒီစီမြို့၌ တွေ့ဆုံအစည်းအဝေး ပြုလုပ်ကြပြီး နိုင်ငံတကာတရားရုံးအတွက် စတက်ကျဥပဒေမူကြမ်းကို ပြုစုခဲ့ကြပါသည်။

ထိုမှ ဆက်လက်၍ ကမ္ဘာ့ကုန်းမြေတိုက်ကြီးအားလုံးမှ နိုင်ငံပေါင်း ၅၀ကျော်က စေလွှတ်သည့် ကိုယ်စားလှယ်အဖွဲ့များ ကမ္ဘာ့လူဦးရေ ၈၀%ကျော်၏ ယဉ်ကျေးမှု မတူကွဲပြားမှုကို ကိုယ်စားပြုလျက် တက်ရောက်ကြသည့် ညီလာခံကြီးတစ်ရပ်ကို ဆန်ဖရန်စစ္စကိုမြို့တွင် ကျင်းပပြုလုပ်ပြီး ညီလာခံတွင် ဆွေးနွေးမည့်အစီအစဉ်အဖြစ် ဒမ်ဘာတန်အုတ်အဆိုပြုချက်များကို သတ်မှတ်လျက် ဆွေးနွေးခဲ့ပါသည်။ ညီလာခံတွင် ကုလသမဂ္ဂအဖွဲ့သို့ ဝင်ရောက်ခြင်း၊ ကုလသမဂ္ဂ ဖွဲ့စည်းပုံနှင့် လုံခြုံရေးကောင်စီတွင် မဲပေးခြင်းအပါအဝင် ကုလသမဂ္ဂ၏ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာ စီးပွားရေးနှင့် လူမှုရေး ပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ အစောင့်အရှောက်ခံ နယ်မြေဒေသသတ်မှတ်ခြင်း၊ နိုင်ငံတကာတရားရုံး၏ စီရင်ပိုင်ခွင့်နယ်ပယ် သတ်မှတ်ခြင်းနှင့် အခြား အထူးအရေးပါသော ကိစ္စရပ်များဆိုင်ရာ မေးခွန်းများကို ဖြေရှင်းခဲ့ကြပါသည်။ နောက် နှစ်လအကြာ ၁၉၄၅ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ပဋိညာဉ်ကို လက်မှတ်ရေးထိုးနိုင်ရန် စတင်ဖွင့်လှစ်ခဲ့ပါသည်။ ထို့နောက် တရုတ်၊ ပြင်သစ်၊ ယူကေ၊ အမေရိကန်ပြည်ထောင်စုနှင့် ဆိုဗီယက်ယူနီယံတို့နှင့်တကွ အခြားနိုင်ငံအများစုက လက်မှတ်ရေးထိုး အတည်ပြုကြပြီး လက်မှတ်ရေးထိုးအတည်ပြုပြီးကြောင်း အကြောင်းကြားစာများက အပ်နှံကြရာ ၁၉၄၅ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့တွင် ကုလသမဂ္ဂပဋိညာဉ်စာချုပ် စတင်အသက်ဝင်ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး မီးရှူးသန့်စင်ဖွားမြင်ခဲ့ပြီး ပဋိညာဉ်ကို လမ်းညွှန်အဖြစ်ခံယူလျက် နောင်လာနောက်သား မျိုးဆက်အသီးသီး စစ်ဘေးမသင့်စေရန် ကယ်ဆယ်ရေး၊ လူသားအားလုံးအတွက် လူ့အခွင့်အရေးများ၊ လူမှုတိုးတက်မှုနှင့် ဘဝနေထိုင်မှုစံနှုန်းများ ပိုမိုကောင်းမွန်စေရေးဟူသော စိန်ခေါ်မှု အခက်အခဲ၊ ကြီးမားသော ရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရန် စတင်လုပ်ငန်း

ဆောင်ရွက်ပါသည်။

*ရည်ညွှန်းစာအုပ်စာတမ်းများ*
*ကုလသမဂ္ဂပဋိညာဉ်စာချုပ်ဖြစ်ပေါ်လာပုံအဆင့်ဆင့်၊ ကုလသမဂ္ဂဖြစ်စဉ် စာစောင် အတွဲ ၂၂ အမှတ် ၄၊ ၁၉၈၅ခုနှစ်၊ စာမျက်နှာ ၄ မှ ၁၁*
*ကုလသမဂ္ဂ အခန်း ၁ - မူလအစနှင့် အဆင့်ဆင့်ပြောင်းလဲတိုးတက်လာပုံ၊ ကုလသမဂ္ဂနှစ်ချုပ် ၁၉၄၆-၄၇ ခုနှစ် (အတွဲ ၁)*

ဓာတ်ပုံ (မျက်နှာချင်းဆိုင်စာမျက်နှာ) - ကုလသမဂ္ဂပဋိညာဉ်၏ ပဏာမ မူရင်းစာမူ၊ ကုလသမဂ္ဂ ဓာတ်ပုံ။

# မာတိကာ

## ကုလသမဂ္ဂပဋိညာဉ်စာချုပ်


၁။ ရည်ရွယ်ချက်များနှင့် အခြေခံမူများ..................

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေး.................

၃။ လုပ်ငန်းအဖွဲ့များ ................................

၄။ အထွေထွေညီလာခံ ................................

၅။ လုံခြုံရေးကောင်စီ ................................

၆။ အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ ဖျန်ဖြေခြင်း ..........

၇။ ငြိမ်းချမ်းရေးကို ခြိမ်းခြောက်သည့် အန္တရာယ်များ၊
ငြိမ်းချမ်းရေးပျက်ပြားမှုများ၊ ကျူးကျော်စော်ကားမှုများ
နှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ချက် ............

၈။ ဒေသဆိုင်ရာအစီအစဉ်များ ........................

၉။ အပြည်ပြည်ဆိုင်ရာစီးပွားရေးနှင့်
လူမှုရေးပူးပေါင်းဆောင်ရွက်မှု ........................

၁၀။ စီးပွားရေးနှင့်လူမှုရေးကောင်စီ ........................

၁၁။ ကိုယ်ပိုင်အုပ်ချုပ်ရေးမရသေးသောနယ်ပယ်ဒေသများ
နှင့်စပ်လျဉ်းသည့်ကြေညာချက် ........................

၁၂။ အပြည်ပြည်ဆိုင်ရာထိန်းသိမ်းရေးစနစ် ....................
၁၃။ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီ ....................
၁၄။ အပြည်ပြည်ဆိုင်ရာတရားရုံး ..........................
၁၅။ အတွင်းရေးမှူးချုပ်ရုံး ..............................
၁၆။ အထွေထွေပြဋ္ဌာန်းချက်များ ..........................
၁၇။ အကူးအပြောင်းကာလအတွက် လုံခြုံရေးအစီအစဉ်များ ......
၁၈။ ပြင်ဆင်ချက်များ ..................................
၁၉။ လက်ခံအတည်ပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း ............

## အပြည်ပြည်ဆိုင်ရာတရားရုံး၏ဥပဒေ

၁။ တရားရုံးဖွဲ့စည်းပုံ ..................................
၂။ တရားရုံး၏စီရင်ပိုင်ခွင့် ..............................
၃။ ကျင့်ထုံး ........................................
၄။ အကြံပေးထင်မြင်ချက်များ ..........................
၅။ ပြင်ဆင်ချက် ......................................

ပြင်ဆင်ကောက်နုတ်ချက်

# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့
# ၏
# ပဋိညာဉ်စကာဝချုပ်

*ကျွန်ုပ်တို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏*
*ကမ္ဘာသူကမ္ဘာသား အပေါင်းတို့သည်-*

ကျွန်ုပ်တို့လက်ထက်တွင် နှစ်ကြိမ်တိုင်တိုင်ပင် လူသားအပေါင်းတို့အပေါ်၌ စာဖွဲ့၍မပြနိုင်အောင် ဆင်းရဲဒုက္ခကျရောက်စေခဲ့သော စစ်၏ဘေးအန္တရာယ် အသွယ်သွယ်မှ နောင်လာနောက်သားများအား ကယ်တင်ရန်အလို့ငှာလည်း ကောင်း၊

လူတိုင်း အခြေခံလူ့အခွင့်အရေးများ၊ လူ့ဂုဏ်သိက္ခာနှင့် တန်းဖိုးရှိသည်ကိုလည်း ကောင်း၊ ယောကျ်ား-မိန်းမတန်းတူအခွင့်အရေးရှိသည်ကိုလည်းကောင်း၊ နိုင်ငံကြီး နိုင်ငံငယ်မဟူ တန်းတူရည်တူ အခွင့်အရေးရှိသည်ကိုလည်းကောင်း၊ သက်ဝင်ယုံကြည်ကြောင်းကို ထပ်မံ၍ အလေးအနက်ပြုရန်အလို့ငှာလည်းကောင်း၊

နိုင်ငံအချင်းချင်းချုပ်ဆိုထားသော စာချုပ်များနှင့် အပြည်ပြည်ဆိုင်ရာ တရားဥပဒေ၏ အခြားအခြေအမြစ်များမှ ပေါ်ပေါက်လာအပ်သောတာဝန်များနှင့် စပ်လျဉ်း၍ တရားမျှတမှုရှိရေး၊ ထိုတာဝန်များကို ရိုသေလေးစားရေးအတွက် လိုအပ်သောအခြေအနေများ ဖန်တီးပေးရန်အလို့ငှာလည်းကောင်း၊

လူမှုရေးရာတိုးတက်မြင့်မားရေးနှင့် လူနေမှုအဆင့်အတန်းများ ပိုမို လွတ်လပ်ကောင်းမွန်ရေးအတွက် အားပေးချီးမြှင့်ရန် သန္နိဋ္ဌာန်ချကြလျှက်၊

*ဤရည်ရွယ်ချက်များအတိုင်း . . . . .*

သည်းခံတရားကိုကျင့်သုံးကာ တစ်ဦးနှင့်တစ်ဦး အိမ်နီးချင်းကောင်းများကဲ့သို့ ငြိမ်းချမ်းစွာ အတူတကွ နေထိုင်၍ လည်းကောင်း၊

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးတို့ကို တည်မြဲအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အတွက် ကျွန်ုပ်တို့၏စွမ်းပကားများကို စုရုံးပေါင်းစည်း၍လည်းကောင်း၊

ချမှတ်ထားအပ်သောမူများကိုလက်ခံကာ စည်းကမ်းနည်းလမ်းများကို ပြဋ္ဌာန်းတီထွင်ထားရှိခြင်းအားဖြင့် လက်နက်အင်အားကို အများ၏အကျိုးကျေးဇူးအတွက မှတပါး အသုံးပြုရခြင်းမရှိစေရန် ယုံကြည်စိတ်ချရအောင် စီမံ၍လည်းကောင်း၊

လူခပ်သိမ်းတို့၏ စီးပွားရေးနှင့်လူမှုရေး တိုးတက်ကောင်းမွန်အောင် အားပေးရေးအတွက် စီမံဖွဲ့စည်းထားသော အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများကို အသုံးပြု၍လည်းကောင်း၊

*ထိုရည်ရွယ်ချက်များ အထမြောက်အောင် ကျွန်ုပ်တို့ ပူးပေါင်း ဆောင်ရွက် အားထုတ်ကြိုးပမ်းရန် ဆုံးဖြတ်ကြသည်။*

ယင်းသို့ဆုံးဖြတ်ချက်နှင့်အညီကျွန်ုပ်တို့၏အစိုးရအသီးသီးသည် ဆန်ဖရန်စစ္စကိုမြို့တွင် ကျင်းပသော အစည်းအဝေးသို့ တက်ရောက်ကြသော မိမိတို့နည်းလမ်းတကျ ခိုင်လုံစွာ အာဏာကုန်လွှဲအပ်ထားသည့် ကိုယ်စားလှယ်များမှတဆင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ယခုလက်ရှိပဋိညာဉ်စာချုပ်ကို သဘောတူညီပြီးဖြစ်ကြသည့်အတိုင်း ဤစာချုပ်အရ ဖွဲ့စည်းတည်ထောင်ကြသည်။

# အခန်း(၁)
# ရည်ရွယ်ချက်များနှင့် အခြေခံမူများ

*အပိုဒ် ၁။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးကို တည်တံ့အောင်ထိန်းသိမ်းရန်။ ထိုသို့ထိန်းသိမ်းရေးကိုရှေ့ရှု၍ ငြိမ်းချမ်းရေး၏အန္တရာယ်များကို တားဆီးဖယ်ရှားရန်အလို့ငှာလည်းကောင်း၊ ကျူးကျော်ရန်စမှုများ သို့မဟုတ် ငြိမ်းချမ်းရေး ပျက်ပြားစေသည့် အခြားအပြုအမူများကို နှိပ်ကွပ်ရန်အလို့ငှာလည်းကောင်း၊ ထိရောက်စွာ ပူးပေါင်းအရေးယူရန်၊ ထို့အပြင် ငြိမ်းချမ်းရေးပျက်ပြားစေတတ်သည့် ပြည်ထောင်အချင်းချင်း အငြင်းပွားမှုများ၊ သို့မဟုတ် အရေးကိစ္စများကို တရားမျှတမှုအခြေခံမူများ၊ အပြည်ပြည်ဆိုင်ရာတရားဥပဒေများနှင့်အညီ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ပြေလည်ကျေအေးအောင် ဆောင်ရွက်ရန်။

၂။ လူတို့၌ တန်းတူရည်တူအခွင့်အရေးများနှင့် ကိုယ်ပိုင်ဆုံးဖြတ်နိုင်သည့်အခွင့်အရေးများ ရှိသည်ဟူသော မူကို လေးစားမှုအပေါ် အခြေပြု၍ နိုင်ငံအချင်းချင်း ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်နှင့် ကမ္ဘာ့ငြိမ်းချမ်းရေး တိုးတက်ခိုင်မြဲစေရေးအတွက် အခြားသင့်လျော်သော အရေးကိစ္စများကို ဆောင်ရွက်ရန်။

၃။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးပြဿနာများ၊ ယဉ်ကျေးမှုပြဿနာ၊ သို့မ

ဟုတ် လူ့အကျိုးဆောင်ရွက်မှုနှင့်သက်ဆိုင်သောပြဿနာများကို ဖြေရှင်းရာတွင်လည်းကောင်း၊ လူမျိုးမရွေး၊ ကိုးကွယ်ရာဘာသာမရွေး၊ ပြောဆိုရာဘာသာမရွေး၊ ယောကျ်ား-မိန်းမ မရွေး၊ လူခပ်သိမ်းတို့၏ လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များအား လေးစားမှုကို အားပေး ချီးမြှင့်ရာတင်လည်းကောင်း၊ ပြည်ထောင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုကို ရရှိစေရန်၊ ထို့အပြင်-

၄။ အထက်ပါရည်ရွယ်ချက်များ ထမြောက်အောင်မြင်ရေးအတွက် နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အဆင်ပြေညီညွတ်အောင် ညှိနှိုင်းပေးရာဗဟိုဌာနကြီးအဖြစ် တည်ရှိရန်။

*အပိုဒ် ၂။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် အဖွဲ့ဝင်နိုင်ငံတို့သည် အပိုဒ်-၁တွင် ဖော်ပြထားသည့် ရည်ရွယ်ချက်များအတိုင်း ဆောင်ရွက်ရာတွင် အောက်ပါမူများနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၁။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးမှာ အချုပ်အခြာအာဏာအရာ၌ တူညီကြသည်ဟူသော မူပေါ်တွင် အခြေခံ၍ ကုလသမဂ္ဂအဖွဲ့ကိုဖွဲ့စည်းသည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအဖြစ်ဖြင့် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများနှင့် အကျိုးကျေးဇူးများကို မလွဲမသွေ ခံစားရရှိနိုင်ကြစေရန်အတွက် ယခုလက်ရှိ ပဋိညာဉ်စာချုပ်နှင့်အညီ မိမိတို့ခံယူသော တာဝန်ဝတ္တရားများကို စိတ်စေတနာကောင်းဖြင့် ဆောင်ရွက်ရမည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် မိမိတို့ပြည်ထောင်အချင်း

ချင်း အငြင်းပွားမှုများကို စေ့စပ်ဖြေရှင်းရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ကိုလည်းကောင်း၊ တရားမျှတရေးကိုလည်းကောင်း၊ အန္တရာယ် မဖြစ်စေဘဲ ငြိမ်းချမ်းသောနည်းလမ်းများဖြင့်သာ စေ့စပ်ဖြေရှင်းကြရမည်။

၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် မိမိတို့ပြည်ထောင်အချင်း ချင်း ဆက်ဆံရေးတွင် တစ်နိုင်ငံ၏နယ်ပယ်အဝှမ်းကို သို့မဟုတ် နိုင်ငံရေး လွတ်လပ်မှုကို ထိပါးအောင်သော်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်များနှင့် အခြားတစ်နည်းနည်း ဆန့်ကျင်အောင်သော်လည်း ကောင်း၊ လက်နက်အင်အားဖြင့် ခြိမ်းခြောက်ခြင်းမှ သို့မဟုတ် လက်နက် အင်အားကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ရမည်။

၅။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် ယခုလက်ရှိ ပဋိညာဉ်စာချုပ် အရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က အရေးယူဆောင်ရွက်သည့်ကိစ္စဟူသမျှတွင် အဖက်ဖက်က ကူညီအားပေးရမည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က တား မြစ်သည့်သဘောဖြင့် သို့မဟုတ် လိုက်နာစေရန်သဘောဖြင့် အရေးယူ ထားသော နိုင်ငံများအား အကူအညီပေးခြင်းမှလည်း ရှောင်ကြဉ်ရမည်။

၆။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ကို ထိန်း သိမ်းရန် လိုအပ်သည်နှင့်အမျှ အဖွဲ့ဝင်မဟုတ်သောနိုင်ငံများအား ဤမူ များနှင့်အညီ မုချမသွေ လိုက်နာဆောင်ရွက်အောင် ပြုလုပ်ရမည်။

၇။ ယခုလက်ရှိပဋိညာဉ်စာချုပ်တွင်ပါရှိသည့် အချက်များကြောင့် ကမ္ဘာ့ကုလ သမဂ္ဂအဖွဲ့မှာ နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းစီရင်ပိုင်ခွင့်အာဏာအတွင်း၌ သာ သက်ရောက်သောကိစ္စများတွင် ဝင်ရောက်စွက်ဖက်ရန် အခွင့်အာ ဏာ မရှိစေရ၊ သို့မဟုတ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှာ အဆိုပါ ကိစ္စများကို ယခုလက်ရှိ စာချုပ်အရ ဆုံးဖြတ်ရန်တင်သွင်းရမည့်တာဝန်

မရှိစေရ။ သို့ရာတွင် ဤမူမှာ အခန်း-၇တွင် အတင်းအကြပ် လိုက်နာစေရမည့် သဘောဖြင့် အရေးယူချက်များအတိုင်း ဆောင်ရွက်မှုကို ထိခိုက်ခြင်း မရှိစေရ။

# အခန်း (၂)
# ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဖြစ်ရေး

*အပိုဒ် ၃။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ မူလအဖွဲ့ဝင်နိုင်ငံများမှာ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း တည်ထောင်ရေးအတွက် ဆန်ဖရန်စစ္စကိုမြို့တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ညီလာခံတွင် ပါဝင်ခဲ့ပြီး၊ သို့မဟုတ် ၁၉၄၂ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့က ထုတ်ပြန်ခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြေညာစာတမ်းကို ယခင်ကလက်မှတ်ရေးထိုးခဲ့ပြီး ယခုလက်ရှိပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုး၍ အပိုဒ်-၁၁၀နှင့်အညီ အတည်ပြုသောနိုင်ငံများသာ ဖြစ်ရမည်။

*အပိုဒ် ၄။*

၁။ ငြိမ်းချမ်းရေးကိုမြတ်နိုးသော အခြားနိုင်ငံအားလုံးသည် လက်ရှိပဋိညာဉ်စာချုပ်ပါ တာဝန်ဝတ္တရားများကိုလက်ခံ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ယူဆချက်အရ ဤတာဝန်ဝတ္တရားများကို ထမ်းဆောင်နိုင်စွမ်းလည်းရှိပြီး ထမ်းဆောင်လိုသောဆန္ဒလည်းရှိလျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံ

အဖြစ် ပါဝင်နိုင်သည်။

၂။ အဆိုပါနိုင်ငံတစ်ခုခုအား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံအဖြစ် လက်ခံရန် အထွေထွေညီလာခံက လုံခြုံရေးကောင်စီ၏ ထောက်ခံချက်အရ ဆုံးဖြတ်ရမည်။

*အပိုဒ် ၅။*

လုံခြုံရေးကောင်စီက တားမြစ်သည့်သဘောဖြင့်ဖြစ်စေ၊ အတင်းအကြပ် လိုက်နာစေသည့်သဘောဖြင့်ဖြစ်စေ၊ အရေးယူထားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအား လုံခြုံရေးကောင်စီ၏ ထောက်ခံချက်အရ အထွေထွေညီလာခံက အဖွဲ့ဝင်နိုင်ငံအဖြစ်ဖြင့် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများ ခံစားခွင့်ကို လုံခြုံရေးကောင်စီက ပြန်လည်ပေးအပ်နိုင်သည်။

*အပိုဒ် ၆။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် ယခုလက်ရှိပဋိညာဉ်စာချုပ်တွင် ပါရှိသော မူများကို ထပ်တလဲလဲဖောက်ဖျက်ကျူးလွန်လျှင် ထိုနိုင်ငံကို အထွေထွေညီလာခံက လုံခြုံရေးကောင်စီ၏ ထောက်ခံချက်အရ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ထုတ်ပယ်နိုင်သည်။

# အခန်း (၃)
# လုပ်ငန်းအဖွဲ့များ

*အပိုဒ် ၇။*

၁။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အဓိကလုပ်ငန်းများအဖြစ် အထွေထွေညီလာခံ၊ လုံခြုံရေးကောင်စီ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီ၊ နိုင်ငံငယ်များ ထိန်းသိမ်းရေးကောင်စီ၊ အပြည်ပြည်ဆိုင်ရာတရားရုံးနှင့် အတွင်းရေးမှူးချုပ်ရုံးတို့ကို ဖွဲ့စည်းတည်ထောင်ထားသည်။

၂။ ထပ်ဖြည့်ဖွဲ့စည်းတည်ထောင်ရန် လိုအပ်ကြောင်း တွေ့ရှိရသော လက်အောက်ခံ လုပ်ငန်းအဖွဲ့များကို ယခုလက်ရှိပဋိညာဉ်စာချုပ်နှင့်အညီ ဖွဲ့စည်းတည်ထောင်နိုင်သည်။

*အပိုဒ် ၈။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် ယင်း၏အဓိကလုပ်ငန်းအဖွဲ့များနှင့် လက်အောက်ခံ လုပ်ငန်းအဖွဲ့များတွင် မည်သည့်အလုပ်၌မဆို တန်းတူစည်းကမ်းချက်အရ ယောကျ်ား မိန်းမ ဝင်ရောက်ဆောင်ရွက်နိုင်ခွင့်ကို ချုပ်ချယ်ခြင်း မပြုရ။

## အခန်း (၄)
## အထွေထွေညီလာခံ

ဖွဲ့စည်းပုံ

*အပိုဒ် ၉။*

၁။ အထွေထွေညီလာခံတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံး ပါဝင်ရမည်။

၂။ အဖွဲ့ဝင်နိုင်ငံအသီးသီးမှာ အထွေထွေညီလာခံတွင် ကိုယ်စားလှယ် ငါးဦးထက် ပို၍ မရှိရ။

အလုပ်ဝတ္တရားများနှင့် အာဏာများ။

*အပိုဒ် ၁၀။*

အထွေထွေညီလာခံသည် ယခုလက်ရှိပဋိညာဉ်စာချုပ်တွင် အကြုံးဝင်သော သို့မဟုတ် ယခုလက်ရှိပဋိညာဉ်စာချုပ်တွင် ပြဋ္ဌာန်းထားသည့် လုပ်ငန်းအဖွဲ့တစ်ခု၏ အာဏာ၊ အလုပ်ဝတ္တရားများနှင့်သက်ဆိုင်သော မည်သည့်ပြဿနာ သို့မဟုတ် ကိစ္စကိုမဆို စဉ်းစားဆွေးနွေးနိုင်သည့်အပြင်၊ အပိုဒ်-၁၂ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်ဘဲ အဆိုပါပြဿနာ သို့မဟုတ် ကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသို့ဖြစ်စေ၊ လုံခြုံရေးကောင်စီသို့ဖြစ်စေ၊ အဆိုပါ နှစ်ဌာနလုံးသို့ဖြစ်စေ ထောက်ခံချက်များ တင်ပြနိုင်သည်။

*အပိုဒ် ၁၁။*

၁။ အထွေထွေညီလာခံသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေးထိန်းသိမ်းစောင့်

ရှောက်မှုအတွက် လက်နက်ဖျက်သိမ်းရေးနှင့် လက်နက်တပ်ဆင်မှု စည်းမျဉ်းသတ်မှတ်ရေးဆိုင်ရာမူများအပါအဝင် အရပ်ရပ်ပူးပေါင်းဆောင်ရွက်ရေးမူများကို စဉ်းစားဆွေးနွေးနိုင်သည့်အပြင် အဆိုပါ မူများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ဖြစ်စေ၊ လုံခြုံရေးကောင်စီသို့ ဖြစ်စေ၊ အဆိုပါနှစ်ဌာနလုံးသို့ဖြစ်စေ၊ ထောက်ခံချက်များ တင်ပြနိုင်သည်။

၂။ အထွေထွေညီလာခံသည် ကမ္ဘာ့ငြိမ်းရေးနှင့်လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံဖြစ်စေ၊ လုံခြုံရေးကောင်စကဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သောနိုင်ငံ တစ်နိုင်ငံက အပိုဒ်-၃၅၊ စာပိုဒ်-၂နှင့်အညီဖြစ်စေ မိမိထံသို့ တင်ပြအပ်သော မည်သည့်ကိစ္စကိုမဆို ဆွေးနွေးနိုင်သည့်အပြင် အပိုဒ်-၁၂ပါ ပြဋ္ဌာန်း ချက်များနှင့် မဆန့်ကျင်စေဘဲ အဆိုပါကိစ္စတစ်ခုခုနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာနိုင်ငံ သို့မဟုတ် နိုင်ငံများသို့ဖြစ်စေ၊ လုံခြုံရေးကောင်စီသို့ဖြစ်စေ၊ အဆိုပါနှစ်ဌာနလုံးသို့ဖြစ်စေ ထောက်ခံချက်များ တင်ပြနိုင်သည်။ အဆိုပါကိစ္စကို အရေးယူဆောင်ရွက်ရန် လိုအပ်လျှင် ထွေထွေညီလာခံက ယင်းကိစ္စကို မဆွေးနွေးမီဖြစ်စေ၊ ဆွေးနွေးပြီးနောက်ဖြစ်စေ လုံခြုံရေးကောင်စီသ လွှဲအပ်ရမည်။

၃။ အထွေထွေညီလာခံသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိပါးဖွယ်ရာရှိသော အရေးကိစ္စနှင့်စပ်လျဉ်း၍ အရေးယူရန် လုံခြုံရေးကောင်စီအား သတိပေး နှိုးဆော်နိုင်သည်။

၄။ ဤအပိုဒ်တွင် ဖော်ပြထားသော အထွေထွေညီလာခံ၏ အာဏာများသည် အပိုဒ်-၁၀တွင် ယေဘုယျအားဖြင့် အကျုံးဝင်သော အာဏာများကို ကန့်သတ်ခြင်း မရှိစေရ။

*အပိုဒ် ၁၂။*

၁။ လုံခြုံရေးကောင်စီက အငြင်းပွားမှု သို့မဟုတ် အရေးကိစ္စတစ်ရပ်နှင့် စပ်လျဉ်း၍ ယင်းအား ယခုလက်ရှိပဋိညာဉ်စာချုပ်အရ လွှဲအပ်ထားသော အလုပ်ဝတ္တရားများကို ဆောင်ရွက်နေစဉ်အတွင်း အထွေထွေညီလာခံသည် ထိုအငြင်းပွားမှု သို့မဟုတ် အရေးကိစ္စနှင့်စပ်လျဉ်း၍ မည်သည့်ထောက်ခံချက်ကိုမျှ လုံခြုံရေးကောင်စီက မတောင်းဆိုဘဲ မပေးရ။

၂။ အတွင်းရေးမှူးချုပ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်လျက်ရှိသော ကိစ္စများကို လုံခြုံရေးကောင်စီ၏ခွင့်ပြုချက်ဖြင့် အထွေထွေညီလာခံအား အစည်းအဝေးကျင်းပသည့်အခါတိုင်း အကြောင်းကြားရမည်။ ထိုနည်းတူ အဆိုပါကိစ္စများကို လုံခြုံရေးကောင်စီက အရေးမယူတော့သည်နှင့်တပြိုင်နက် အထွေထွေညီလာခံအား သို့မဟုတ် အထွေထွေညီလာခံ အစည်းအဝေးမရှိလျှင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား အကြောင်းကြားရမည်။

*အပိုဒ် ၁၃။*

၁။ အထွေထွေညီလာခံသည် အောက်ပါကိစ္စများအတွက် စူးစမ်းလေ့လာမှုများကို စတင်ပြုလုပ်၍ ထောက်ခံချက်များ ပေးရမည်။

(က) နိုင်ငံရေးဖက်တွင် ပြည်ထောင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှုရရှိရေးကိစ္စ၊ ထို့ပြင် အပြည်ပြည်ဆိုင်ရာ တရားဥပဒေအဆင့်ဆင့်တိုးတက်ရေးနှင့် ယင်းတရားဥပဒေ စုပေါင်းပြဋ္ဌာန်းရေးကို အားပေးရန်ကိစ္စ။

(ခ) စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေးနှင့် ကျန်းမာရေး လုပ်ငန်းများတွင် ပြည်ထောင်အချင်းချင်း ပူးပေါင်းဆောင်ရွက်မှု ရရှိရေးကိစ္စ၊ ထို့ပြင် လူ့အခွင့်ရေးနှင အခြေခံလွတ်လပ်ခွင့်များကို လူမျိုးမရွေး၊ ကိုးကွယ်ရာဘာသာမရွေး၊ ပြောဆိုရာဘာသာမရွေး၊ ယောကျ်ား မိန်းမ မရွေး၊ လူတိုင်းခံစားနိုင်အောင် အကူအညီပေးရန်ကိစ္စ။

၂။ အထက်ပါ စာပိုဒ်-၁(ခ)တွင် ဖော်ပြထားသောကိစ္စနှင့်စပ်လျဉ်းသည့် အထွေထွေညီလာခံ၏ နောက်ထပ်တာဝန်ဝတ္တရားများ၊ အလုပ်ဝတ္တရားများနှင့် အာဏာများကို အခန်း-၉နှင့် ၁၀တွင် ဖော်ပြထားသည်။

*အပိုဒ် ၁၄။*

အပိုဒ်-၁၂ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အထွေထွေညီလာခံသည် နိုင်ငံများ၏ အရပ်ရပ်အကျိုးစီးပွားကို သို့မဟုတ် ချစ်ကြည်စွာ ပေါင်းသင်းဆက်ဆံရေးကို ထိခိုက်စေတန်ရာသည့် အရေးကိစ္စက ငြိမ်းချမ်းစွာ စေ့စပ်ပြေငြိမ်းရန် မည်သို့အရေးယူဆောင်ရွက်သင့်သည်ဟု ထောက်ခံချက်ပေးနိုင်သည်။ အဆိုပါအရေးကိစ္စတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်များနှင့် မူများ ဖော်ပြပါရှိသော ယခုလက်ရှိပဋိညာဉ်စာချုပ်ပါ ပြဋ္ဌာန်းချက်များကို ဆန့်ကျင်ကျူးလွန်သောကြောင့် ဖြစ်ပွားသည့် အရေးကိစ္စများလည်း ပါဝင်သည်။

*အပိုဒ် ၁၅။*

၁။ အထွေထွေညီလာခံသည် လုံခြုံရေးကောင်စီက တင်သွင်းသော နှစ်ပတ်လည် အစီရင်ခံစာများနှင့် အထူးအစီရင်ခံစာများကို လက်ခံ၍ စဉ်းစား

ဆွေးနွေးမည်။ ဤအစီရင်ခံစာများတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုအတွက် လုံခြုံရေးကောင်စီက ဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့သော သို့မဟုတ် ဆောင်ရွက်ခဲ့သော ကိစ္စများအကြောင်း ရှင်းလင်းဖော်ပြချက်တစ်ရပ် ပါရှိရမည်။

၂။ အထွေထွေညီလာခံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အခြားလုပ်ငန်းများက တင်သွင်းသော အစီရင်ခံစာများကို လက်ခံ၍ စဉ်းစားဆွေးနွေးရမည်။

*အပိုဒ် ၁၆။*

အထွေထွေညီလာခံသည် အပြည်ပြည်ဆိုင်ရာ နိုင်ငံငယ်များ ထိန်းသိမ်းရေးစနစ်နှင့်စပ်လျဉ်း၍ အခန်း-၁၂နှင့် ၁၃အရ မိမိအားလွှဲအပ်ထားသော အလုပ်ဝတ္တရားများကို ဆောင်ရွက်ရမည်။ ထိုဆောင်ရွက်ရသည့် အလုပ်ဝတ္တရားများတွင် စစ်ရေးစစ်ရာအချက်အချာဟူ၍ သတ်မှတ်ထားခြင်းမရှိသော နယ်မြေနှင့်သက်ဆိုင်သည့် နိုင်ငံငယ်ထိန်းသိမ်းရေးသဘောတူစာချုပ်များ အတည်ပြုခြင်းလည်း ပါဝင်သည်။

*အပိုဒ် ၁၇။*

၁။ အထွေထွေညီလာခံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရ-သုံးမှန်းခြေ ငွေစာရင်းကို စဉ်းစားဆွေးနွေး၍ အတည်ပြုရမည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ကုန်ကျစရိတ်များကို အထွေထွေညီလာခံက ခွဲဝေ သတ်မှတ်ထားသည့် အဖွဲ့ဝင်နိုင်ငံများက ထည့်ဝင်ကျခံရမည်။

၃။ အထွေထွေညီလာခံသည် အပိုဒ်-၅၇တွင် ရည်ညွှန်းထားသော အထူးအဖွဲ့များနှင့် ပြုလုပ်သည့် ဘဏ္ဍာရေးအစီအစဉ်၊ ရ-သုံးခန့်မှန်းခြေငွေစာရင်း

အစီအစဉ်အားလုံးကို ဆွေးနွေး၍ အတည်ပြုရမည့်ပြင် အဆိုပါအထူး အဖွဲ့များ၏ အုပ်ချုပ်ရေးဆိုင်ရာ ရ-သုံးခန့်မှန်းခြေငွေစာရင်းများကိုလည်း သက်ဆိုင်ရာ အဖွဲ့အစည်းများသို့ ထောက်ခံချက်ပေးရန် ရည်ရွယ်ချက် ဖြင့် စစ်ဆေးရမည်။

မဲပေးခြင်း

*အပိုဒ် ၁၈။*

၁။ အထွေထွေညီလာခံတွင်ပါဝင်သည့် အဖွဲ့ဝင်နိုင်ငံအသီးသီး၌ မဲတစ်မဲစီ ပေးပိုင်ခွင့် ရှိသည်။

၂။ အထွေထွေညီလာခံသည် အရေးကြီးသောကိစ္စများကို ဆုံးဖြတ်သည့်အခါ အစည်းအဝေးသို့ တက်ရောက်မဲပေးသော အဖွဲ့ဝင်နိုင်ငံများ၏ သုံးပုံနှစ်ပုံ မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ ထိုကိစ္စများတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းစောင့်ရှောက်မှုအတွက် ထောက်ခံချက်ပေးရန်ကိစ္စ၊ လုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံများ ရွေးကောက်တင်မြှောက်ရေးကိစ္စ၊ စီးပွားရေးနှင့်လူမှုရေးကောင်စီ အဖွဲ့ဝင်နိုင်ငံများ ရွေးကောက်တင်မြှောက်ရေးကိစ္စ၊ အပဒ်-၈၆၊ အပိုဒ်-၁(ဂ)နှင့်အညီ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီတွင် ပါဝင်မည့်နိုင်ငံများ ရွေးကောက်တင်မြှောက်ရေးကိစ္စ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သို့ အဖွဲ့ဝင်နိုင်ငံသစ်များ ပါဝင်ခွင့်ပြုရေးကိစ္စ၊ အဖွဲ့ဝင်နိုင်ငံများ၏ အခွင့်အရေးများ ရပ်ဆိုင်းထားရေးကိစ္စ၊ အဖွဲ့ဝင်နိုင်ငံများကို ထုတ်ပယ်ရေးကိစ္စ၊ နိုင်ငံငယ်များ ထိန်းသိမ်းရေးစနစ်အရ လုပ်ကိုင်ဆောင်ရွက်မှုနှင့်စပ်လျဉ်းသည့် ကိစ္စများ နှင့် ရ-သုံးခန့်မှန်းခြေငွေစာရင်းကိစ္စများ ပါဝင်သည်။

၃။ အခြားကိစ္စများကို ညီလာခံအစည်းအဝေးသို့ တက်ရောက်မဲပေးခဲ့သော အဖွဲ့ဝင်နိုင်ငံများ၏ မဲအများစုဖြင့် ဆုံးဖြတ်ရမည်။ ထိုကိစ္စများတွင် မဲသုံးပုံနှစ်ပုံ မဲအများစုဖြင့် ဆုံးဖြတ်ရမည့် နောက်ထပ်ကိစ္စအမျိုးအစားများ သတ်မှတ်ရေးလည်း ပါဝင်သည်။

*အပိုဒ် ၁၉။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံသည် အဖွဲ့အား ပေးသွင်းရန် ထောက်ပံ့ငွေ ကျန်ရှိနေ၍ ထိုကျန်ရှိနေသည့်ငွေပေါင်းမှာလည်း ယခင်(၂)နှစ်ပတ်လုံး အတွက် မိမိပေးသွင်းသည့်ထောက်ပံ့ငွေနှင့်ညီမျှလျှင် သို့မဟုတ် ထို့ထက်ပိုလျှင် အထွေထွေညီလာခံတွင် မဲမပေးစေရ။ သို့ရာတွင် ထိုသို့ပေးရန် ပျက်ကွက်ခြင်းမှာ ယင်းအဖွဲ့ဝင်နိုင်ငံက တားဆီးဖြေရှင်းခြင်းငှာမစွမ်းနိုင်သော အခြေအနေအကြောင်းခြင်းရာများကြောင့်ဖြစ်သည်ဟူ၍ အထွေထွေညီလာခံက ယုံကြည်ကျေနပ်လျှင် ထိုအဖွဲ့ဝင်နိုင်ငံကို မဲပေးခွင့်ပြုနိုင်သည်။

လုပ်ငန်းစဉ်

*အပိုဒ် ၂၀။*

အထွေထွေညီလာခံသည် ကျင်းပမြဲ နှစ်ပတ်လည်ညီလာခံများကို ကျင်းပရမည့်အပြင် အထူးညီလာခံများကိုလည်း လိုအပ်သည့်အခါတိုင်း ကျင်းပရမည်။ အထူးညီလာခံများကို လုံခြုံရေးကောင်စီ၏တောင်းဆိုချက်အရဖြစ်စေ၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အများစု၏ တောင်းဆိုချက်အရဖြစ်စေ အတွင်းရေးမှူးက ဖိတ်ခေါ်ရမည်။

*အပိုဒ် ၂၁။*
အထွေထွေညီလာခံသည် မိမိ၏လုပ်ငန်းစဉ်နည်းဥပဒေများကို မိမိကပင် ပြဋ္ဌာန်းရမည်။ အထွေထွေညလာခံသည် ညီလာခံကျင်းပသည့်အခါတိုင်း ဥက္ကဋ္ဌကို ရွေးကောက်တင်မြှောက်ရမည်။

*အပိုဒ် ၂၂။*
အထွေထွေညီလာခံသည် မိမိ၏လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်ဟု မိမိကယူဆသော လက်အောက်ခံလုပ်ငန်းများကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

# အခန်း (၅)
# လုံခြုံရေးကောင်စီ

ဖွဲ့စည်းပုံ
*အပိုဒ် ၂၃။*
၁။ လုံခြုံရေးကောင်စီတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်ဆယ့်ငါးနိုင်ငံ ပါဝင်ရမည်။ တရုတ်သမ္မတနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ၊ ဗြိတိန်နှင့် အိုင်ယာလန်မြောက်ပိုင်း ပြည်ထောင်စုဗြိတိသျှနိုင်ငံနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံတို့သည် လုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများ ဖြစ်ရမည်။ အထွေထွေ

ညီလာခံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်ဖြစ်သော အခြား ၁၀နိုင်ငံကို လုံခြုံရေးကောင်စီတွင် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံများအဖြစ်ဖြင့် ရွေးကောက်တင်မြှောက်မည်။ ဤသို့ ရွေးကောက်တင်မြှောက်ရာတွင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုမှစ၍ ကမ္ဘာ့ ကုလသမဂ္ဂအဖွဲ့၏ အခြားရည်ရွယ်ချက်များအတွက် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများက မည်မျှ ကူညီဆောင်ရွက်ခဲ့သည်ကိုလည်းကောင်း၊ ပထဝီဒေသအလိုက်လည်း မျှတစွာ ရွေးကောက်တင်မြှောက်ခြင်း ဖြစ်စေ ရန်လည်းကောင်း၊ ရှေးဦးစွာ အထူးအထောက်အထားပြု၍ ရွေးကောက် တင်မြှောက်ရမည်။

၂။ လုံခြုံရေးကောင်စီ၏ အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံများကို နှစ်-နှစ် ကာလအတွက် ရွေးကောက်တင်မြှောက်ရမည်။ လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်နိုင်ငံဦးရေကို တစ်ဆယ့်တစ်ဦးမှ တစ်ဆယ့်ငါးဦးသို့ တိုးမြှင့်ပြီး သည့်နောက် အမြဲတမ်းမဟုတ်သောအဖွဲ့ဝင်များကို ပထမအကြိမ် ရွေး ကောက်ရာတွင် နောက်တိုးအဖွဲ့ဝင်နိုင်ငံ လေးနိုင်ငံအနက်မှ နှစ်နိုင်ငံကို တစ်နှစ်တာကာလအတွက် ရွေးချယ်ရမည်။ သက်တမ်းကုန်ဆုံး၍ ထွက် ရသောအဖွဲ့ဝင်နိုင်ငံများမှာ ချက်ချင်းပြန်လည်၍အရွေးခံနိုင်ခွင့် မရှိစေရ။

လုပ်ငန်းများနှင့် အာဏာများ

*အပိုဒ် ၂၄။*

၁။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အရေးယူဆောင်ရွက်ချက်များ အဆောတလျင် ခရီးရောက်စေရန်အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ကမ္ဘာ့ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရန်

အမိကတာဝန်ကို လုံခြုံရေးကောင်စီအား အပ်နှင်းသည့်အပြင် ထိုတာဝန်အရ လုံခြုံရေးကောင်စီက ယင်း၏ဝတ္တရားများကို ဆောင်ရွက်ရာတွင် မိမိတို့ကိုယ်စား ဆောင်ရွက်ရသည်ဟူ၍လည်း သဘောတူကြသည်။

၂။ လုံခြုံရေးကောင်စီသည် အဆိုပါတာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်များနှင့် မူများအတိုင်း ဆောင်ရွက်ရ မည်။ ယင်းတာဝန်ဝတ္တရားများကို ဆောင်ရွက်ရန်အတွက် လုံခြုံရေး ကောင်စီအား အပ်နှင်းထားသည့်သီးခြားအဏာကို အခန်း-၆၊ ၇၊ ၈နှင့် ၁၂တို့တွင် ပြဌာန်းထားသည်။

၃။ လုံခြုံရေးကောင်စီသည် နှစ်ချုပ်အစီရင်ခံစာများကို၊ လိုအပ်ပါက အထူးအစီရင်ခံစာများကို အထွေထွေညီလာခံသို့ စဉ်းစားဆွေးနွေးနိုင်ရန် တင်ပြရမည်။

*အပိုဒ် ၂၅။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် လုံခြုံရေးကောင်စီက ချမှတ်သောဆုံးဖြတ်ချက်များကို လက်ရှိပဋိညာဉ်စာချုပ်နှင့်အညီ လက်ခံ၍ ဆောင်ရွက်ရန်သဘောတူကြသည်။

*အပိုဒ် ၂၆။*

ကမ္ဘာ့လူသားတို့၏စွမ်းပကားနှင့် ကမ္ဘာ့စီးပွားရေးအင်အားကို လက်နက်တပ်ဆင်မှုဖက်သို့ လွဲပြောင်းအသုံးပြုခြင်းမျိုးကို နည်းနိုင်သမျှနည်းစေလျက် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး တည်ဆောက်မှုမှစ၍ ထိန်းသိမ်းစောင့်ရှောက်မှုကို အားပေးချီးမြှင့်ရန်အလို့ငှာ လုံခြုံရေးကောင်စီသည် လက်နက်တပ်ဆင်မှု လျှော့

ပေါ့ရန် စည်းမျဉ်းသတ်မှတ်သည့်စနစ်တစ်ရပ် ပြုလုပ်ချမှတ်နိုင်ရေးအတွက် လိုအပ်သောစီမံကိန်းများကို အပိုဒ်-၄၇တွင် ရည်ညွှန်းထားသည့် စစ်ဦးစီးအဖွဲ့၏ အကူအညီဖြင့် ရေးဆွဲ၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများထံ တင်သွင်းရန်တာဝန် ရှိရမည်။

မဲပေးခြင်း

*အပိုဒ် ၂၇။*

၁။ လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံတိုင်း မဲတစ်မဲစီ ပေးပိုင်ခွင့်ရှိသည်။

၂။ လုံခြုံရေးကောင်စီသည် လုပ်ငန်းစဉ်နှင့်စပ်လျဉ်းသည့် ကိစ္စများကို ကောင်စီအဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံတို့၏ သဘောတူမဲဖြင့် ဆုံးဖြတ်ရမည်။

၃။ လုံခြုံရေးကောင်စီသည် အခြားကိစ္စအားလုံးကို အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများအပါအဝင် အဖွဲ့ဝင်နိုင်ငံ ကိုးနိုင်ငံတို့၏ သဘောတူမဲဖြင့် ဆုံးဖြတ်ရမည်။ သို့ရာတွင် အခန်း-၆နှင့် အပိုဒ်-၅၂၊ စာပိုဒ်-၃အရ ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် အငြင်းပွားမှု၌ပါဝင်သော အဖွဲ့ဝင်နိုင်ငံသည် မဲပေးခြင်း မပြုရ။

လုပ်ငန်းစဉ်

*အပိုဒ် ၂၈။*

၁။ လုံခြုံရေးကောင်စီကို ယင်း၏လုပ်ငန်းများ အဆက်မပြတ် ဆောင်ရွက်နိုင်စေရန် ဖွဲ့စည်းရမည်။ ထိုသို့ဆောင်ရွက်ရန်ကိစ္စအတွက် လုံခြုံရေးကောင်စီ အဖွဲ့ဝင်နိုင်ငံအသီးသီးသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရုံးစိုက်ရာ ဌာနတွင် ကိုယ်စားလှယ်တစ်ဦးစီ အမြဲထားရှိရမည်။

၂။ လုံခြုံရေးကောင်စီသည် အစည်းအဝေးများကို အခါအားလျော်စွာ ကျင်းပရမည်။ ထိုအစည်းအဝေးများတွင် လုံခြုံရေးကောင်စအဖွဲ့ဝင်နိုင်ငံ အသီးသီးသည် အစိုးရအဖွဲ့ဝင်တစ်ဦးကိုဖြစ်စေ၊ အထူးခန့်ထားသည့် အခြားပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ မိမိကိုယ်စားလှယ်အဖြစ် ဆောင်ရွက်စေလိုက ဆောင်ရွက်စေနိုင်သည်။

၃။ လုံခြုံရေးကောင်စီသည် အစည်းအဝေးများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ရုံးစိုက်ရာဌာနတွင်သာမက မိမိ၏လုပ်ငန်းဆောင်ရွက်ရန် အလွယ်ကူဆုံးဖြစ်မည်ဟု ယူဆသော အခြားနေရာဒေသများ၌လည်း ကျင်းပနိုင်သည်။

*အပိုဒ် ၂၉။*

လုံခြုံရေးကောင်စီသည် မိမိ၏ လုပ်ငန်းဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်ဟု ယူဆသော လက်အောက်ခံလုပ်ငန်းများကို ဖွဲ့စည်းတည်ထောင်နိုင်သည်။

*အပိုဒ် ၃၀။*

လုံခြုံရေးကောင်စီသည် မိမိ၏ လုပ်ငန်းစဉ်နည်းဥပဒေများကို မိမိပင် ပြဋ္ဌာန်းရမည်။ ထိုနည်းဥပဒေများတွင် မိမိ၏ဥက္ကဋ္ဌ ရွေးချယ်ရန်နည်းလမ်းများလည်း ပါဝင်သည်။

*အပိုဒ် ၃၁။*

လုံခြုံရေးကောင်စီသို့တင်သွင်းသော အရေးကိစ္စတစ်ရပ်ရပ်မှာ လုံခြုံရေးကောင်စီဝင်မဟုတ်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်ခုခု၏ အကျိုးသက်ဆိုင်ခွင့်များနှင့် အထူးသက်ဆိုင်သည်ဟု လုံခြုံရေးကောင်စီက ထင်မြင်ယူဆ

သည့်အခါတိုင်း၊ အဆိုပါနိုင်ငံသည် ထိုအရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် မဲပေးပိုင်ခွင့် မရှိသော်လည်း ပါဝင်ဆွေးနွေးပိုင်ခွင့်ရှိသည်။

*အပိုဒ် ၃၂။*
လုံခြုံရေးကောင်စီအဖွဲ့ဝင်မဟုတ်သော ကုလသမဂ္ဂအဖွဲ့ဝင် မည်သည့်နိုင်ငံမဆို သို့မဟုတ် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် မဟုတ်သော မည်သည့်နိုင်ငံမဆို လုံခြုံရေးကောင်စီက အရေးယူစဉ်းစားဆွေးနွေးလျက်ရှိသော အငြင်းပွားမှုတစ်ရပ်တွင် ပါဝင်နေလျှင် ထိုအငြင်းပွားမှုနှင့်စပ်လျဉ်း၍ ဆွေးနွေးရာတွင် မဲပေးပိုင်ခွင့် မရှိဘဲ ပါဝင်ရန် ထိုနိုင်ငံကို ဖိတ်ကြားရမည်။ ယင်းသို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သော နိုင်ငံတစ်နိုင်ငံ ပါဝင်ဆွေးနွေးရေးအတွက် လုံခြုံရေးကောင်စီသည် မိမိတရားမျှတသည်ဟု ထင်မြင်ယူဆသော စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

# အခန်း (၆)
# အငြင်းပွားမှုများကိုငြိမ်းချမ်းစွာ ဖျန်ဖြေခြင်း

*အပိုဒ် ၃၃။*
၁။ ပြည်ထောင်အချင်းချင်း အငြင်းပွားမှုတစ်ခုခု ဆက်လက်ဖြစ်ပွားလျက်ရှိသောကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံမှုကို အန္တရာယ်ဖြစ်ဖွယ်ရာအကြောင်းရှိလျှင် ထိုအငြင်းပွားမှုတွင်ပါဝင်သည့်နိုင်ငံများသည် ထို

အငြင်းပွားမှုကို ရှေးဦးစွာ စေ့စပ်ဆွေးနွေးခြင်း၊ စုံစမ်းမေးမြန်းခြင်း၊ ဖျန်ဖြေခြင်း၊ ကျေချမ်းအောင်ပြုခြင်း၊ ခုံတင်ဆုံးဖြတ်ခြင်း၊ တရားရုံးအဆုံးအဖြတ်ကိုခံယူခြင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ တည်ထောင်ဖွဲ့စည်း၍ဖြစ်စေ၊ ဒေသဆိုင်ရာအစီအစဉ်များ ပြုလုပ်၍ဖြစ်စေ ဖြေရှင်းခြင်း၊ သို့မဟုတ် မိမိတို့နှစ်သက်ရာ အခြားငြိမ်းချမ်းသောနည်းလမ်းများအတိုင်း ဖြေရှင်းခြင်းဖြင့် ပြေငြိမ်းစေရမည်။

၂။ လုံခြုံရေးကောင်စီသည် မိမိလိုအပ်သည်ဟု ယူဆသောအခါ အငြင်းပွားမှုတွင် ပါဝင်သော နိုင်ငံများအား ယင်းတို့၏အငြင်းပွားမှုကို အဆိုပါနည်းလမ်းများဖြင့် ပြေငြိမ်းအောင်ပြုရန် ဆင့်ဆိုရမည်။

*အပိုဒ် ၃၄။*

အငြင်းပွားမှုတစ်ခုခုသော်လည်းကောင်း၊ ပြည်ထောင်အချင်းချင်း ပဋိပက္ခဖြစ်စေတန်ရာသော သို့မဟုတ် အငြင်းပွားမှုဖြစ်စေတန်ရာသော အရေးကိစ္စတစ်ရပ်ရပ်သော်လည်းကောင်း၊ ဆက်လက်ဖြစ်ပွားနေမှုကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုကို အန္တရာယ်ဖြစ်ဖွယ်ရာအကြောင်းရှိ-မရှိ ဆုံးဖြတ်ရန်အလို့ငှာ၊ လုံခြုံရေးကောင်စီသည် ထိုအငြင်းပွားမှု သို့မဟုတ် ထိုအရေးကိစ္စနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်။

*အပိုဒ် ၃၅။*

၁။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် မည်သည့်နိုင်ငံမဆို၊ အငြင်းပွားမှုတစ်ခုခုကို သို့မဟုတ် အပိုဒ်-၃၄တွင် ရည်ညွှန်းထားသည့် အရေးကိစ္စမျိုးကို လုံခြုံရေးကောင်စီသို့ဖြစ်စေ၊ အထွေထွေညီလာခံသို့ဖြစ်စေ တိုင်ကြားနိုင်သည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သော နိုင်ငံတစ်နိုင်ငံသည် မိမိပါဝင်နေသော အငြင်းပွားမှုက လုံခြုံရေးကောင်စီသို့ဖြစ်စေ၊ အထွေထွေညီလာခံသို့ဖြစ်စေ တိုင်ကြားနိုင်သည်။ သို့ရာတွင် ထိုသို့မတိုင်ကြားမီ အငြင်းပွားမှုနှင့်စပ်လျဉ်း၍ ယခုလက်ရှိပဋိညာဉ်စာချုပ်တွင် ပြဋ္ဌာန်းထားသည့် ငြိမ်းချမ်းစွာ ဖျန်ဖြေရေးတာဝန်ကို လက်ခံရမည်။

၃။ အထွေထွေညီလာခံသည် ဤအပိုဒ်အရ မိမိအားတိုင်ကြားသည့်ကိစ္စနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်လျှင် အပိုဒ်-၁၁ နှင့် ၁၂ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ ဆောင်ရွက်ရမည်။

*အပိုဒ် ၃၆။*

၁။ အပိုဒ်-၃၃တွင် ရည်ညွှန်းထားသော အငြင်းပွားမှုမျိုး သို့မဟုတ် အလားတူကိစ္စမျိုးသည် မည်သည့်အခြေ အနေတွင် ရှိစေကာမူ လုံခြုံရေးကောင်စီသည် ထိုအငြင်းပွားမှု သို့မဟုတ် အရေးကိစ္စကို ဖြေရှင်းရန်အတွက် သင့်လျော်သောလုပ်ငန်းစဉ် သို့မဟုတ် နည်းစနစ်များကို ထောက်ခံတင်ပြနိုင်သည်။

၂။ လုံခြုံရေးကောင်စီသည် အငြင်းပွားမှုဖြန်ဖြေရေးအတွက် အငြင်းပွားနိုင်ငံများ လိုက်နာကျင့်သုံးခဲ့သည့် လုပ်ငန်းစဉ်များကို လက်ခံစဉ်းစားရမည်။

၃။ လုံခြုံရေးကောင်စီသည် ဤအပိုဒ်အရ ထောက်ခံချက်များပေးရာတွင် တရားဥပဒေနှင့်စပ်ဆိုင်သော အငြင်းပွားမှုများကို၊ အငြင်းပွားနိုင်ငံများက အပြည်ပြည်ဆိုင်ရာတရားရုံးသို့ ထိုတရားရုံး၏ ဥပဒေပြဋ္ဌာန်းချက်များနှင အညီ သာမန်အားဖြင့် တင်ပြသင့်သည်ဟူသောအချက်ကိုလည်း ထည့်သွင်း စဉ်းစားရမည်။

*အပိုဒ် ၃၇။*

၁။ အပိုဒ်-၃၃တွင် ရည်ညွှန်းထားသည့် အငြင်းပွားမှုမျိုးတွင် ပါဝင်သောနိုင်ငံများသည် ထိုအငြင်းပွားမှုကို ထိုအပိုဒ်တွင် ဖော်ပြထားသည့် နည်းလမ်းများဖြင့် ပြေငြိမ်းအောင် မပြုနိုင်ခဲ့သော် လုံခြုံရေးကောင်စီသို့ လွှဲအပ်ရမည်။

၂။ လုံခြုံရေးကောင်စီသည် အငြင်းပွားမှု ဆက်လက်ဖြစ်ပွားနေသောကြောင့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုကို အမှန်တကယ် အန္တရာယ်ဖြစ်ဖွယ်ရာအကြောင်းရှိသည်ဟူ၍ ယူဆလျှင် အပိုဒ်-၃၆ အရ အရေးယူဆောင်ရွက်ရန်ဖြစ်စေ၊ မိမိသင့်လျော်သည်ဟု ထင်မြင်ယူဆသည့် ဖျန်ဖြေရေး စည်းကမ်းချက်များကို အကြံပေးထောက်ခံရန်ဖြစ်စေ ဆုံးဖြတ်ရမည်။

*အပိုဒ် ၃၈။*

အပိုဒ်-၃၃မှ ၃၇ထိ ပါရှိသည့် ပြဋ္ဌာန်းချက်များကို မထိခိုက်စေဘဲ လုံခြုံရေးကောင်စီသည် အငြင်းပွားမှုတစ်ခုခုတွင်ပါဝင်သည့် နိုင်ငံအားလုံးက တောင်းဆိုလျှင် ယင်းအငြင်းပွားမှုကို ငြိမ်းချမ်းစွာဖြေရှင်းရေးကို ရှေ့ရှုလျက် ထောက်ခံချက်များပေးနိုင်သည်။

# အခန်း (၇)
# ငြိမ်းချမ်းရေးကိုခြိမ်းခြောက်သည့် အန္တရာယ်များ၊ ငြိမ်းချမ်းရေး ပျက်ပြားမှုများ၊ ကျူးကျော်စော်ကားမှု များနှင့်စပ်လျဉ်း၍ အရေးယူဆောင်ရွက်ချက်

*အပိုဒ် ၃၉။*

လုံခြုံရေးကောင်စီသည် ငြိမ်းချမ်းရေးကို ခြိမ်းခြောက်မည့် အန္တရာယ်တစ်ခုခုကို သော်လည်းကောင်း၊ ငြိမ်းချမ်းရေးပျက်ပြားမှု တစ်ခုခုသော်လည်းကောင်း၊ ကျူးကျော်စော်ကားမှု တစ်ခုခုသော်လည်းကောင်း ရှိ-မရှိ ဆုံးဖြတ်ရမည်။ ရှိသည်ဟု ဆုံးဖြတ်လျှင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းစောင့်ရှောက်မှု သို့မဟုတ် ပြန်လည်တည်ရှိမှုအတွက် ထောက်ခံချက်များ တင်ပြရမည်။ သို့မဟုတ် အပိုဒ်-၄၁နှင့် ၄၂တို့အရ မည်သို့အရေးယူဆောင်ရွက်ရမည်ကို ဆုံးဖြတ်ရမည်။

*အပိုဒ် ၄၀။*

အခြေအနေ ပိုမိုဆိုးရွားလာမည်ကို တားဆီးနိုင်ရန်အလို့ငှာ လုံခြုံရေးကောင်စီသည် အပိုဒ်-၃၉တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ထောက်ခံချက်များ တင်ပြခြင်း သို့မဟုတ် မည်သို့အရေးယူဆောင်ရွက်မည်ကို ဆုံးဖြတ်ခြင်း မပြုမီ၊ မိမိ လိုအပ်သည် သို့မဟုတ် သင့်လျော်သည်ဟု ထင်မြင်ယူဆသော ယာယီအစီအစဉ်များကို လက်နာဆောင်ရွက်ကြရန် သက်ဆိုင်ရာနိုင်ငံများကို ဆင့်ဆိုနိုင်သည်။ အဆိုပါ ယာယီအစီအစဉ်များသည် သက်ဆိုင်ရာနိုင်ငံများ၏ အခွင့်အရေးများ၊ ရသင့်ရထိုက်ကြောင်း တောင်းဆိုခွင့်များကိုသော်လည်းကောင်း၊ ထိုနိုင်ငံများ၏

အခြေအနေကိုသော်လည်းကောင်း မထိခိုက်စေရ။ ထိုယာယီအစီအစဉ်များကို လိုက်နာရန် ပျက်ကွက်လျှင် ထိုပျက်ကွက်မှုကို လုံခြုံရေးကောင်စီက ထိုက်သင့်သည့်အားလျော်စွာ ထည့်သွင်းစဉ်းစားရမည်။

*အပိုဒ် ၄၁။*

လုံခြုံရေးကောင်စီသည် မိမိ၏ဆုံးဖြတ်ချက်များ အကျိုးသက်ရောက်စေရန် စစ်မက်အင်အားအသုံးမပြုဘဲ မည်သို့စီမံဆောင်ရွက်ရမည်ကို ဆုံးဖြတ်နိုင်သည့်အပြင်၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလည်း မိမိစီမံဆောင်ရွက်သည့်အတိုင်း လိုက်နာဆောင်ရွက်ရန် မေတ္တာရပ်ခံနိုင်သည်။ ထိုသို့ဆောင်ရွက်ချက်များတွင် စီးပွားရေးအဆက်အသွယ်များကို လုံးဝ သို့မဟုတ် တစ်စိတ်တစ်ဒေသ ဖြတ်တောက်ခြင်း၊ မီးရထား၊ ပင်လယ်ရေကြောင်း၊ လေကြောင်း၊ စာပို့ကြေးနန်း၊ ရေဒီယို စသည့်ဆက်သွယ်ရေး ကိစ္စများကို လုံးဝ သို့မဟုတ် တစ်စိတ်တစ်ဒေသ ရပ်စဲစေခြင်းနှင့် သံတမန်ဆက်သွယ်မှုကို ဖြတ်တောက်ခြင်းများလည်း ပါဝင်သည်။

*အပိုဒ် ၄၂။*

လုံခြုံရေးကောင်စီသည် အပိုဒ်-၄၁တွင် ပြဋ္ဌာန်းထားသော အစီအစဉ်များမှာ လုံလောက်မည် မဟုတ်ဟူ၍သော်လည်းကောင်း၊ လုံလောက်ခြင်း မရှိကြောင်း ထင်ရှားသည်ဟူ၍သော်လည်းကောင်း ယူဆလျှင် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်ရန် သို့မဟုတ် ပြန်လည်တည်ရှိရန်အတွက် လိုအပ်သည့်အတိုင်း ကြည်းတပ်များ၊ ရေတပ်များ သို့မဟုတ် လေတပ်များဖြင့် အရေးယူ ဆောင်ရွက်နိုင်သည်။ ထိုသို့ အရေးယူဆောင်ရွက်မှုများတွင် ကမ္ဘာ့ကုလ

သမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ကြည်းတပ်များ၊ ရေတပ်များ သို့မဟုတ် လေတပ်များဖြင့် အင်အားပြခြင်း၊ ပိတ်ဆို့ခြင်းနှင့် အခြားစစ်ဆင်ခြင်းများလည်း ပါဝင်နိုင်သည်။

*အပိုဒ် ၄၃။*

၁။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုကို ကူညီထောက်ပံ့သောအားဖြင့် လုံခြုံရေးကောင်စီ၏ မေတ္တာရပ်ခံချက်အရ၊ ထို့အပြင် အထူးသဘောတူစာချုပ် သို့မဟုတ် စာချုပ်များနှင့်အညီ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုအတွက် လိုအပ်သည့် လက်နက်ကိုင်တပ်များ၊ ကူအညီများ၊ ပြည်တွင်းဖြတ်သန်းသွားလာခွင့်အပါအဝင် လုပ်ငန်းလိုအပ်ချက်များကို လုံခြုံရေးကောင်စီသို့ လွှဲအပ်တာဝန်ယူကြရမည်။

၂။ အဆိုပါသဘောတူစာချုပ် သို့မဟုတ် စာချုပ်များတွင် လက်နက်ကိုင်တပ်များ၏ အရေအတွက်နှင အမျိုးအစားများကိုလည်းကောင်း၊ ထိုလက်နက်ကိုင်တပ်များ အသင့်ပြင်ဆင်ပြီးရှိရမည့်အခြေအနေနှင့် သာမန် တည်နေရာဌာနကိုလည်းကောင်း၊ စီမံပေးရမည့် လုပ်ငန်းလိုအပ်ချက်များနှင့် အကူအညီအမျိုးမျိုးကိုလည်းကောင်း သတ်မှတ်ရမည်။

၃။ ထိုသဘောတူစာချုပ် သို့မဟုတ် စာချုပ်များချုပ်ဆိုရန် လုံခြုံရေးကောင်စီက ဆောလျင်နိုင်သမျှဆောလျင်စွာ စတင်စေ့စပ်ပြောဆိုရမည်။ ထိုသဘောတူစာချုပ်များကို လုံခြုံရေးကောင်စီနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကဖြစ်စေ၊ လုံခြုံရေးကောင်စီနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံစုများကဖြစ်စေ ချုပ်ဆိုရမည့်အပြင် လက်မှတရေးထိုးသည့်နိုင်ငံများက

လည်း မိမိတို့၏သက်ဆိုင်ရာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ခံအတည်ပြုရမည်။

*အပိုဒ် ၄၄။*

လုံခြုံရေးကောင်စီသည် စစ်မက်အင်အားကို အသုံးပြုရန် ဆုံးဖြတ်ပြီးသောအခါ ကောင်စီဝင်မဟုတ်သည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအား အပိုဒ်-၄၃အရ ပဋိညာဉ်ပြုထားသောတာဝန်များကို ဖြည့်စွမ်းသောအားဖြင့် လက်နက်ကိုင်တပ်များ ပေးပို့ရန်အတွက် တောင်းဆိုခြင်းမပြုမီ ထိုနိုင်ငံ၏ လက်နက်ကိုင်တပ်ဖွဲ့များ အသုံးပြုရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီက ဆုံးဖြတ်ချက်ချမှတ်ရာတွင် ပါဝင်ဆွေးနွေးရန် ထိုနိုင်ငံက လိုလားပါက ထိုနိုင်ငံအား ယင်းသို့ပါဝင်ဆွေးနွေးရန် ဖိတ်ကြားရမည်။

*အပိုဒ် ၄၅။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အား အဆောတလျင် ဆောင်ရွက်ရမည့် စစ်ရေးကိစ္စများကို ဆောင်ရွက်နိုင်စေရန်အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် အပြည်ပြည်ဆိုင်ရာ ပူပေါင်းနှိမ်နင်းရေး ဆောင်ရွက်မှုအတွက် ရနိုင်သမျှသော မိမိတို့နိုင်ငံဆိုင်ရာအရ လေတပ်များကို ချက်ခြင်းရနိုင်အောင် ထားရှိရမည်။ အပိုဒ်-၄၃တွင် ရည်ညွှန်းထားသည့် အထူးသဘောတူစာချုပ် သို့မဟုတ် စာချုပ်များဖြင့် ပြဌာန်းထားသော ကန့်သတ်ချက်များအရ ထိုအရန်တပ်များ၏ အင်အားနှင့် တိုက်ပွဲဆင်ရန်အသင့်ရှိနေမှုအခြေအနေကိုလည်းကောင်း၊ ယင်းအဖွဲ့များ၏ ပူးပေါင်းဆောင်ရွက်ရေး စနစ်များကိုလည်းကောင်း၊ လုံခြုံရေးကောင်စီက စစ်ဦးစီးအဖွဲ့၏ အကူအညီဖြင့် သတ်မှတ်ဆုံးဖြတ်ရမည်။

*အပိုဒ် ၄၆။*

လက်နက်ကိုင်တပ်များ အသုံးပြုရန်စနစ်များကို လုံခြုံရေးကောင်စီက စစ်ဦးစီးအဖွဲ့၏ အကူအညီဖြင့် စီမံပြုလုပ်ရမည်။

*အပိုဒ် ၄၇။*

၁။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းစောင့်ရှောက်မှုအတွက် လုံခြုံရေးကောင်စီ၏ စစ်ရေးလိုအပ်ချက်များနှင့်လည်းကောင်း၊ လုံခြုံရေးကောင်စီသို့ လွှဲအပထားသော တပ်ဖွဲ့များကို အသုံးပြုမှု၊ ကြီးကြပ်ကွပ်ကဲမှုနှင့်လည်းကောင်း၊ လက်နက်တပ်ဆင်မှု စည်းမျဉ်းသတ်မှတ်ရေးနှင့်လည်းကောင်း၊ ဖြစ်နိုင်ဖွယ်ရာရှိသော လက်နက်တပ်ဆင်မှု ဖျက်သိမ်းရေးနှင့်လည်းကောင်း သက်ဆိုင်သောကိစ္စအရပ်ရပ်တွင် လုံခြုံရေးကောင်စီအား အကြံဉာဏ်နှင့် အကူအညီပေးရန် စစ်ဦးစီးအဖွဲ့ကို တည်ထောင်ဖွဲ့စည်းရမည်။

၂။ စစ်ဦးစီးအဖွဲ့တွင် လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံတို့မှ စစ်ဦးစီးချုပ်များ သို့မဟုတ် ယင်းတို့၏ကိုယ်စားလှယ်များ ပါဝင်ရမည်။ စစ်ဦးစီးအဖွဲ့၏ တာဝန်များကို ထိရောက်တွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးအတွက် ယင်းအဖွဲ့တွင် အမြဲတမ်းကိုယ်စားလှယ် ထားရှိပါဝင်ခြင်းမရှိသော၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ၏ ပါဝင်ဆောင်ရွက်မှုကို လိုအပ်သောအခါ စစ်ဦးစီးအဖွဲ့က ထိုကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံကို မိမိနှင့်အတူ ပူးပေါင်းဆောင်ရွက်ရန်အလို့ငှာ ဖိတ်ခေါ်ရမည်။

၃။ စစ်ဦးစီးအဖွဲ့သည် လုံခြုံရေးကောင်စီ၏ ကြီးကြပ်မှုကိုခံယူလျက် ထိုကောင်စီသို့ လွှဲအပ်ထားသော မည်သည့်လက်နက်ကိုင်တပ်ဖွဲ့များကိုမဆို

သေနင်္ဗျူဟာဆန်သော ညွှန်ကြားမှုများပေးရန် တာဝန်ရှိသည်။ ထို့နောက် အဆိုပါလက်နက်ကိုင်တပ်များအား ကွပ်ကဲအုပ်ချုပ်ရေးနှင့် သက်ဆိုင်သော အရေးကိစ္စများကို အသေးစိတ်စီမံဆောင်ရွက်ရမည်။

၄။ စစ်ဦးစီးအဖွဲ့သည် ဒေသဆိုင်ရာအဖွဲ့ခွဲများကို လုံခြုံရေးကောင်စီ၏ အခွင့်အမိန့်ရယူ၍ ဒေသဆိုင်ရာကိုယ်စားလှယ်များနှင့် နှီးနှောတိုင်ပင်ပြီးနောက် ဖွဲ့စည်းတည်ထောင်နိုင်သည်။

*အပိုဒ် ၄၈။*

၁။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းစောင့်ရှောက်မှုအတွက် လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရန် လိုအပ်သည့်ကိစ္စများကို လုံခြုံရေးကောင်စီက သတ်မှတ်သည်အတိုင်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးကသော်လည်းကောင်း၊ အချို့ကသော်လည်းကောင်း ဆောင်ရွက်ရမည်။

၂။ အဆိုပါဆုံးဖြတ်ချက်များအတိုင်း ပြီးမြောက်စေရန်အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများက တိုက်ရိုက်ဆောင်ရွက်ရမည့်အပြင် မိမိတို့ကိုယ်တိုင် အဖွဲ့ဝင်များအဖြစ် ပါဝင်သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များဖြင့်လည်း အရေးယူဆောင်ရွက်ရမည်။

*အပိုဒ် ၄၉။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် လုံခြုံရေးကောင်စီက ဆုံးဖြတ်သော စီမံချက်များကို ဆောင်ရွက်ရာတွင် ပူးပေါင်းဆောင်ရွက်၍ အချင်းချင်း ရိုင်းပင်းကူညီရမည်။

*အပိုဒ် ၅၀။*
အကယ်၍ လုံခြုံရေးကောင်စီက နိုင်ငံတစ်နိုင်ငံအား တားမြစ်သည့်သဘောဖြင့် သို့မဟုတ် လိုက်နာစေသည့် သဘောဖြင့် အရေးယူလျှင် ယင်းအရေးယူရခြင်းကြောင့် ဖြစ်ပေါ်လာသည့် အထူးစီးပွားရေးပြဿနာများနှင့် ရင်ဆိုင်တွေ့ကြုံနေရသော အခြားမည်သည့်နိုင်ငံမဆို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ထိုပြဿနာများ ဖြေရှင်းရေးနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီအား တိုင်ပင်သည့် အခွင့်အရေးများ ရှိစေရမည်။

*အပိုဒ် ၅၁။*
ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံကို စစ်မက်အင်အားဖြင့် ထိပါးတိုက်ခိုက်သည့်အခါ လုံခြုံရေးကောင်စီက ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းစောင့်ရှောက်မှုအတွက် လိုအပ်သည့်အတိုင်း အရေးယူဆောင်ရွက်ခြင်း မပြုသေးသမျှ ကာလပတ်လုံး မိမိနိုင်ငံအား မိမိတစ်ဦးတည်းဖြစ်စေ၊ အများနှင့်ပူးပေါင်း၍ဖြစ်စေ၊ ကာကွယ်နိုင်သည့် မူလရှိရင်းစွဲ အခွင့်အရေးကို ယခုလက်ရှိပဋိညာဉ်စာချုပ်ပါ အချက်အလက်များကြောင့် ထိခိုက်ခြင်းမရှိစေရ။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် မိမိတို့နိုင်ငံ မိမိတို့ ကာကွယ်နိုင်သည့် အခွင့်အရေးကို သုံးစွဲလျှက် ဆောင်ရွက်နိုင်သည့် အရေးကိစ္စများကို လုံခြုံရေးကောင်စီအား ချက်ချင်းအစီရင်ခံရမည်။ ထို့ပြင် ထိုသို့ဆောင်ရွက်သည့် အရေးကိစ္စများကြောင့် ယခုလကရှိပဋိညာဉ်စာချုပ်အရ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်း စောင့်ရှောက်မှုအတွက် သို့မဟုတ် ပြန်လည်တည်ရှိမှုအတွက် မိမိလိုအပ်သည် ထင်မြင်သည့်အတိုင်း မည်သည့်အခါမဆို အရေးယူ ဆောင်

ရှက်နိုင်သည့် လုံခြုံရေးကောင်စီ၏ အခွင့်အာဏာနှင့် တာဝန်ကိုလည်း မည်သို့မျှ ထိခိုက်ခြင်း မရှိစေရ။

## အခန်း (၈)
## ဒေသဆိုင်ရာ အစီအစဉ်များ

*အပိုဒ် ၅၂။*

၁။ ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုနှင့်စပ်လျဉ်း၍ ဒေသအလိုက် အရေးယူသင့်သောကိစ္စများကို ဆောင်ရွက်ရေးအတွက် ဒေသဆိုင်ရာအစီအစဉ်များ သို့မဟုတ် ဒေသဆိုင်ရာကိုယ်စားလှယ်အဖွဲ့များ တည်ရှိခြင်းကို ယခုလက်ရှိပဋိညာဉ်စာချုပ်ပါအချက်များကြောင့် ပိတ်ပင်ခြင်းမရှိစေရ။ သို့ရာတွင် အဆိုပါအစီအစဉ်များ သို့မဟုတ် ကိုယ်စားလှယ်အဖွဲ့များနှင့် ယင်းတို့၏လုပ်ငန်းဆောင်တာများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်များ အခြေခံမူများနှင့်အညီ ဖြစ်စေရမည်။

၂။ အဆိုပါအစီအစဉ်များ ပြုလုပ်ဆောင်ရွက်သော သို့မဟုတ် အဆိုပါကိုယ်စားလှယ်အဖွဲ့များတွင်ပါဝင်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ဒေသဆိုင်ရာအငြင်းပွားမှုများကို လုံခြုံရေးကောင်စီသို့ လွှဲအပ်တင်ပြခြင်း မပြုမီ ယင်းဒေသဆိုင်ရာ အစအစဉ်များအားဖြစ်စေ၊ ယင်းဒေသဆိုင်ရာ ကိုယ်စားလှယ်အဖွဲ့များ၏ ဆောင်ရွက်မှုဖြင့်ဖြစ်စေ ငြိမ်းချမ်းစွာ ဖျန်ဖြေရန် တတ်နိုင်သမျှ ကြိုးပမ်းအားထုတ်ရမည်။

၃။ ဒေသဆိုင်ရာအငြင်းပွားမှုများကို သက်ဆိုင်ရာနိုင်ငံများ၏ ရှေ့ဆောင်မှုအရ သို့မဟုတ် လုံခြုံရေးကောင်စီ၏ လွှဲအပ်ချက်အရ အဆိုပါ ဒေသဆိုင်ရာ အစီအစဉ်များအားဖြင့်သော်လည်းကောင်း၊ ငြိမ်းချမ်းစွာ ဖြန်ဖြေမှု တိုးတက်ဖွံ့ဖြိုးလာစေရန် လုံခြုံရေးကောင်စီက အားပေးရမည်။
၄။ ဤအပိုဒ်သည် အပိုဒ်-၃၄နှင့် ၃၅အရ ဆောင်ရွက်ခြင်းကို မည်သို့မျှ ထိခိုက်ပျက်ပြယ်စေခြင်း မရှိစေရ။

*အပိုဒ် ၅၃။*

၁။ လုံခြုံရေးကောင်စီသည် မိမိအာဏာအရ လိုက်နာစေသည့်သဘောဖြင့် အရေးယူနိုင်ရန်အတွက် အဆိုပါ ဒေသဆိုင်ရာအစီအစဉ်များ သို့မဟုတ် ဒေသဆိုင်ရာကိုယ်စားလှယ်အဖွဲ့များကို အသုံးချသင့်လျှင် အသုံးချရမည်။ သို့ရာတွင် ထိုသို့လိုက်နာစေသည့်သဘောဖြင့် အရေးယူမှုကိစ္စများကို လုံခြုံရေးကောင်စီ၏ အခွင့်အမိန့် မရဘဲ ဒေသဆိုင်ရာအစီအစဉ်များအရဖြစ်စေ ဒေသဆိုင်ရာကိုယ်စားလှယ်အဖွဲ့များဖြင့်ဖြစ်စေ ဆောင်ရွက်ခြင်း မပြုရ။ သို့ရာတွင် ဤအပိုဒ်၏ စာပိုဒ်-၂တွင် အဓိပ္ပာယ်ဖော်ပြထားသည့် ရန်သူနိုင်ငံနှင့်စပ်လျဉ်း၍ အပိုဒ်-၁၀၇နှင့်အညီ ဆောင်ရွက်ရန် ပြဋ္ဌာန်းထားသည့် ထိုရန်သူနိုင်ငံ၏ ကျူးကျော်မှုဝါဒ ပြန်လည်ကျင့်သုံးမှုကို တားဆီးပိတ်ပင်ရန် ရည်ရွယ်သော ဒေသဆိုင်ရာအစီအစဉ်များတွင် ပြဋ္ဌာန်းထားသည့် စီမံချက်များကိုမူကား သက်ဆိုင်ရာအစိုးရများ၏ မေတ္တာရပ်ခံချက်အရ ထိုရန်သူနိုင်ငံ၏ နောက်ထပ် ကျူးကျော်မှုကို တားဆီးရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အား တာဝန်လွှဲအပ်သည့် အချိန်အထိ ဆောင်ရွက်နိုင်သည်။

၂။ ဤအပိုဒ်၏ စာပိုဒ်-၁တွင် သုံးနှုန်းထားသည့် “ရန်သူနိုင်ငံ” ဆိုသည်မှာ ယခုလက်ရှိပဋိညာဉ်စာချုပ်တွင် လက်မှတ်ရေးထိုးထားသော မည်သည့်နိုင်ငံနှင့်မဆို ဒုတိယကမ္ဘာစစ်ကြီးအတွင်းက ရန်သူဖြစ်ခဲ့သောနိုင်ငံကို ဆိုလိုသည်။

*အပိုဒ် ၅၄။*

ကမ္ဘာ့ငြိမ်းချမ်းရေးနှင့်လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုအတွက် ဒေသဆိုင်ရာအစီအစဉ်များအရသော်လည်းကောင်း၊ ဒေသဆိုင်ရာ ကိုယ်စားလှယ်များကသော်လည်းကောင်း ဆောင်ရွက်သည့် သို့မဟုတ် ဆောင်ရွက်ရန် ကြံရွယ်သည့်လုပ်ငန်းများနှင့်စပ်လျဉ်း၍ လုံခြုံရေးကောင်စီအား အခါခပ်သိမ်း အကြောင်းစုံကြားသိစေရမည်။

# အခန်း (၉)
# အပြည်ပြည်ဆိုင်ရာစီးပွားရေးနှင့်လူမှုရေးပူးပေါင်းဆောင်ရွက်မှု

*အပိုဒ် ၅၅။*

ကမ္ဘာသူကမ္ဘာသားတို့၏ တန်းတူရည်တူရပိုင်ခွင့်များနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့် ရှိသည်ဟူသော အခြေခံမူကို လေးစားသည့် သဘောထားပေါ် အခြေပြု၍ ပြည်ထောင်အချင်းချင်း ငြိမ်းချမ်းစွာနှင့် ချစ်ကြည်စွာ ဆက်ဆံနိုင်ရန်အတွက် လိုအပ်သော တည်တံ့ခိုင်မြဲရေးနှင့် ကြီးပွားကောင်းစားရေး အခြေအနေများကို

ဖန်တီးရန် ရည်သန်လျက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အောက်ပါကိစ္စများကို ဆောင်ရွက်အားပေးရမည်။

(က) လူနေမှုအဆင့်အတန်းများကို ပိုမိုမြင့်မားလာမှု၊ အလုပ်လက်မဲ့ ပပျောက်မှု၊ စီးပွားရေးနှင့်လူမှုရေးအခြေအနေ တိုးတက်ဖွံ့ဖြိုးမှုကိစ္စ။

(ခ) အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးမှစ၍ ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော ပြဿနာရပ်များအား ဖြေရှင်းမှုကိစ္စ၊ ထို့အပြင် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်မှုကိစ္စ။

(ဂ) လူမျိုးမခွေး၊ ကိုးကွယ်ရာဘာသာမခွေး၊ ပြောဆိုရာဘာသာစကားမခွေး ယောကျ်ား မိန်းမ မခွေး လူခပ်သိမ်းတို့ အတွက်ဖြစ်သော လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို တစ်ကမ္ဘာလုံးလေးစားမှုနှင့် လိုက်နာကျင်သုံးမှုကိစ္စ။

*အပိုဒ် ၅၆။*

အဖွဲ့ဝင်နိုင်ငံအားလုံးသည် အပိုဒ်-၅၅တွင် ဖော်ပြပါရှိသည့် ကိစ္စများ အထမြောက်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ရာတွင် ပူးတွဲ၍လည်းကောင်း၊ သီးခြားအားဖြင့်လည်းကောင်း ဆောင်ရွက်ရန် ကတိပြုကြသည်။

*အပိုဒ် ၅၇။*

၁။ အစိုးရအချင်းချင်း သဘောတူချက်အရ ဖွဲ့စည်းတည်ထောင်ထားသည့် အထူးကိုယ်စားလှယ်အဖွဲ့အစည်း အမျိုးမျိုးသည် ယင်းတို့၏ အခြေခံစာချုပ်များ၌ သတ်မှတ်ဖော်ပြထားသည့်အတိုင်း စီးပွားရေး၊ လူမှုရေး၊

ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးမှစ၍ ယင်းတို့နှင့် ဆက်စပ်လျက်ရှိသော လုပ်ငန်းနယ်ပယ်များတွင် ထမ်းဆောင်ရန် ကျယ်ပြန့်သော အပြည်ပြည်ဆိုင်ရာ တာဝန်များရှိလျှင် ထိုအထူးအဖွဲ့အစည်းများကို အပိုဒ်-၆၃ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ဆက်သွယ်၍ ဆောင်ရွက်စေရမည်။

၂။ ထိုသို့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်စေရမည့် အဖွဲ့အစည်းများကို အောက်ကအပိုဒ်များတွင် အထူးကိုယ်စားလှယ်အဖွဲ့များဟု ရည်ညွှန်းသည်။

*အပိုဒ် ၅၈။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အထူးကိုယ်စားလှယ်အဖွဲ့အစည်းများ၏ ဝါဒများကို လုပ်ငန်းများ တစ်ညီတစ်ညွတ်တည်းရှိအောင် ညှိနှိုင်းရေးအတွက် ထောက်ခံချက်များ တင်ပြရမည်။

*အပိုဒ် ၅၉။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အပိုဒ်-၅၅တွင် ဖော်ပြထားသည့် ကိစ္စများ အထမြောက်စေရန် လိုအပ်သော အထူးကိုယ်စားလှယ်အဖွဲ့အစည်းသစ်များ ဖန်းတီးရေးအတွက် သက်ဆိုင်ရာနိုင်ငံအချင်းချင်း စေ့စပ်ဆွေးနွေးမှုများကို ပြုလုပ်သင့်လျှင် ပြုလုပ်ရမည်။

*အပိုဒ် ၆၀။*

၁။ ဤအခန်းတွင် ဖော်ပြပါရှိသော ကမ္ဘာ့ကုသမဂ္ဂအဖွဲ့၏ အလုပ်ဝတ္တရား

များ၊ ဆောင်ရွက်ရန်တာဝန်များကို အထွေထွေညီလာခံအားလည်း ကောင်း၊ အထွေထွေညီလာခံ၏ အခွင့်အမိန့်အရ စီးပွားရေးနှင့် လူမှုရေး ကောင်စီအားလည်းကောင်း အပ်နှင်းရမည်။ စီးပွားရေးနှင့်လူမှုရေး ကောင်စီမှာ ထိုတာဝန်ကို ဆောင်ရွက်ရန်အလင့်ာ အခန်း-၁၀တွင် ဖော်ပြ ထားသော အာဏာများ ရှိရမည်။

# အခန်း (၁၀)
# စီးပွားရေးနှင့်လူမှုရေးကောင်စီ

ဖွဲ့စည်းပုံ

*အပိုဒ် ၆၁။*

၁။ စီးပွားရေးနှင့် လူမှုရေးကောင်စီတွင် အထွေထွေညီလာခံက ရွေးကောက် တင်မြှောက်အပ်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်း (၅၄)နိုင်ငံ ပါဝင်ရမည်။

၂။ စာပိုဒ်-၃ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ စီးပွားရေးနှင့် လူမှုရေး ကောင်စီဝင်နိုင်ငံ တစ်ဆယ့်ရှစ်နိုင်ငံကို သုံးနှစ်ကာလအပိုင်းအခြား အတွက် နှစ်စဉ် ရွေးကောက်တင်မြှောက်ရမည်။ နှစ်စေ့၍ထွက်ရသော ကောင်စီဝင်နိုင်ငံများမှာ ချက်ချင်းပြန်လည်၍ အရွေးခံနိုင်ခွင့်ရှိသည်။

၃။ စီးပွားရေးနှင့်လူမှုရေးကောင်စီဝင် နိုင်ငံဦးရေကို နှစ်ဆယ့်ခုနှစ်နိုင်ငံမှ ငါးဆယ့်လေးနိုင်ငံသို့ တိုးမြှင့်လိုက်ပြီးနောက် ပထမဆုံးအကြိမ် ကျင်းပ

သော ရွေးကောက်ပွဲတွင် ထိုနှစ်ကုန်၌ သက်တမ်းကုန်ဆုံးသွားသော ကောင်စီဝင် ကိုးနိုင်ငံ၏ နေရာတွင် ရွေးကောက်တင်မြှောက်သည့် ကောင်စီဝင်နိုင်ငံများအပြင် နောက်ထပ် ကောင်စီဝင်နိုင်ငံ နှစ်ဆယ့်ခုနှစ် နိုင်ငံကိုလည်း ရွေးကောက်တင်မြှောက်ရမည်။ အထွေထွေညီလာခံက ချမှတ်သော အစီအစဉ်များနှင့်အညီ ထိုသို့ နောက်ထပ် ရွေးကောက် တင်မြှောက်လိုက်သော ကောင်စီဝင်နိုင်ငံ နှစ်ဆယ့်ခုနှစ်နိုင်ငံအနက် ကိုးနိုင်ငံ၏ ရာထူးသက်တမ်းမှာ တစ်နှစ်ပြည့်သည့်အခါ ကုန်ဆုံးစေ၍ အခြား ကိုးနိုင်ငံ၏ ရာထူးသက်တမ်းမှာ နှစ်နှစ်ပြည့်သည့်အခါ ကုန်ဆုံး စေရမည်။

၄။ စီးပွားရေးနှင့် လူမှုရေးကောင်စီဝင် နိုင်ငံအသီးသီး၌ ကောင်စီတွင် ကိုယ်စားလှယ် တစ်ဦးစီ ထားရှိရမည်။

အလုပ်ဝတ္တရားနှင့်အာဏာများ

*အပိုဒ် ၆၂။*

၁။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပညာရေး၊ ကျန်းမာရေးမှစ၍ ယင်းတို့နှင့် ဆက်စပ်လျှက်ရှိသော အကြောင်းကိစ္စများကို လေ့လာခြင်းနှင့် အစီရင်ခံစာများ တင်သွင်းခြင်း ပြုလုပ်နိုင်သည်။ သို့မဟုတ် စတင်ပြုလုပ်နိုင်သည်။ ထို့ပြင် ယင်းကိစ္စများနှင့်စပ်လျဉ်း၍လည်း အထွေထွေညီလာခံသို့လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့လည်းကောင်း၊ သက်ဆိုင်ရာ အထူး ကိုယ်စားလှယ်အဖွဲ့အစည်းများသို့လည်းကောင်း ထောက်ခံချက်များ ပေး နိုင်သည်။

၂။ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် လူခပ်သိမ်းတို့အတွက် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များကို လေးစားလိုက်နာရန် အားပေးချီးမြှင့်ရေးအတွက် ထောက်ခံချက်များ ပေးနိုင်သည်။

၃။ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် မိမိဆောင်ရွက်နိုင်ခွင့်အာဏာရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ အထွေထွေညီလာခံသို့ တင်သွင်းရန် သဘောတူစာချုပ်မူကြမ်းများကို ရေးဆွဲနိုင်သည်။

၄။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် မိမိဆောင်ရွက်နိုင်ခွင့်အာဏာရှိသည့် ကိစ္စများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာညီလာခံများကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က ပြဋ္ဌာန်းထားသည့် နည်းဥပဒေများနှင့်အညီ ဖိတ်ခေါ်နိုင်သည်။

*အပိုဒ် ၆၃။*

၁။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် အပိုဒ်-၅၇တွင် ရည်ညွှန်းထားသောမည်သည့် အထူးကိုယ်စားလှယ်အဖွဲ့အစည်းနှင့်မဆို သဘောတူစာချုပ်ချုပ်ဆို၍ ထိုအထူးကိုယ်စားလှယ်အဖွဲ့အစည်းနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဆက်သွယ်ရမည့် စည်းကမ်းချက်များကို သတ်မှတ်နိုင်သည်။ အဆိုပါသဘောတူစာချုပ်များကို အထွေထွေညီလာခံသို့ သဘောတူရန် တင်သွင်းရမည်။

၂။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် အထူးကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် လုပ်ငန်းဆောင်တာများကို တစ်ညီတစ်ညွတ်တည်းဖြစ်အောင် အဆိုပါအဖွဲ့အစည်းများနှင့် တိုင်ပင်နှီးနှော၍လည်းကောင်း၊ ထိုအဖွဲ့အစည်းများအား ထောက်ခံချက်များပေး၍လည်းကောင်း၊ အထွေထွေ

ညီလာခံနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများအား ထောက်ခံချက်ပေး၍လည်းကောင်း ဆောင်ရွက်နိုင်သည်။

*အပိုဒ် ၆၄။*

၁။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် အထူးကိုယ်စားလှယ်အဖွဲ့အစည်းများထံမှ အစီရင်ခံစာများကို မှန်မှန် ရရှိရန်အတွက် သင့်လျော်သလို စီမံဆောင်ရွက်နိုင်သည်။ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် မိမိ၏ထောက်ခံချက်များကိုလည်းကောင်း၊ မိမိဆောင်ရွက်နိုင်ခွင့်အာဏာရှိသော ကိစ္စများနှင့်စပ်လျဉ်း၍ အထွေထွေညီလာခံကပေးသော ထောက်ခံချက်များကိုလည်းကောင်း၊ အကျိုးသက်ရောက်အောင် မည်သို့စီမံဆောင်ရွက်ကြောင်း အစီရင်ခံစာများရရှိရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်လည်းကောင်း၊ အထူးကိုယ်စားလှယ်အဖွဲ့အစည်းများနှင့်လည်းကောင်း အစီအစဉ်များ ပြုလုပ်နိုင်သည်။

၂။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် ထိုအစီရင်ခံစာများနှင့်စပ်လျဉ်း၍ မိမိ၏ထင်မြင်ချက်များကို အထွေထွေညီလာခံသို့ ပေးပို့နိုင်သည်။

*အပိုဒ် ၆၅။*

စီးပွားရေးနှင့်လူမှုရေးကောင်စီသည် လုံခြုံရေးကောင်စီသို့ သတင်းပေးပို့နိုင်သည့်အပြင် လုံခြုံရေးကောင်စီက အကူအညီတောင်းဆိုလျှင်လည်း အကူအညီပေးရမည်။

*အပိုဒ် ၆၆။*

၁။ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် အထွေထွေညီလာခံ၏ထောက်ခံချက်များအတိုင်း ပြီးမြောက်အောင် ဆောင်ရွက်ရေးနှင့်စပ်လျဉ်း၍ မိမိဆောင်ရွက်နိုင်ခွင့်အာဏာရှိသည့် အလုပ်ဝတ္တရားများကို ဆောင်ရွက်ရမည်။

၂။ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများကလည်းကောင်း၊ အထူးကိုယ်စားလှယ် အဖွဲ့အစည်းများကလည်းကောင်း ဆောင်ရွက်ပေးရန် တောင်းဆိုသောလုပ်ငန်းများကို အထွေထွေညီလာခံ၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ပေးနိုင်သည်။

၃။ စီးပွားရေးနှင့် လူမှုရေးကောင်စီသည် ယခုလက်ရှိ ပဋိညာဉ်စာချုပ်၏ အခြားတစ်နေရာရာ၌ သီးခြားဖော်ပြထားသော သို့မဟုတ် အထွေထွေညီလာခံက မိမိအား သတ်မှတ်ချထားပေးသော အခြားအလုပ်ဝတ္တရားများကို ဆောင်ရွက်ရမည်။

*အပိုဒ် ၆၇။*

၁။ စီးပွားရေးနှင့်လူမှုရေးကောင်စီဝင်နိုင်ငံအသီးသီး၌ မဲတစ်မဲစီပေးပိုင်ခွင့်ရှိသည်။

၂။ စီးပွားရေးနှင့်လူမှုရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ကောင်စီအစည်းအဝေးသို့ တက်ရောက်မဲပေးသော ကောင်စီဝင်နိုင်ငံအများစု၏ မဲဆန္ဒဖြင့် ချမှတ်ရမည်။

လုပ်ငန်းစဉ်

*အပိုဒ် ၆၈။*

စီးပွားရေးနှင့်လူမှုရေးကောင်စီသည် စီးပွားရေးနှင့် လူမှုရေးကော်မရှင်အဖွဲ့များကိုလည်းကောင်း၊ လူ့အခွင့်အရေးများ အားပေးချီးမြှင့်ရေးကော်မရှင်အဖွဲ့များကိုလည်းကောင်း၊ မိမိ၏အလုပ်ဝတ္တရားများ ဆောင်ရွက်ရန်လိုအပ်သော အခြားကော်မရှင်များကိုလည်းကောင်း ဖွဲ့စည်းရမည်။

*အပိုဒ် ၆၉။*

စီးပွားရေးနှင့်လူမှုရေးကောင်စီသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် မည်သည့်နိုင်ငံနှင့်မဆို အထူးသက်ဆိုင်သော အကြောင်းကိစ္စတစ်ရပ်ရပ်ကို စဉ်းစားဆွေးနွေးသည့်အခါ ထိုနိုင်ငံအား မဲပေးပိုင်ခွင့် မရှိစေဘဲ ဆွေးနွေးရန် ဖိတ်ကြားရမည်။

*အပိုဒ် ၇၀။*

စီးပွားရေးနှင့်လူမှုရေးကောင်စီသည် မိမိ၏အစည်းအဝေးများနှင့် မိမိဖွဲ့စည်းထားသော ကော်မရှင်အဖွဲ့များ၏ အစည်းအဝေးများတွင် အထူးကိုယ်စားလှယ်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ မဲပေးပိုင်ခွင့်မပြုဘဲ ပါဝင်ရေးအတွက်လည်းကောင်း၊ အထူးကိုယ်စားလှယ်အဖွဲ့အစည်းများ၏ အစည်းအဝေးများတွင် မိမိ၏ကိုယ်စားလှယ်များ ပါဝင်ရေးအတွက်လည်းကောင်း အစီအစဉ်များ ပြုလုပ်နိုင်သည်။

*အပိုဒ် ၇၁။*

စီးပွားရေးနှင့်လူမှုရေးကောင်စီသည် မိမိဆောင်ရွက်နိုင်ခွင့်အာဏာရှိသောကိစ္စ

များနှင့် သက်ဆိုင်သည့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် တိုင်ပင်နှီးနှော ရန် သင့်လျော်သော အစီအစဉ်များကို ပြုလုပ်နိုင်သည်။ အဆိုပါအစီအစဉ်များ ကို အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြုလုပ်နိုင်သည့်အပြင် သင့်လျော် သောကိစ္စတွင် သက်ဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံနှင့် တိုင်ပင်ဆွေး နွေးပြီးနောက် ထိုနိုင်ငံဆိုင်ရာအဖွဲ့အစည်းများနှင့်လည်း ပြုလုပ်နိုင်သည်။

*အပိုဒ် ၇၂။*

၁။ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် မိမိ၏ဥက္ကဋ္ဌရွေးချယ်နည်းအပါအဝင် မိမိ၏လုပ်ငန်းစဉ် နည်းဥပဒေများကို မိမိကပင် ပြဋ္ဌာန်းရမည်။

၂။ စီးပွားရေးနှင့်လူမှုရေးကောင်စီသည် မိမိ၏လုပ်ငန်းစဉ်နည်းဥပဒေများနှင့် အညီ လိုအပ်သလို အစည်းအဝေးများ ကျင်းပရမည်။ ထိုနည်းဥပဒေများ တွင် ကောင်စီဝင်နိုင်ငံအများစု၏ တောင်းဆိုချက်အရ အစည်းအဝေးများ ဖိတ်ခေါ်ကျင်းပရေးအတွက် ပြဋ္ဌာန်းချက်လည်း ပါဝင်ရမည်။

# အခန်း(၁၁)
# ကိုယ်ပိုင်အုပ်ချုပ်ရေးမရသေးသောနယ်ပယ်ဒေသများနှင့် စပ်လျဉ်းသည့်ကြေညာချက်

*အပိုဒ် ၇၃။*

လုံးဝ ကိုယ်ပိုင်အုပ်ချုပ်ရေး မရသေးသော လူမျိုးများ၏ နယ်ပယ်ဒေသများကို

စီရင်အုပ်ချုပ်ရေးအတွက် တာဝန်ရှိသော သို့မဟုတ် တာဝန်ယူသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် ထိုနယ်ပယ်ဒေသများ၌ မှီတင်းနေထိုင်သူများ၏ အကျိုးကိုသာ အဓိကထားရမည်ဟူသောမူကို အသိအမှတ်ပြုကြပြီးလျှင် ယခုလက်ရှိပဋိညာဉ်စာချုပ်အရ တည်ထောင်ထားသည့် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးစနစ်အတွင်း ထိုနယ်သူနယ်သားတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးစေရန် အစွမ်းကုန် ဆောင်ရွက်ရမည့် တာဝန်ကိုလည်း ယုံကြည်စွာ လွှဲအပ်သည်ဖြစ်၍ မွန်မြတ်သောတာဝန်အဖြစ်ဖြင့် လက်ခံကြသည်။ ဤရည်ရွယ်ချက်အရ အောက်ပါအတိုင်း ဆောင်ရွက်ရန် တာဝန်ကို လက်ခံကြသည်။

(က) သက်ဆိုင်ရာနယ်သူနယ်သားတို့၏ ယဉ်ကျေးမှုကို ထိုက်သည့်အားလျော်စွာ လေးစားလျက် ယင်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး တိုးတက်မှုရှိအောင် ဆောင်ရွက်ရန်၊ ယင်းတို့အပေါ် တရားမျှတစွာ ပြုမူဆက်ဆံရန်နှင့် ယင်းတို့အား မတရားပြုမူမှုများမှ ကာကွယ်စောင့်ရှောက်ရန်။

(ခ) နယ်ပယ်ဒေသအသီးသီးနှင့် နယ်သူနယ်သားများ၏ သီးခြားအခြေအနေကိုလည်းကောင်း၊ ထိုနယ်သူနယ်သားတို့၏ တိုးတက်မှုအဆင့်အမျိုးမျိုးကိုလည်းကောင်း လိုက်၍ ကိုယ်ပိုင်အုပ်ချုပ်ရေး တိုးတက်အောင်ဆောင်ရွက်ရန်၊ နယ်သူနယ်သားတို့၏ နိုင်ငံရေးလိုလားချက်များအား ထိုက်သည့်အားလျော်စွာ ထောက်ထားအရေးပေးရန်၊ ထို့အပြင် ယင်းတို့၏ လွတ်လပ်သော နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအဆင့်ဆင့် တိုးတက်လာစေခြင်းငှာ ယင်းတို့အား ကူညီရန်။

(ဂ) ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန်။

(ဃ) ဤအပိုဒ်တွင် ဖော်ပြထားသော လူမှုရေး၊ စီးပွားရေးနှင့် သိပ္ပံပညာဆိုင်ရာ ရည်မှန်းချက်များ လက်တွေ့အောင်မြင်စေမှုကို ရှေ့ရှုလျက် တိုးတက်ဖွံ့ဖြိုးရေးဆိုင်ရာ အပြုသဘောစီမံချက်များကို အားပေးချီးမြှင့်ရန်၊ သုတေသနလုပ်ငန်းကို အားပေးရန်၊ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရန်နှင့် သင့်လျော်သောကိစ္စနှင့် အချိန်ကာလတွင် အပြည်ပြည်ဆိုင်ရာ အထူးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

(င) အခန်း-၁၂နှင့် ၁၃တို့နှင့် သက်ဆိုင်သော နယ်ပယ်ဒေသများမှတပါး မိမိတို့အသီးသီး တာဝန်ယူသော နယ်ပယ်ဒေသများတွင် စီးပွားရေး၊ လူမှုရေး၊ ပညာရေးအခြေအနေများနှင့် သက်ဆိုင်သည့် စစ်တမ်းများနှင့် လုပ်ငန်းဆိုင်ရာ အခြားသတင်းများကို လုံခြုံမှုကိစ္စနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအတွက် လိုအပ်သော ကန့်သတ်ချက်နှင့် မဆန့်ကျင်စေဘဲ အတွင်းရေးမှူးချုပ်ထံသို့ သိသာအောင် မှန်မှန်ပေးပို့ရန်။

*အပိုဒ် ၇၄။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့သည် ဤအခန်းနှင့်သက်ဆိုင်သော နယ်ပယ်ဒေသများအပေါ် ထားရှိသည့် မိမိတို့ဝါဒမှာ မိမိတို့ပြည်မ၏ တစ်စိတ်တစ်ဒေသဖြစ်သော နယ်ပယ်ဒေသများအပေါ်ထားရှိသော မိမိတို့၏ဝါဒနှင့်မခြား အိမ်နီးချင်းကောင်းပီသမှုတည်းဟူသော ယေဘူယျမူအပေါ်အခြေခံ၍ လူမှုရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စများတွင် ကမ္ဘာပေါ်ရှိ အခြားနိုင်ငံသူနိုင်ငံသားတို့၏ အကျိုးနှင့် ကောင်းစားချမ်းသာရေးကို ထိုက်သည့်အားလျော်စွာ ထည့်သွင်းစဉ်းစားရန်လည်း သဘောတူကြသည်။

# အခန်း (၁၂)
# အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းရေးစနစ်

*အပိုဒ် ၇၅။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် မိမိ၏အာဏာအရ အပြည်ပြည်ဆိုင်ရာ ထိန်းသိမ်းရေးစနစ်တစ်ရပ်ကို နောက်ထပ် သီးခြားချုပ်ဆိုသော သဘောတူစာချုပ်များဖြင့် ထိုစနစ်အောက်အကျုံးဝင်စေမည့် နယ်ပယ်ဒေသများ အုပ်ချုပ်ကြီးကြပ်ရေးအတွက် တည်ထောင်ထားရှိရမည်။ ထိုနယ်ပယ်ဒေသများကို အထိန်းသိမ်းခံနယ်ပယ်ဒေသများဟု နောက်တွင်ရည်ညွှန်းထားသည်။

*အပိုဒ် ၇၆။*

ယခုလက်ရှိပဋိညာဉ်စာချုပ်အပိုဒ်-၁တွင် ပြဌာန်းထားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ရည်ရွယ်ချက်များနှင့်အညီ ထိန်းသိမ်းရေးစနစ်၏ အခြေခံရည်မှန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်ရမည်။

(က) ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ရန်။

(ခ) အထိန်းသိမ်းခံနယ်ပယ်ဒေသများတွင် နေထိုင်သူများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေး တိုးတက်မှုကို မြှင့်တင်ရန်၊ နယ်ပယ်ဒေသအသီးသီးနှင့် နယ်သူနယ်သားတို့၏ သီးခြားအခြေအနေများနှင့်လည်းကောင်း၊ သက်ဆိုင်ရာ နယ်သူနယ်သားတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုသော လိုလားချက်များနှင့်လည်းကောင်း၊ လိုက်လျောညီထွေဖြစ်ပြီး ထိန်းသိမ်းရေးသဘောတူစာချုပ်အသီးသီးပါ စည်းကမ်းချက်များဖြင့်

ပြဋ္ဌာန်းထားသော ကိုယ်ပိုင်အုပ်ချုပ်ရေး သို့မဟုတ် လွတ်လပ်ရေးကို ရှေ့ရှုလျှက် တစ်စတစ်စ တိုးတက်လာစေရေးအတွက် မြှင့်တင်ပေးရန်။

(ဂ) လူမျိုးမခွဲ၊ ကိုးကွယ်ရာဘာသာမခွဲ၊ ပြောဆိုရာဘာသာမခွဲ၊ ယောကျ်ား မိန်းမ မခွဲ လူခပ်သိမ်းတို့အတွက် လူ့အခွင့်အရေးများနှင့် အခြေခံလွတ်လပ်ခွင့်များ ရိုသေလေးစားမှုကို အားပေးရန်နှင့် ကမ္ဘာသူ ကမ္ဘာသားအပေါင်းတို့ တစ်ဦးအပေါ်တစ်ဦး အမှီသဟဲပြုနေရကြောင်း အသိအမှတ်ပြုမှုကို အားပေးရန်၊ ထို့ပြင်-

(ဃ) ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးနှင့် ယင်းတို့၏ နိုင်ငံသူနိုင်ငံသား တို့အား လူမှုရေး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးကိစ္စများတွင် ညီတူညီမျှ အခွင့်အရေးပေးရန်၊ ထို့ပြင် တရားစီရင်ရေးတွင်လည်း အဆို ပါ နိုင်ငံသူနိုင်ငံသားများအား အထက်ပါရည်မှန်းချက် အထမြောက်ရေး ကိုလည်းကောင်း၊ အပိုဒ်-၈၀ပါ ပြဋ္ဌာန်းချက်များကိုလည်းကောင်း မထိခိုက်စေဘဲ ညီတူညီမျှ အခွင့်အရေးပေးရန်။

*အပိုဒ် ၇၇။*

၁။ ထိန်းသိမ်းရေးစနစ်သည် ထိန်းသိမ်းရေးသဘောတူစာချုပ်များဖြင့် ထိုစနစ် အောက် အကျုံးဝင်စေသော အောက်ပါအမျိုးအစားဝင် နယ်ပယ်ဒေသ များနှင့် သက်ဆိုင်ရမည်။

(က) ကြီးစိုးခွင့်အမိန့်အရ ယခုလက်ရှိထားသော နယ်ပယ်ဒေသများ။

(ခ) ဒုတိယကမ္ဘာစစ်ကြီးကြောင့် ရန်သူနိုင်ငံများမှ ခွဲထုတ်ထားသော နယ်ပယ်ဒေသများ။

(ဂ) သက်ဆိုင်ရာ အုပ်ချုပ်ရေး တာဝန်ခံနိုင်ငံများက မိမိတို့အလို

အလျောက် ထိန်းသိမ်းရေးစနစ်အောက် အကျုံးဝင်စေသော နယ်ပယ်ဒေသများ။

၂။ အထက်ဖော်ပြပါ အမျိုးအစားဝင် မည်သည့်နယ်ပယ်များအား မည်သည့် စည်းကမ်းချက်များအရ ထိန်းသိမ်းရေးစနစ်အောက်သို့ သွတ်သွင်းရမည် ကို နောက်ထပ်ချုပ်ဆိုမည့် သဘောတူစာချုပ်ဖြင့် ဆုံးဖြတ်ရမည်။

*အပိုဒ် ၇၈။*

အဆိုပါနယ်ပယ်ဒေသများသည် တန်းတူလွတ်လပ်သော အချုပ်အခြာအာဏာ ပိုင်များအဖြစ် အချင်းချင်း အသိအမှတ်ပြုသောမူကို လေးစားမှုအပေါ် အခြေပြု၍ တစ်နယ်နှင့်တစ်နယ် ဆက်ဆံလျှက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ အဖြစ်သို့ ရောက်ရှိလာကြလျှင် ထိန်းသိမ်းရေးစနစ်နှင့် သက်ဆိုင်ခြင်း မရှိစေရ။

*အပိုဒ် ၇၉။*

ထိန်းသမ်းရေးစနစ်အောက်တွင် သွတ်သွင်းထားရှိမည့် နယ်ပယ်ဒေသအသီးသီး အတွက် ထိန်းသိမ်းရေး စည်းကမ်းချက်များနှင့်တကွ ထိုစည်းကမ်းချက်များတွင် ပြုလုပ်သော ပြောင်းလဲချက် သို့မဟုတ် ပြင်ဆင်ချက်ကို တိုက်ရိုက်သက်ဆိုင် သည့် နိုင်ငံများက သဘောတူရမည့်အပြင် အပိုဒ်-၈၃နှင့် ၈၅တွင် ပြဌာန်းထား သည့်အတိုင်းလည်း အတည်ပြုရမည်။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံ က နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ကိုယ်စားလှယ်လွှဲအမိန့်အရ ထိုနယ်ပယ်ဒေသ များကို လက်ရှိထားရလျှင် ထိုအဖွဲ့ဝင်နိုင်ငံလည်း ထိုနိုင်ငံများတွင် အပါအဝင် ဖြစ်ရမည်။

*အပိုဒ် ၈၀။*

၁။ နယ်ပယ်ဒေသအသီးသီးကို ထိန်းသိမ်းရေးစနစ်အောက်တွင် သွတ်သွင်းထားရှိရန် အပိုဒ်-၇၇၊ ၇၉နှင့် ၈၁အရ သီးခြားထိန်းသိမ်းရေး သဘောတူစာချုပ်များ မချုပ်ဆိုရသေးသမျှကာလပတ်လုံး၊ အကယ်၍ ချုပ်ဆိုပြီးဖြစ်လျှင် ထိုသဘောတူစာချုပ်တွင် သဘောတူထားသည့်အချက်များကို ချန်လှပ်၍ ဤအခန်းပါ ပြဋ္ဌာန်းချက်များကြောင့် နိုင်ငံတစ်နိုင်ငံ၏ သို့မဟုတ် လူတစ်မျိုးမျိုး၏ အခွင့်အရေးများကိုသော်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ ပါဝင်ချုပ်ဆိုထားသော လက်ရှိပြည်ထောင်အချင်းချင်း စာချုပ်စာတမ်းများပါ စည်းကမ်းချက်များကိုသော်လည်းကောင်း၊ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ပြောင်းလွဲစေသည်ဟု အဓိပ္ပာယ်ကောက်ယူခြင်း မပြုရ။

၂။ ဤအပိုဒ်၏ စာပိုဒ်-၁မှာ အပိုဒ်-၈၇တွင် ပြဋ္ဌာန်းထားသည့်အတိုင်း နိုင်ငံပေါင်းချုပ်အသင်းကြီး၏ ကိုယ်စားလှယ်လွှဲအမိန့်အရ အုပ်ချုပ်ထားသော နယ်ပယ်ဒေသများနှင့် အခြားနယ်ပယ်ဒေသများကို ထိန်းသိမ်းရေးစနစ်အောက် သွတ်သွင်းထားရှိမှုအတွက် သဘောတူစာချုပ်များချုပ်ဆိုရန် စေ့စပ်ဆွေးနွေးရေးကိုသော်လည်းကောင်း သဘောတူစာချုပ်များ ချုပ်ဆိုရေးကိုသော်လည်းကောင်း၊ နှောင့်နှေးစေရန် သို့မဟုတ် ရွှေ့ဆိုင်းထားရန် အကိုးအကားပြုနိုင်သော ပြဋ္ဌာန်းချက်ဖြစ်သည်ဟူ၍ အဓိပ္ပာယ်မကောက်ယူရ။

*အပိုဒ် ၈၁။*

ထိန်းသိမ်းရေးသဘောတူစာချုပ်အသီးသီးတွင် အထိန်းသိမ်းခံနယ်ပယ်ဒေသကို

အုပ်ချုပ်ရန် စည်းကမ်းချက်များ ပါရှိရမည့်အပြင် ထိုအထိန်းသိမ်းခံနယ်ပယ်ဒေသကို အုပ်ချုပ်မည့်အာဏာပိုင်ကိုလည်း ခန့်အပ်ရမည်။ နောင်တွင် "အုပ်ချုပ်ရေးအာဏာပိုင်" ဟူ၍ ခေါ်တွင်မည့် အဆိုပါအာဏာပိုင်သည် နိုင်ငံတစ်နိုင်ငံ၊ သို့မဟုတ် နိုင်ငံများကိုသော်လည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကိုယ်တိုင်သော်လည်းကောင်း ဖြစ်နိုင်သည်။

*အပိုဒ် ၈၂။*

အပိုဒ်-၄၃အရ ချုပ်ဆိုသော အထူးသဘောတူစာချုပ် သို့မဟုတ် စာချုပ်များကို မထိခိုက်စေဘဲ မည်သည့် ထိန်းသိမ်းရေးသဘောတူစာချုပ်တွင်မဆို၊ စစ်ရေးစစ်ရာ အချက်အခြာနယ်မြေ သို့မဟုတ် နယ်မြေများကို သတ်မှတ်ဖော်ပြနိုင်သည်။ ထိုနယ်မြေများတွင် ထိုသဘောတူစာချုပ်နှင့်သက်ဆိုင်သည့် အထိန်းသိမ်းခံ နယ်ပယ်ဒေသအားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ဒေသသော်လည်းကောင်း ပါဝင်နိုင်သည်။

*အပိုဒ် ၈၃။*

၁။ ထိုစစ်ရေးစစ်ရာအချက်အခြာနယ်မြေများနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အလုပ်ဝတ္တရားအားလုံးကို လုံခြုံရေးကောင်စီက ဆောင်ရွက်ရမည်။ ထိုအလုပ်ဝတ္တရားများတွင် ထိန်းသိမ်းရေး သဘောတူစာချုပ်များပါ စည်းကမ်းချက်များကိုသော်လည်းကောင်း၊ ထိုစည်းကမ်းချက်များတွင် ပြုလုပ်သော ပြောင်းလဲချက် သို့မဟုတ် ပြင်ဆင်ချက်ကိုသော်လည်းကောင်း အတည်ပြုခြင်းလည်း ပါဝင်သည်။

၂။ အပိုဒ်-၇၆တွင်ဖော်ပြထားသော အခြေခံရည်မှန်းချက်များသည် စစ်ရေးစစ်ရာ အချက်အခြာနယ်မြေအသီးသီးတွင် နေထိုင်သူတို့နှင့် သက်ဆိုင်ရမည်။

၃။ လုံခြုံရေးကောင်စီသည် ထိန်းသိမ်းရေးသဘောတူစာချုပ်များပါ ပြဋ္ဌာန်းချက်များနှင့်အညီ လုံခြုံမှုအတွက် လိုအပ်ချက်များကိုလည်း မထိခိုက်စေဘဲ စစ်ရေးစစ်ရာအချက်အခြာနယ်မြေများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးကိစ္စများ၌ ထိန်းသိမ်းရေးစနစ်အရ ဆောင်ရွက်ရန်ရှိသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အလုပ်ဝတ္တရားများကို နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီ၏ အကူအညီဖြင့် ဆောင်ရွက်ရမည်။

*အပိုဒ် ၈၄။*

အုပ်ချုပ်ရေးအာဏာပိုင်သည် အထိန်းသိမ်းခံနယ်ပယ်ဒေသအား ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေး ထိန်းသိမ်းစောင့်ရှောက်မှုတွင် မလွဲမသွေ ပါဝင်ဆောင်ရွက်ရမည့် တာဝန်ရှိသည်။ ဤကိစ္စအလို့ငှာ အုပ်ချုပ်ရေးအာဏာပိုင်သည် လုံခြုံရေးကောင်စီအတွက် ဆောင်ရွက်ရမည်ဟု ခံယူထားသောတာဝန်များကို ဆောင်ရွက်ရန်အလို့ငှာလည်းကောင်း၊ အထိန်းသိမ်းခံနယ်ပယ်ဒေသအတွင်း ရပ်ရွာကာကွယ်ရေးနှင့် ငြိမ်ဝပ်ပိပြားရေး ထိန်းသိမ်းစောင့်ရှောက်ရန်အလို့ငှာလည်းကောင်း ထိုအထိန်းသိမ်းခံနယ်ပယ်ဒေသမှ အပျော်တမ်းတပ်များ၊ လုပ်ငန်းလိုအပ်ချက်များနှင့် အကူအညီများကို လက်ခံအသုံးပြုနိုင်သည်။

*အပိုဒ် ၈၅။*

၁။ စစ်ရေးစစ်ရာအချက်အခြာဖြစ်သည်ဟု သတ်မှတ်ဖော်ပြမထားသော နယ်

မြေအားလုံးအတွက်ဖြစ်သော ထိန်းသိမ်းရေးသဘောတူစာချုပ်များနှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အလုပ်ဝတ္တရားများကို အထွေထွေညီလာခံက ဆောင်ရွက်ရမည်။ ထိုအလုပ်ဝတ္တရားများတွင် ထိန်းသိမ်းရေးသဘောတူစာချုပ်များပါ စည်းကမ်းချက်များကိုလည်းကောင်း၊ ထိုစည်းကမ်းချက်များတွင် ပြုလုပ်သော ပြောင်းလဲချက် သို့မဟုတ် ပြင်ဆင်ချက်ကိုလည်းကောင်း သဘောတူခြင်းလည်း ပါဝင်သည်။

၂။ အထွေထွေညီလာခံ၏အာဏာအရ လုပ်ကိုင်ဆောင်ရွက်ရသည့် နိုင်ငံငယ်များ ထိန်းသိမ်းရေးကောင်စီသည် အထွေထွေညီလာခံအား ယင်းအလုပ်ဝတ္တရားများကို ဆောင်ရွက်ရာတွင် ကူညီရမည်။

# အခန်း ၁၃။
# နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီ

ဖွဲ့စည်းပုံ

*အပိုဒ် ၈၆။*

၁။ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီတွင် အောက်ပါ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများ ပါဝင်ရမည်-

(က) အထိန်းသိမ်းခံနယ်ပယ်ဒေသများကို အုပ်ချုပ်ရသည့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ။

(ခ) အထိန်းသိမ်းခံနယ်ပယ်ဒေသများကို အုပ်ချုပ်ခြင်းမပြုသည့် အပိုဒ်-

၂၃တွင် အမည်ဖော်ပြထားသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ။ ထို့ပြင်-

(ဂ) နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီဝင် နိုင်ငံအရေအတွက် စုစု ပေါင်းကို ထိန်းသိမ်းခံနယ်ပယ်ဒေသများကို အုပ်ချုပ်ရသော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် မအုပ်ချုပ်ရသော ကမ္ဘာ့ကုလ သမဂ္ဂအဖွဲ့ဝင်နိုင်ငံများအား တစ်ဝက်စီ အညီအမျှ ခွဲဝေပေးနိုင် ခြင်းငှာ လိုအပ်သည့်အတိုင်း အထွေထွေညီလာခံက သုံးနှစ် သက်တမ်းအတွက် ရွေးကောက်တင်မြှောက်ထားသော အခြား ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ။

၂။ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီဝင် နိုင်ငံအသီးသီးသည် ကောင်စီတွင် မိမိကိုယ်စား ပါဝင်ဆောင်ရွက်ရန် အထူးအရည်အချင်းနှင့် ပြည့်စုံသည့် ပုဂ္ဂိုလ်တစ်ဦးကို ခန့်ထားရမည်။

အလုပ်ဝတ္တရားနှင့် အာဏာများ

*အပိုဒ် ၈၇။*

အထွေထွေညီလာခံနှင့် ယင်း၏အာဏာအရ ဆောင်ရွက်ရသည့် နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီတို့သည် မိမိတို့၏အလုပ်ဝတ္တရားများကို အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(က) အုပ်ချုပ်ရေးအာဏာပိုင်က တင်ပြသော အစီရင်ခံစာများကို စဉ်းစားဆွေးနွေးခြင်း။

(ခ) လျှောက်လွှာများကို လက်ခံ၍ အုပ်ချုပ်ရေးအာဏာပိုင်နှင့် တိုင်ပင်နှီးနှောကာ ယင်းလျှောက်လွှာများ ကို စစ်ဆေးခြင်း။

(ဂ) အုပ်ချုပ်ရေးအာဏာပိုင်နှင့် သဘောတူညီထားသော အချိန်များတွင် သက်ဆိုင်ရာ အထိန်းသိမ်းခံ နယ်ပယ်ဒေသများသို့ မှန်မှန် သွားရောက်ကြည့်ရှုမှုအတွက် စီမံခြင်း။

(ဃ) ဤအရေးကိစ္စများနှင့် အခြားအရေးကိစ္စများကို ထိန်းသိမ်းရေး သဘောတူစာချုပ်များပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်ခြင်း။

*အပိုဒ် ၈၈။*

နိုင်ငံငယ်များ ထိန်းသိမ်းရေးကောင်စီသည် အထိန်းသိမ်းခံနယ်ပယ်အသီးသီးတွင် နေထိုင်သူတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ပညာရေးတွင် မည်၍မည်မျှ တိုးတက်မှုရှိကြောင်း သိရှိနိုင်ရေးအတွက် မေးခွန်းစုတစ်ရပ်ကို သတ်မှတ်ရေးသားရမည်။ အထွေထွေညီလာခံ၏ အာဏာပိုင်နက်အတွင်းရှိ အထိန်းသိမ်းခံနယ်ပယ်အသီးသီးနှင့် သက်ဆိုင်သော အုပ်ချုပ်ရေးအာဏာပိုင်သည် အဆိုပါမေးခွန်းများအပေါ် အခြေပြု၍ အထွေထွေညီလာခံသို့ နှစ်ချုပ်အစီရင်ခံစာ တင်သွင်းရမည်။

မဲပေးခြင်း

*အပိုဒ် ၈၉။*

၁။ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီဝင် နိုင်ငံအသီးသီး၌ မဲတစ်မဲစီ ပေးပိုင်ခွင့် ရှိသည်။

၂။ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီ၏ ဆုံးဖြတ်ချက်များကို ကောင်စီအစည်းအဝေးသို့ တက်ရောက်မဲပေးသည့် ကောင်စီဝင်နိုင်ငံအများစု၏ မဲဆန္ဒဖြင့် ချမှတ်ရမည်။

လုပ်ငန်းစဉ်

*အပိုဒ် ၉၀။*

၁။ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီသည် မိမိ၏လုပ်ငန်းစဉ်နည်းဥပဒေများကို မိမိကပင် ပြဋ္ဌာန်းရမည်။ ထိုနည်းဥပဒေများတွင် မိမိ၏ဥက္ကဋ္ဌ ရွေးချယ်ရန်နည်းလမ်းကိုလည်း ထည့်သွင်းသတ်မှတ်ရမည်။

၂။ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီသည် မိမိ၏နည်းဥပဒေများနှင့်အညီ လိုအပ်သည့်အတိုင်း အစည်းအဝေးကျင်းပရမည်။ ထိုနည်းဥပဒေများတွင် ကောင်စီဝင်နိုင်ငံအများစု၏ တောင်းဆိုချက်အရ အစည်းအဝေးများကို ကျင်းပရန်အတွက် ပြဋ္ဌာန်းချက်လည်း ပါဝင်ရမည်။

*အပိုဒ် ၉၁။*

နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီသည် သင့်လျော်လျောက်ပတ်သောအခါ စီးပွားရေးနှင့် လူမှုရေးကောင်စီနှင့် အထူးကိုယ်စားလှယ်အဖွဲ့စည်းများ၏ အကူအညီကို ယင်းတို့အသီးသီးနှင့် သက်ဆိုင်သောကိစ္စများတွင် ရယူရမည်။

# အခန်း (၁၄)
# အပြည်ပြည်ဆိုင်ရာတရားရုံး

*အပိုဒ် ၉၂။*

အပြည်ပြည်ဆိုင်ရာတရားရုံးသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အဓိက တရားစီရင်

ရေးအဖွဲ့ ဖြစ်ရမည်။ ထိုတရားရုံးသည် ပူးတွဲပါ ဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။ ထိုဥပဒေမှာ အပြည်ပြည်ဆိုင်ရာ အမြဲတမ်းတရားရုံး၏ ဥပဒေပေါ်တွင် အခြေပြုသော ဥပဒေဖြစ်သည့်အပြင် ယခုလက်ရှိပဋိညာဉ်စာချုပ်တွင် လိုအပ်သော အစိတ်အပိုင်းအဖြစ်ဖြင့်လည်း ပါဝင်သည်။

*အပိုဒ် ၉၃။*

၁။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တွင် ပါဝင်သည့် အကြောင်းကြောင့်ပင် အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဥပဒေနှင့် သက်ဆိုင်သည်ချည်း ဖြစ်ကြသည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်မဟုတ်သောနိုင်ငံသည် အထွေထွေညီလာခံက လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် ကိစ္စတစ်ခုချင်းစီအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များအရ အပြည်ပြည်ဆိုင်ရာတရားရုံးက ဥပဒေနှင့် အကျုံးဝင်သောနိုင်ငံ ဖြစ်လာနိုင်သည်။

*အပိုဒ် ၉၄။*

၁။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးသည် မိမိပါဝင်သော မည်သည့်အမှုတွင်မဆို အပြည်ပြည်ဆိုင်ရာတရားရုံး၏ ဆုံးဖြတ်ချက်ကို လိုက်နာဆောင်ရွက်ရန် တာဝန်ယူရသည်။

၂။ အမှုတစ်ခုခုတွင်ပါဝင်သော အမှုသည်နိုင်ငံတစ်နိုင်ငံက အဆိုပါတရားရုံး၏ စီရင်ချက်အရ မိမိအပေါ် ကျရောက်သော တာဝန်များကို ဆောင်ရွက်ရန် ပျက်ကွက်လျှင် တစ်ဖက်အမှုသည်နိုင်ငံသည် လုံခြုံရေးကောင်စ၏ အကူအညီကို ရယူနိုင်သည်။ လုံခြုံရေးကောင်စီသည် မိမိလိုအပ်သည်

ထင်မြင်လျှင် ထိုစီရင်ချက်အတိုင်း အတည်ဖြစ်အောင် မည်သို့ စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း ထောက်ခံချက်များ ပေးနိုင်သည်၊ သို့မဟုတ် ဆုံးဖြတ်နိုင်သည်။

*အပိုဒ် ၉၅။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ အငြင်းပွားမှုများကို ဖြေရှင်းပေးရန်အတွက် ရှိရင်းသဘောတူစာချုပ်များအရဖြစ်စေ၊ နောင်ချုပ်ဆိုလတ္တံ့သော သဘောတူစာချုပ်များအရဖြစ်စေ၊ ထိုနိုင်ငံများက အခြားတရားခုံရုံးများသို့ လွှဲအပ်ခြင်းကို ယခုလက်ရှိပဋိညာဉ်စာချုပ်ပါ အချက်ကြောင့် တားဆီးပိတ်ပင်ခြင်း မရှိစေရ။

*အပိုဒ် ၉၆။*

၁။ အထွေထွေညီလာခံသည် သို့မဟုတ် လုံခြုံရေးကောင်စီသည် တရားဥပဒေနှင့်ဆိုင်သော မည်သည့်ကိစ္စတွင်မဆို အပြည်ပြည်ဆိုင်ရာတရားရုံးအား တိုင်ပင်နှီးနှော၍ ထင်မြင်ချက် တောင်းဆိုနိုင်သည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အခြားလုပ်ငန်းအဖွဲ့များနှင့် အထူးကိုယ်စားလှယ် အဖွဲ့အစည်းများသည်လည်း မည်သည့်အခါမဆို အထွေထွေညီလာခံ၏ အခွင့်အမိန့်ကို ရရှိပါက မိမိတို့၏ လုပ်ငန်းဆောင်တာအတွင်း အကျုံးဝင်သော ကိစ္စများမှ ပေါ်ပေါက်လာသည့် ဥပဒေရေးရာပြဿနာများနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာတရားရုံးအား တိုင်ပင်နှီးနှော၍ ထင်မြင်ချက်များ တောင်းဆိုနိုင်သည်။

# အခန်း (၁၅)
# အတွင်းရေးမှူးချုပ်ရုံး

*အပိုဒ် ၉၇။*

အတွင်းရေးမှူးချုပ်ရုံးတွင် အတွင်းရေးမှူးချုပ်နှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က လိုအပ်သော အရာထမ်း အမှုထမ်းများ ပါဝင်ရမည်။ အတွင်းရေးမှူးချုပ်ကို လုံခြုံရေးကောင်စီ၏ ထောက်ခံချက်အရ အထွေထွေညီလာခံက ခန့်ထားရမည်။ အတွင်းရေးမှူးချုပ်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အုပ်ချုပ်ရေးအရာရှိချုပ် ဖြစ်ရမည်။

*အပိုဒ် ၉၈။*

အတွင်းရေးမှူးချုပ်သည် အထွေထွေညီလာခံအစည်းအဝေး၊ လုံခြုံရေးကောင်စီ အစည်းအဝေး၊ စီးပွားရေးနှင့်လူမှုရေးကောင်စီ အစည်းအဝေးနှင့် နိုင်ငံငယ်များ ထိန်းသိမ်းရေးကောင်စီ အစည်းအဝေးအားလုံးတွင် အတွင်းရေးမှူးချုပ်အဖြစ် ဆောင်ရွက်ရမည့်အပြင်၊ ထိုလုပ်ငန်းအဖွဲ့များက မိမိအားလွှဲအပ်ထားသည့် အခြားအလုပ်ဝတ္တရားများကိုလည်း ဆောင်ရွက်ရမည်။ အတွင်းရေးမှူးချုပ်သည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ လုပ်ငန်းဆောင်တာနှင့်စပ်လျဉ်း၍ အထွေထွေညီလာခံသို့ နှစ်စဉ်အစီရင်ခံစာ တင်သွင်းရမည်။

*အပိုဒ် ၉၉။*

အတွင်းရေးမှူးချုပ်သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးထိန်းသိမ်းစောင့်

ရှောက်မှုကို အန္တရာယ်ဖြစ်လာနိုင်သည်ဟူ၍ မိမိထင်မြင်ယူဆသော မည်သည့် ကိစ္စမဆို လုံခြုံရေးကောင်စီအား အသိပေးနိုင်သည်။

*အပိုဒ် ၁၀၀။*

၁။ အတွင်းရေးမှူးချုပနှင့် ဝန်ထမ်းများသည် မိမိတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာတွင် မည်သည့်အစိုးရထံကမျှ သို့မဟုတ် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့၏ ပြင်ပရှိ အခြား မည်သည့်အာဏာပိုင်ထံကမျှ ညွှန်ကြားချက် များကို တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်း မပြုရ။ အတွင်းရေးမှူးချုပ် နှင့် ဝန်ထမ်းများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကိုသာ တာဝန်ခံရသည့် အပြည်ပြည်ဆိုင်ရာဝန်ထမ်းများဖြစ်သည့်အားလျော်စွာ ယင်းတို့၏ ဂုဏ် အဆင့်အတန်းနှင့်မလျော်သည့် အပြုမူမှန်သမျှကို ရှောင်ကျဉ်ရမည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအသီးသီးသည် အတွင်းရေးမှူးချုပ်နှင့် ဝန်ထမ်းများ၏ နိုင်ငံတကာနှင့်သက်ဆိုင်သည့် သဘောလက္ခဏာ သက် ဝင်သော တာဝန်များကို လေးစားရန်နှင့် ယင်းတို့၏တာဝန်များကို ဆောင် ရွက်ရာတွင် ယင်းတို့အပေါ် ဩဇာလွှမ်းမိုးခြင်းမပြုရန် တာဝန်ယူရသည်။

*အပိုဒ် ၁၀၁။*

၁။ ဝန်ထမ်းများကို အတွင်းရေးမှူးချုပ်က အထွေထွေညီလာခံမှ ချမှတ်ထား သော စည်းမျဉ်းဥပဒေများအရ ခန့်ထားရမည်။

၂။ သင့်လျော်သော ဝန်ထမ်းများကို စီးပွားရေးနှင့် လူမှုရေးကောင်စီသို့လည်း ကောင်း၊ နိုင်ငံငယ်များထိန်းသိမ်းရေးကောင်စီသို့လည်းကောင်း၊ လိုအပ်ပါ က ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အခြားလုပ်ငန်းအဖွဲ့များသို့လည်းကောင်း၊

နေရာချထားပေးရမည်။ ထိုဝန်ထမ်းများသည် အတွင်းရေးမှူးချုပ်ရုံးတွင် အပါအဝင် ဖြစ်ရမည်။

၃။ ဝန်ထမ်းများကို ခန့်ထားရာတွင်လည်းကောင်း၊ ဝန်ထမ်းစည်းကမ်းများကို သတ်မှတ်ရာတွင်လည်းကောင်း၊ အလုပ်အကိုင်၊ အရည်အချင်းနှင့် သိက္ခာသမာဓိ၊ ဂုဏ်အဆင့်အတန်း အမြင့်ဆုံးရရှိရန် လိုအပ်ခြင်းကို အဓိကထား၍ ထည့်သွင်းစဉ်းစားရမည်။ အရာထမ်းအမှုထမ်းများကို ခေါ်ယူခန့်ထားရာတွင် ပထဝီအခြေခံအရ ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရေးကို မူတည်၍ ခန့်ထားရန် အရေးကြီးကြောင်းကို ထိုက်သင့်သလို ထောက်ထားရမည်။

# အခန်း (၁၆)
# အထွေထွေပြဋ္ဌာန်းချက်များ

*အပိုဒ် ၁၀၂။*

၁။ ယခုလက်ရှိပဋိညာဉ်စာချုပ် စတင်အာဏာတည်ပြီးသည့်နောက် မည်သည့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံကမဆို ချုပ်ဆိုသောစာချုပ်အသီးသီးနှင့် ပြည်ထောင်စုအချင်းချင်း သဘောတူစာချုပ်အသီးသီးကို ဆောလျင်နိုင်သမျှ ဆောလျင်စွာ အတွင်းရေးမှူးချုပ်ရုံးတွင် မှတ်ပုံတင်ရမည့်အပြင် ထိုရုံးကလည်း ထုတ်ပြန်ကြေညာရမည်။

၂။ အဆိုပါစာချုပ်ကို သို့မဟုတ် အဆိုပါပြည်ထောင်အချင်းချင်း သဘောတူ

စာချုပ်ကို ဤအပိုဒ်၏ စာပိုဒ်-၁ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်း မရှိပါက ထိုစာချုပ် သို့မဟုတ် ထိုသဘောတူစာချုပ်တွင် သက်ဆိုင်ပါဝင်သော မည်သည့်နိုင်ငံနှင့်မျှ ထိုစာချုပ သို့မဟုတ် ထိုသဘောတူစာချုပ်နှင့်စပ်လျဉ်း၍ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ လုပ်ငန်းအဖွဲ့ တစ်ခုခုတွင် တိုင်တည်နိုင်ခွင့် မရှိစေရ။

*အပိုဒ် ၁၀၃။*

ယခုလက်ရှိပဋိညာဉ်စာချုပ်အရဖြစ်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ တာဝန်များနှင့် အခြား ပြည်ထောင်စုအချင်းချင်း သဘောတူစာချုပ် တစ်ခုခု အရဖြစ်သော ယင်းတို့၏တာဝန်များ ဆန့်ကျင်ကွဲလွဲနေလျှင် ယခုလက်ရှိပဋိညာဉ်စာချုပ်အရဖြစ်သော ယင်းတို့၏တာဝန်များသာ အတည်ဖြစ်ရမည်။

*အပိုဒ် ၁၀၄။*

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ နယ်ပယ်တွင် မိမိ၏ အလုပ်ဝတ္တရားများ ဆောင်ရွက်ရေးနှင့် မိမိ၏ရည်ရွယ်ချက်များ အထမြောက်ရေးအတွက် လိုအပ်သည့်အတိုင်း တရားဝင် အရေးယူဆောင်ရွက်နိုင်သော အခွင့်အရေးကို ခံစားခွင့်ရှိရမည်။

*အပိုဒ် ၁၀၅။*

၁။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အဖွဲ့ဝင်နိုင်ငံအသီးသီး၏ နယ်ပယ်တွင် မိမိ၏ ရည်ရွယ်ချက်များ အထမြောက်ရေးအတွက် လိုအပ်သော အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို ခံစားခွင့်ရှိရမည်။

၂။ ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ဝန်ထမ်းများသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့နှင့်စပ်လျဉ်းသည့် မိမိတို့၏ အလုပ်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သောအခွင့်အရေးများနှင ကင်းလွတ်ခွင့်များကို အလားတူခံစားခွင့် ရှိရမည်။

၃။ အထွေထွေညီလာခံသည် ဤအပိုဒ်၏ စာပိုဒ်-၁နှင့် ၂အရ ခံစားရမည့် အခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များ အသေးစိတ် သတ်မှတ်ရေးကို ရှေးရှု၍ ထောက်ခံချက်များပေးနိုင်သည်။ သို့မဟုတ် ဤကိစ္စအလို့ငှာ သဘောတူစာချုပ်များချုပ်ဆိုရန် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ အဆိုပြုနိုင်သည်။

# အခန်း (၁၇)
# အကူးအပြောင်းကာလအတွက် လုံခြုံရေးအစီအစဉ်များ

*အပိုဒ် ၁၀၆။*

အပိုဒ်-၄၂အရဖြစ်သော မိမိ၏တာဝန်များကို စတင်ဆောင်ရွက်စေနိုင်သည့် စာချုပ်များဖြစ်သည်ဟု လုံခြုံရေးကောင်စီက ထင်မြင်သည့် အပိုဒ်-၄၃တွင် ရည်ညွှန်းဖော်ပြထားသော အထူးသဘောတူစာချုပ်များ အတည်မဖြစ်သေးမီ အတွင်း ၁၉၄၃ခုနှစ်၊ အောက်တိုဘာလ(၃၀)ရက်နေ့တွင် မော်စကိုမြို့၌ လက်မှတ်ရေးထိုးခဲ့သော လေးနိုင်ငံကြေညာချက်ဝင်နိုင်ငံများနှင့် ပြင်သစ်နိုင်ငံ

သည် ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် နယ်မြေလုံခြုံရေးတို့ကို ထိန်းသိမ်းစောင့်ရှောက်မှု အတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကိုယ်စား လိုအပ်သလို ပူးပေါင်းဆောင်ရွက်ရေး ကို ရှေ့ရှု၍ အဆိုပါကြေညာချက်၏ စာပိုဒ်-၅ပါ ပြဋ္ဌာန်းချက်များနှင့်အညီ တစ်နိုင်ငံနှင့်တစ်နိုင်ငံ ညှိနှိုင်းတိုင်ပင်ရမည့်အပြင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် အခြားနိုင်ငံများနှင့်လည်း လိုအပ်သည့်အခါ ညှိနှိုင်းတိုင်ပင်ရမည်။

*အပိုဒ် ၁၀၇။*

ယခုလက်ရှိပဋိညာဉ်စာချုပ်ကိုလက်မှတ်ရေးထိုးသော မည်သည့်နိုင်ငံနှင့်မဆို ဒုတိယကမ္ဘာစစ်အတွင်းက ရန်သူဖြစ်ခဲ့သော နိုင်ငံတစ်နိုင်ငံအပေါ်တွင် အရေးယူရန် တာဝန်ရှိသောအစိုးရများက ထိုစစ်ကြောင့်အရေးယူခြင်းကိုသော်လည်းကောင်း၊ ထိုသို့အရေးယူရန် ခွင့်ပြုခြင်းကိုသော်လည်းကောင်း၊ ယခုလက်ရှိ ပဋိညာဉ်စာချုပ်ပါအချက်ကြောင့် ပျက်ပြယ်စေခြင်း သို့မဟုတ် တားဆီးခြင်း မရှိစေရ။

# အခန်း (၁၈)
# ပြင်ဆင်ချက်များ

*အပိုဒ် ၁၀၈။*

ယခုလက်ရှိပဋိညာဉ်စာချုပ်၌ ပြင်ဆင်ချက်များကို အထွေထွေညီလာခံတွင် ပါဝင်သော နိုင်ငံများ၏ သုံးပုံနှစ်ပုံတို့၏ မဲဖြင့် လက်ခံအတည်ပြုပြီးနောက်

လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအားလုံးအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံ သုံးပုံနှစ်ပုံက မိမိတို့၏ သက်ဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ အတည်ပြုလျှင် ထိုပြင်ဆင်ချက်များသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အားလုံးအတွက် အတည်ဖြစ်ရမည်။

*အပိုဒ် ၁၀၉။*

၁။ ယခုလက်ရှိပဋိညာဉ်စာချုပ်ကို ပြန်လည်စစ်ဆေးကြည့်ရှုရန်အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံပေါင်းစုံ အစည်းအဝေးကြီးကို အထွေထွေ ညီလာခံတွင်ပါဝင်သည့် နိုင်ငံ သုံးပုံနှစ်ပုံ၏ မဲဖြင့်လည်းကောင်း၊ လုံခြုံရေး ကောင်စီအဖွဲ့ဝင်နိုင်ငံများအနက် ကိုးနိုင်ငံ၏ မဲဖြင့်လည်းကောင်း၊ သတ်မှတ်သော နေ့ရက်နှင့် နေရာတွင် ကျင်းပနိုင်သည်။ ထိုနိုင်ငံပေါင်းစုံ အစည်းအဝေးကြီးတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအသီးသီးမှာ မဲ တစ်မဲစီ ပေးပိုင်ခွင့်ရှိသည်။

၂။ ထိုနိုင်ငံပေါင်းစုံအစည်းအဝေးကြီးသို့ တက်ရောက်သောနိုင်ငံ သုံးပုံနှစ်ပုံ တို့၏ မဲဖြင့် ထောက်ခံချက်အရ လက်ရှိပဋိညာဉ်စာချုပ်တွင် ပြုလုပ် အပ်သော ပြောင်းလဲချက်တစ်ခုခုကို လုံခြုံရေးကောင်စီ၏ အမြဲတမ်းအဖွဲ့ ဝင်နိုင်ငံ အားလုံးအပါအဝင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ သုံးပုံနှစ်ပုံ တို့က မိမိတို့၏ ဆိုင်ရာဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ လိုက်နာ ကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ခံအတည်ပြုသောအခါ ထိုပြောင်းလဲချက်သည် အတည်ဖြစ်ရမည်။

၃။ ယခုလက်ရှိပဋိညာဉ်စာချုပ် အတည်ဖြစ်ပြီးသည့်နောက် တစ်ဆယ်ကြိမ်

မြောက် နှစ်ပတ်လည် အထွေထွေညီလာခံအစည်းအဝေး မကျင်းပမီ အဆိုပါနိုင်ငံပေါင်းစုံအစည်းအဝေးကြီးကို မကျင်းပရသေးလျှင် ယင်းနိုင်ငံပေါင်းစုံအစည်းအဝေးကြီး ဖိတ်ခေါ်ရန်အဆိုကို တစ်ဆယ်ကြိမ်မြောက် အထွေထွေညီလာခံ အစည်းအဝေးအစီအစဉ်တွင် ထည့်သွင်းရမည်။ ထိုနိုင်ငံပေါင်းစုံအစည်းအဝေးကြီးကို ကျင်းပရန် အထွေထွေညီလာခံတွင် ပါဝင်သော နိုင်ငံများ၏ မဲများရာဖြင့်လည်းကောင်း၊ လုံခြုံရေးကောင်စီအဖွဲ့ဝင် ကိုးနိုင်ငံ၏ မဲဖြင့်လည်းကောင်း ဆုံးဖြတ်လျှင် ထိုဆုံးဖြတ်သည့်အတိုင်း ကျင်းပရမည်။

# အခန်း (၁၉)
# လက်ခံအတည်ပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်း

*အပိုဒ် ၁၁၀။*

၁။ ယခုလက်ရှိပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးထားကြသော နိုင်ငံများသည် မိမိတို့၏ သက်ဆိုင်ရာ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေအရ လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်ခံအတည်ပြုရမည်။

၂။ လက်ခံအတည်ပြုချက်များကို အမေရိကန်ပြည်ထောင်စု အစိုးရထံသို့ ပေးအပ်ရမည်။ ထိုသို့ ပေးအပ်သည့်အခါတိုင်း အမေရိကန်နိုင်ငံ

အစိုးရက စာချုပ်လက်မှတ်ရေးထိုးသည့် နိုင်ငံအားလုံးအားလည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အတွင်းရေးမှူးချုပ် ခန့်ထားပြီးဖြစ်လျှင်လည်း ယင်းအတွင်းရေးမှူးချုပ်အားလည်းကောင်း အကြောင်းကြားရမည်။

၃။ ယခုလက်ရှိပဋိညာဉ်စာချုပ်သည် တရုတ်သမ္မတနိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ ဆိုဗီယက်ဆိုရှယ်လစ်ပြည်ထောင်စု သမ္မတနိုင်ငံ၊ ဗြိတိန်နှင့် အိုင်ယာလန်မြောက်ပိုင်းနှင့် အမေရိကန်ပြည်ထောင်စုနိုင်ငံများအားလည်းကောင်း၊ လက်မှတ်ရေးထိုးသည့် အခြားနိုင်ငံအများစုကလည်းကောင်း၊ မိမိတို့၏ လက်ခံအတည်ပြုချက်များကို ပေးအပ်သည့်အခါ အတည်ဖြစ်ရမည်။ ထိုသို့ပေးအပ်ထားသည့် လက်ခံအတည်ပြုချက်များဆိုင်ရာ မူရင်းစာချုပ်တစ်ခုကို အမေရိကန်ပြည်ထောင်စုနိုင်ငံအစိုးရက ရေးဆွဲရမည့်အပြင် ထိုမူရင်းစာချုပ်မိတ္တူများကိုလည်း လက်မှတ်ရေးထိုးသည့် နိုင်ငံအားလုံးသို့ ပေးပို့ရမည်။

၄။ ယခုလက်ရှိပဋိညာဉ်စာချုပ်ကို လက်မှတ်ရေးထိုးကြသည့် နိုင်ငံတို့သည် စာချုပ်အတည်ဖြစ်လာပြီးနောက်မှ ယင်းစာချုပ်ကို လက်ခံအတည်ပြုလျှင် မိမိတို့အသီးသီးဆိုင်ရာ လက်ခံအတည်ပြုချက်များကို ပေးအပ်သောနေ့ရက်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ မူလအဖွဲ့ဝင်နိုင်ငံများအဖြစ်သို့ ရောက်ရှိရမည်။

*အပိုဒ် ၁၁၁။*

ယခုလက်ရှိပဋိညာဉ်စာချုပ်ကို အမေရိကန်ပြည်ထောင်စုနိုင်ငံအစိုးရ၏ မှတ်တမ်းဌာနတွင် ထည့်သွင်းထားရှိရမည်။ ထိုစာချုပ်၏ တရုတ်မူ၊ ပြင်သစ်မူ၊ ရုရှမူ၊ အင်္ဂလိပ်မူနှင့် စပိန်မူများသည် တရားဝင်၍ တူညီသော မူမှန်များ ဖြစ်

ကြသည်။ မှန်ကန်ကြောင်း နည်းလမ်းတကျ သက်သေခံလက်မှတ်ရေးထိုး ထားသော ထိုစာချုပ်၏ မိတ္တူများကို အမေရိကန်ပြည်ထောင်စုနိုင်ငံအစိုးရက စာချုပ်လက်မှတ်ရေးထိုးသည့် အခြားနိုင်ငံအစိုးရများထံသို့ ပေးပို့ရမည်။

ယခုလက်ရှိ ပဋိညာဉ်စာချုပ်အတိုင်း ဆောင်ရွက်မည်ဟု ယုံကြည်လျက်

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ အစိုးရကိုယ်စားလှယ်တို့သည် ယခုလက်ရှိ စာချုပ်ကို လက်မှတ်ရေးထိုးကြသည်။

၁၉၄၅ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့တွင် ယခုလက်ရှိ စာချုပ်ကို ဆန်ဖရန်စစ္စကိုမြို့၌ လက်မှတ်ရေးထိုး ပြီးစီးကြသည်။

# အပြည်ပြည်ဆိုင်ရာတရားရုံး
# ၏
# ဥပဒေ

*အပိုဒ် ၁။*

အပြည်ပြည်ဆိုင်ရာတရားရုံးကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ အဓိကတရားစီရင်ရေး အဖွဲ့အဖြစ် ကမ္ဘာကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ်စာချုပ်အရ တည်ထောင်ခဲ့သည့် အတိုင်း ယခုလက်ရှိဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖွဲ့စည်း၍ အလုပ် ဝတ္တရား ဆောင်ရွက်စေရမည်။

# အခန်း (၁)
# တရားရုံးဖွဲ့စည်းပုံ

*အပိုဒ် ၂။*

တရားရုံးကို လွတ်လပ်သော တရားသူကြီးများဖြင့် ပူးပေါင်းဖွဲ့စည်းရမည်။ ထို တရားသူကြီးများကို မိမိတို့အသီးသီး ဆိုင်ရာနိုင်ငံများတွင် အမြင့်ဆုံးသော တရားဌာနရာထူးများ၌ ခန့်ထားရန်အတွက် လိုအပ်သော အရည်အချင်းများ နှင့် ပြည့်စုံသည့် သို့မဟုတ် အပြည်ပြည်ဆိုင်ရာ တရားဥပဒေအရာတွင် ပါရဂူဟု အသိအမှတ်ပြုထားသည့် ကိုယ်ကျင့်တရား အထူးကောင်းမွန်သော ပုဂ္ဂိုလ်များထဲမှ လူမျိုးမခွဲခြားပဲ ရွေးကောက်တင်မြှောက်ရမည်။

*အပိုဒ် ၃။*

၁။ တရားရုံးတွင် အဖွဲ့ဝင်တရားသူကြီး တစ်ဆယ့်ငါးဦး ပါဝင်ရမည်။ တရားသူကြီးများတွင် တစ်နိုင်ငံတည်းမှ နိုင်ငံသားတစ်ဦးထက်ပို၍ ပါဝင် ခြင်း မရှိစေရ။

၂။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် တရားရုံးတွင် အဖွဲ့ဝင်တရားသူကြီးများ ဖြစ်ရေးကိစ္စအတွက် တစ်နိုင်ငံတည်းသားမဟုတ်ဘဲ နိုင်ငံများနှင့်သက်ဆိုင်သော နိုင်ငံသားဖြစ်သည်ဟု မှတ်ယူနိုင်သည့်ပုဂ္ဂိုလ်ဖြစ်လျှင် ထိုပုဂ္ဂိုလ်အား ပြည်သူ့အခွင့်အရေးများနှင့် နိုင်ငံရေးဆိုင်ရာအခွင့်အရေးများကို ယင်းပုဂ္ဂိုလ် သာမန်အားဖြင့် ခံစားဆောင်ရွက်ရာနိုင်ငံနှင့်သာ သက်ဆိုင်သော နိုင်ငံသားအဖြစ် မှတ်ယူရသည်။

*အပိုဒ် ၄။*

၁။ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများကို ပဋိပက္ခဖျန်ဖြေရေး အမြဲတမ်းခုံရုံးတွင် ပါဝင်သည့် အမျိုးသားအဖွဲ့များက အမည်တင်သွင်းသော ပုဂ္ဂိုလ်များစာရင်းတွင် ပါရှိသူများထဲမှ အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတို့က အောက်ပါပြဋ္ဌာန်းချက်များနှင့်အညီ ရွေးကောက်တင်မြှောက် ရမည်။

၂။ ပဋိပက္ခဖျန်ဖြေရေး အမြဲတမ်းခုံရုံးတွင် မပါဝင်သော ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံများနှင့်စပ်လျဉ်း၍ တရားသူကြီးအဖြစ် အရွေးခံလိုသည့် ပုဂ္ဂိုလ်များကို ဤကိစ္စအလို့ငှာ သက်ဆိုင်ရာအစိုးရများခန့်ထားသော အမျိုးသားအဖွဲ့များက ပြည်ထောင်အချင်းချင်း အငြင်းပွားမှုများ ငြိမ်းချမ်းစွာ ဖြန်ဖြေရေးအတွက် ချုပ်ဆိုထားသော ၁၉၀၇ခုနှစ်၊ ဟိဂ်သဘောတူစာချုပ် အပိုဒ်-၄၄အရ၊ ပဋိပက္ခဖျန်ဖြေရေး အမြဲတမ်းခုံရုံးများအတွက် သတ်မှတ်ထားသော စည်းကမ်းချက်များအတိုင်း အမည်တင်သွင်းရမည်။

၃။ ယခုလက်ရှိဥပဒေတွင်ပါဝင်သော နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ မဟုတ်လျှင်၊ ထိုနိုင်ငံအား တရားရုံး၏ အဖွဲ့ဝင်တရားသူ

ကြီးများ ရွေးကောင်တင်မြှောက်ရာတွင် ပါဝင်ဆောင်ရွက်စေရာ၌ လိုက် နာစေသော စည်းကမ်းချက်များကို အထူးသဘောတူစာချုပ်ချုပ်ဆိုပြီး၊ မရှိလျှင် အထွေထွေညီလာခံက လုံခြုံရေးကောင်စီ၏ ထောက်ခံချက်ဖြင့် သတ်မှတ်ရမည်။

*အပိုဒ် ၅။*

၁။ ရွေးကောက်တင်မြှောက်ခြင်းမပြုမီ အနည်းဆုံး သုံးလကြိုတင်၍ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်သည် ယခုလက်ရှိဥပဒေတွင်ပါဝင်သည့် နိုင်ငံများနှင့်သက်ဆိုင်သော ပဋိပက္ခဖျန်ဖြေရေး အမြဲတမ်းခုံရုံးဝင်များ အားလည်းကောင်း၊ အပိုဒ်-၄၊ စာပိုဒ်-၂အရ ခန့်ထားသော အမျိုးသား အဖွဲ့များတွင် ပါဝင်သူများအားလည်းကောင်း၊ တရားရုံး၏ အဖွဲ့ဝင် တရားသူကြီး၏ တာဝန်များ လက်ခံနိုင်သည့် အခြေအနေရှိသော ပုဂ္ဂိုလ် များအား အမည်တင်သွင်းရေးကို အမျိုးသားအဖွဲ့များအလိုက် သတ်မှတ် ထားသည့် အချိန်အတွင်း တာဝန်ယူဆောင်ရွက်ပေးရန် စာဖြင့်ရေးသား၍ ပန်ကြားရမည်။

၂။ မည်သည့်အမျိုးသားအဖွဲ့ကမျှ ပုဂ္ဂိုလ်လေးဦးထက်ပို၍ အမည်မတင်သွင်း ရ၊ ထိုလေးဦးတွင် မိမိတို့၏ နိုင်ငံသား နှစ်ဦးထက်ပို၍ မပါဝင်စေရ၊ အမျိုးသားအဖွဲ့တစ်ဖွဲ့က အမည်တင်သွင်းသော တရားသူကြီး အရွေးခံသူ ဦးရေမှာ ဖြည့်သွင်းခန့်ထားရမည့် တရားသူကြီးအရေအတွက်၏ နှစ်ဆ ထက် မည်သည့်အခါမျှ မပိုစေရ။

*အပိုဒ် ၆။*

ထိုသို့အမည်တင်သွင်းခြင်းမပြုလုပ်မီ အမျိုးသားအဖွဲ့တိုင်းသည် မိမိနိုင်ငံနှင့် သက်ဆိုင်သည့် အမြင့်ဆုံးသော တရားရုံးကိုလည်းကောင်း၊ တက္ကသိုလ်ဥပဒေ သင်ကြားရေးဌာနများနှင့် ဥပဒေပညာသင်ကျောင်းများသို့လည်းကောင်း၊ ဥပဒေ ပညာလေ့လာလိုက်စားရန် တည်ထောင်ထားသော အမျိုးသားတက္ကသိုလ်များ မှစ၍ အပြည်ပြည်ဆိုင်ရာတက္ကသိုလ်များရှိ အမျိုးသားဌာနများကိုလည်းကောင်း နှီးနှောတိုင်ပင်သင့်ကြောင်း ထောက်ခံသည်။

*အပိုဒ် ၇။*

၁။ အတွင်းရေးမှူးချုပ်သည် ထိုသို့အမည်တင်သွင်းခြင်းခံရသော ပုဂ္ဂိုလ်တို့၏ စာရင်းကို အက္ခရာစဉ်အလိုက် စီစဉ်ပြုလုပ်ရမည်။ အပိုဒ်-၁၂၊ စာပိုဒ်-၂ တွင် ပြဋ္ဌာန်းထားသည့်အတိုင်းမှတပါး ဤသို့ အမည်တင်သွင်းခြင်းခံရ သော ပုဂ္ဂိုလ်များသာလျှင် အရွေးခံနိုင်ခွင့်ရှိရမည်။

၂။ အတွင်းရေးမှူးချုပ်သည် ထိုစာရင်းကို အထွေထွေညီလာခံသို့လည်း ကောင်း၊ လုံခြုံရေးကောင်စီသို့လည်းကောင်း တင်ပြရမည်။

*အပိုဒ် ၈။*

အထွေထွေညီလာခံတွင် လုံခြုံရေးကောင်စီတို့သည် တရားရုံး၏ အဖွဲ့ဝင် တရားသူကြီးများကို ရွေးကောက်ရန်အတွက် တစ်ဖွဲ့နှင့်တစ်ဖွဲ့ သီးခြား လွတ်လပ်စွာ အရေးယူဆောင်ရွက်ရမည်။

*အပိုဒ် ၉။*

ရွေးကောက်တင်မြှောက်သည့်အခါတိုင်း အရွေးခံရသူများမှာ လိုအပ်သည့် အရည်အချင်းများနှင့် ကိုယ်စီကိုယ်ငှ ပြည့်စုံရမည်ဟူသောအချက်ကိုသာမက တရားရုံးအဖွဲ့တစ်ဖွဲ့လုံးအနေဖြင့် ကမ္ဘာပေါ်ရှိ အဓိကယဉ်ကျေးမှုများကိုလည်းကောင်း၊ ကမ္ဘာပေါ်ရှိ အဓိကတရားဥပဒေစနစ်များကိုလည်းကောင်း၊ ကိုယ်စားပြုထားသည်ကိုလည်း ရွေးကောက်တင်မြှောက်သူတို့က သတိချပ်ရမည်။

*အပိုဒ် ၁၀။*

၁။ အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီတွင် မဲအများစုရရှိသော ဝင်ရောက်အရွေးခံသူများကို ရွေးကောက်တင်မြှောက်ခြင်းခံရသူများဟု မှတ်ယူရမည်။

၂။ လုံခြုံရေးကောင်စီသည် တရားသူကြီးများ ရွေးကောက်တင်မြှောက်ရာတွင်သော်လည်းကောင်း၊ အပိုဒ်-၁၂တွင် ဖော်ပြထားသော ညီလာခံအဖွဲ့ဝင်များ ခန့်အပ်ထားရာတွင်သော်လည်းကောင်း၊ မဲပေးသည့်အခါ လုံခြုံရေးကောင်စီသည် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံများနှင့် အမြဲတမ်းမဟုတ်သော အဖွဲ့ဝင်နိုင်ငံများဟူ၍ ခွဲခြားခြင်း မပြုဘဲ မဲပေးရမည်။

၃။ အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီ နှစ်ရပ်လုံးတွင် တစ်နိုင်ငံတည်းမှ တစ်ဦးထက်ပိုသော နိုင်ငံသားများက မဲအများစု ရရှိသောအခါ ထိုပုဂ္ဂိုလ်များအနက် အသက်အကြီးဆုံးပုဂ္ဂိုလ်သာ ရွေးကောက်တင်မြှောက်ခံရသူဟု မှတ်ယူရမည်။

*အပိုဒ် ၁၁။*

ရွေးကောက်တင်မြှောက်ခြင်းကိစ္စအတွက် အစည်းအဝေးကို ပထမအကြိမ် ကျင်းပပြီးသည့်နောက် ဖြည့်သွင်းရမည့် နေရာတစ်နေရာဖြစ်စေ၊ တစ်နေရာထက် ပို၍ဖြစ်စေ ကျန်ရှိနေလျှင် ထိုအစည်းအဝေးကို ဒုတိယအကြိမ် ကျင်းပ၍ လိုအပ်လျှင် တတိယအကြိမ် ကျင်းပရမည်။

*အပိုဒ် ၁၂။*

၁။ တတိယအကြိမ်အစည်းအဝေး ကျင်းပပြီးသည့်နောက် ဖြည့်သွင်းရမည့် နေရာတစ်နေရာဖြစ်စေ၊ တစ်နေရာထက် ပို၍ဖြစ်စေ ကျန်ရှိနေသေးလျှင် ထိုလစ်လပ်နေသေးသော နေရာအသီးသီးတွင် အမည်တစ်ခုစီကို မဲအများစုဖြင့် ရွေးချယ်ပြီး အထွေထွေညီလာခံနှင့် လုံခြုံရေးကောင်စီ အသီးသီးတို့ အတည်ပြုရန် တင်သွင်းခြင်း ပြုရမည့် ပူးတွဲ အဖွဲ့တစ်ရပ်ကို မည်သည့်အခါမဆို အထွေထွေညီလာခံ၏ တောင်းဆိုချက်အရဖြစ်စေ လုံခြုံရေးကောင်စီ၏ တောင်းဆိုချက်အရဖြစ်စေ ဖွဲ့စည်းနိုင်သည်။ ထိုပူးတွဲ အဖွဲ့တွင် အထွေထွေညီလာခံက ခန့်အပ်သော အဖွဲ့ဝင် သုံးဦးနှင့် လုံခြုံရေးကောင်စီကခန့်အပ်သော အဖွဲ့ဝင် သုံးဦး၊ ပေါင်း အဖွဲ့ဝင် ခြောက်ဦး ပါဝင်ရမည်။

၂။ ထိုပူးတွဲအဖွဲ့သည် လိုအပ်သောစည်းကမ်းချက်များနှင့်ညီညွတ်သော ပုဂ္ဂိုလ်တစ်ဦးကို တစ်ညီတစ်ညွတ်တည်း သဘောတူရွေးချယ်လျှင် ထိုပုဂ္ဂိုလ်ကို အပိုဒ်-၇တွင် ရည်ညွှန်းထားသည့် အမည်တင်သွင်းခြင်းခံရသော ပုဂ္ဂိုလ်များစာရင်းတွင် ထည့်သွင်းမထားစေကာမူ မိမိစာရင်းတင် ထည့်သွင်းနိုင်သည်။

၃။ ပူးတွဲအစည်းအဝေးက မိမိသည် ရွေးကောက်တင်မြှောက်ရေးကိစ္စ အထမြောက်အောင် ဆောင်ရွက်နိုင်မည် မဟုတ်ဟု ယူဆလျှင် ရွေးကောက်တင်မြှောက်ထားပြီးဖြစ်သော တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများက အထွေထွေညီလာခံတွင်ဖြစ်စေ၊ လုံခြုံရေးကောင်စီတွင်ဖြစ်စေ၊ မဲရထားသည့် ဝင်ရောက်အရွေးခံသူများထဲမှ ရွေးချယ်၍ လွတ်လပ်သော နေရာများတွင် လုံခြုံရေးကောင်စီသတ်မှတ်ထားသည့် အချိန်ကာလတွင် ဖြည့်သွင်းရမည်။

၄။ တရားသူကြီးများတွင် မဲအရေအတွက်ခြင်း တူညီနေလျှင် အသက်အကြီးဆုံး တရားသူကြီးကို အနိုင်မဲပေးရမည်။

*အပိုဒ် ၁၃။*

၁။ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများကို ကိုးနှစ်တာကာလအတွက် ရွေးကောက်တင်မြှောက်ရမည့်ပြင် ပြန်လည် ရွေးကောက်တင်မြှောက်ခြင်းလည်း ပြုနိုင်သည်။ သို့ရာတွင် ပထမရွေးကောက်ပွဲ၌ ရွေးကောက်တင်မြှောက်ခံရသည့် တရားသူကြီးများအနက် တရားသူကြီး ငါးဦး၏ ရာထူးသက်တမ်းမှာ သုံးနှစ်ပြည့်လျှင် ကုန်ဆုံးစေရမည်။ အခြားတရားသူကြီး ငါးဦး၏ ရာထူးသက်တမ်းမှာ ခြောက်နှစ်ပြည့်လျှင် ကုန်ဆုံးစေရသည်။

၂။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း လက်ဦးအစ သုံးနှစ်နှင့် ခြောက်နှစ်ပြည့်၍ ရာထူးသက်တမ်း ကုန်ဆုံးစေရမည်။ တရားသူကြီးများကို ပဋ္ဌမအကြိမ် ရွေးကောက်ပွဲ ပြီးဆုံးသွားသညနှင့် တစ်ပြိုင်နက် အတွင်းရေးမှူးချုပ်က မဲနှိုက်ရွေးချယ်ရမည်။

၃။ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများသည် မိမိတို့၏နေရာတွင် လူစားဖြည့်သွင်းခန့်ထားခြင်း မပြုသမျှကာလပတ်လုံး မိမိတို့၏ တာဝန်ဝတ္တရားများကို ဆက်လက်၍ ဆောက်ရွက်ရမည်။ ယင်းသို့ လူစားခန့်ထားပြီးသည့်နောက်တွင် ထိုတရားသူကြီးများသည် မိမိတို့ စတင်စစ်ဆေးခဲ့သည့် အမှုများကို ပြီးဆုံးအောင် စစ်ဆေးစီရင် ရမည်။ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးတစ်ဦးတစ်ယောက် ရာထူးမှနုတ်ထွက်လျှင် ရာထူးနုတ်ထွက်စာကို အတွင်းရေးမှူးချုပ်ထံ ပေးပို့ရန်အတွက် တရားရုံးဥက္ကဋ္ဌထံမှတဆင့် တင်သွင်းရမည်။ ထိုသို့ အတွင်းရေးမှူးချုပ်ထံ အကြောင်းကြားပြီးသည့်အခါ ထိုတရားသူကြီး၏ရာထူးမှာ လစ်လပ်သွားရမည်။

*အပိုဒ် ၁၄။*

အောက်ပါစည်းကမ်းချက်များနှင့် မဆန့်ကျင်စေဘဲ လစ်လပ်သောနေရာများတွင် ပထမရွေးကောက်ပွဲအတွက် ပြဋ္ဌာန်းထားသည့် နည်းလမ်းများအတိုင်းပင် ဖြည့်သွင်းရမည်။ ထိုသို့ နေရာလစ်လပ်ပြီးနောက် တစ်လအတွင်း အပိုဒ်-၅ တွင် ပြဋ္ဌာန်းထားသည့် ပန်ကြားချက်များကို အတွင်းရေးမှူးချုပ်က ထုတ်ဝေ၍ ရွေးကောက်ပွဲကျင်းပရန် နေ့ရက်ကို လုံခြုံရေးကောင်စီက သတ်မှတ်ပေးရမည်။

*အပိုဒ် ၁၅။*

ရာထူးသက်တမ်းမကုန်ဆုံးသေးသော တရားရုံး၏အဖွဲ့ဝင်တရားသူကြီးတစ်ဦး၏ နေရာအတွက် ရွေးကောက်တင်မြှောက်ခံရသော တရားသူကြီးသစ်သည် ယခင်တရားသူကြီးဟောင်း၏ ရာထူးသက်တမ်းကုန်ဆုံးသည်အထိ ထိုနေရာတွင် ထမ်းရွက်ရမည်။

*အပိုဒ် ၁၆။*

၁။ တရားရုံးအဖွဲ့ဝင် မည်သည့်တရားသူကြီးမှ နိုင်ငံရေးသော်လည်းကောင်း၊ အုပ်ချုပ်ရေးသော်လည်းကောင်း၊ သက်ဆိုင်သောလုပ်ငန်းများ မဆောင်ရွက်ရ။ သို့မဟုတ် အတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းသည့် အလုပ်အကိုင်မျိုးဖြစ်သော အခြားအလုပ်အကိုင်ကိုလည်း မလုပ်ကိုင်ရ။

၂။ ဤအချက်နှင့်စပ်လျဉ်း၍ ယုံမှားသံသယရှိလျှင် တရားရုံးက ဆုံးဖြတ်ဖြေရှင်းရမည်။

*အပိုဒ် ၁၇။*

၁။ တရားရုံး၏အဖွဲ့ဝင် မည်သည့်တရားသူကြီးမျှ အမှုတစ်ခုခုတွင် ကိုယ်စားလှယ်အဖြစ်သော်လည်းကောင်း၊ အတိုင်ပင်ခံအဖြစ်သော်လည်းကောင်း၊ ရှေ့နေရှေ့ရပ်အဖြစ်သော်လည်းကောင်း မဆောင်ရွက်ရ။

၂။ တရားရုံး၏အဖွဲ့ဝင် မည်သည့်တရားသူကြီးမျှ အမှုတစ်ခုခုတွင် တစ်ဖက်ဖက်မှ ကိုယ်စားလှယ် သို့မဟုတ် အတိုင်ပင်ခံ သို့မဟုတ် ရှေ့နေရှေ့ရပ် အဖြစ်ဖြင့်သော်လည်းကောင်း၊ နိုင်ငံလုံးဆိုင်ရာတရားရုံး သို့မဟုတ် အပြည်ပြည်ဆိုင်ရာတရားရုံးတစ်ခုခု၏ အဖွဲ့ဝင်အဖြစ်ဖြင့်သော်လည်းကောင်း၊ စုံစမ်းရေးကော်မရှင် အဖွဲ့ဝင်အဖြစ်ဖြင့်သော်လည်းကောင်း၊ အခြားတစ်နည်းနည်းဖြင့်သော်လည်းကောင်း၊ ယခင်ကဆောင်ရွက်ခဲ့ဖူးလျှင် ထိုအမှုကို စီရင်ဆုံးဖြတ်ရာ၌ ပါဝင်ဆောင်ရွက်ခြင်း မပြုရ။

၃။ ဤအချက်နှင့်စပ်လျဉ်း၍ ယုံမှားသံသယရှိလျှင် တရားရုံးက ဆုံးဖြတ်ဖြေရှင်းရမည်။

*အပိုဒ် ၁၈။*

၁။ တရားရုံးအဖွဲ့ဝင် မည်သည့်တရားသူကြီးကိုမဆို ၎င်းသည် လိုအပ်သော စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်း မရှိတော့ပြီဟု တရားရုံး၏ အဖွဲ့ဝင် အခြားတရားသူကြီးများက တစ်ညီတစ်ညွတ်တည်း ထင်မြင်ယူဆမှသာ ထုတ်ပယ်နိုင်သည်။

၂။ ထိုသို့ရာထူးထုတ်ပယ်ကြောင်းကို မော်ကွန်းထိန်းအရာရှိက အတွင်းရေးမှူးချုပ်ထံ နည်းလမ်းတကျ အကြောင်းကြားရမည်။

၃။ ယင်းသို့ အကြောင်းကြားပြီးသည့်အခါ ထိုတရားသူကြီး၏ ရာထူးမှာ လစ်လပ်သွားမည်။

*အပိုဒ် ၁၉။*

တရားရုံး၏အဖွဲ့ဝင် တရားသူကြီးများသည် တရားရုံး၏လုပ်ငန်းကို ဆောင်ရွက်နေစဉ် သံတမန်ဆိုင်ရာအခွင့်အရေးများနှင့် ကင်းလွတ်ခွင့်များကို ရရှိခံစားရမည်။

*အပိုဒ် ၂၀။*

တရားရုံး၏အဖွဲ့ဝင် တရားသူကြီးတိုင်း မိမိတာဝန်ဝတ္တရားများကို ထမ်းဆောင်ခြင်းမပြုမီ မိမိအာဏာများကို အဂတိ မလိုက်စားဘဲ ဖြောင့်မတ်မှန်ကန်စွာ သုံးစွဲဆောင်ရွက်ပါမည်ဟူ၍ တရားရုံးတွင် လူသိရှင်ကြား ကတိသစ္စာဆိုရမည်။

*အပိုဒ်- ၂၁။*

၁။ တရားရုံးသည် မိမိ၏ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကို သုံးနှစ်အတွက်

ရွေးကောက်တင်မြှောက်ရမည်။ ထိုဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌကိုပင် ပြန်လည်ရွေးကောက်တင်မြှောက်နိုင်သည်။

၂။ တရားရုံးသည် မိမိ၏ မော်ကွန်းထိန်းအရာရှိကို ခန့်ထားရမည့်ပြင် လိုအပ်သော အခြားအရာရှိများကို ခန့်ထားရေးအတွက် ပြဋ္ဌာန်းနိုင်သည်။

*အပိုဒ် ၂၂။*

၁။ တရားရုံး၏ ရုံးစိုက်ရာဌာနသည် "သီဟိ(ဂ်)"မြို့၌ တည်ရှိရမည်။ သို့ရာတွင် တရားရုံးသည် လိုအပ်သည်ဟု ထင်မြင်ယူဆသည့်အခါတိုင်း အခြားအရပ်၌လည်း ရုံးထိုင်၍ မိမိလုပ်ငန်းများကို ဆောင်ရွက်နိုင်သည်။

၂။ ဥက္ကဋ္ဌနှင့် မော်ကွန်းထိန်းအရာရှိတို့သည် တရားရုံး၏ ရုံးစိုက်ရာဌာန၌ နေထိုင်ကြရမည်။

*အပိုဒ် ၂၃။*

၁။ တရားရုံးသည် တရားရုံးဆိုင်ရာ ရုံးပိတ်ရက်များအတွင်းမှတပါး၊ အခါခပ်သိမ်း ရုံးထိုင်လျက်ရှိရမည်။ ထိုရုံးပိတ်ရက်နေ့များနှင့် ကာလအပိုင်းအခြားကို တရားရုံးက သတ်မှတ်ရမည်။

၂။ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများမှာ အခါအားလျော်စွာ ခွင့်ယူပိုင်ခွင့်ရှိရမည်။ ခွင့်ယူသည့်နေ့ရက်နှင့် ကာလအပိုင်းအခြားကို တရားရုံးက တရားသူကြီးအသီးသီး၏ နေရင်းတိုင်းပြည်နှင့် "သီဟိ(ဂ်)"မြို့ ခရီးအကွာအဝေးကို ထောက်ချင့်၍ သတ်မှတ်ရမည်။

၃။ တရားရုံးအဖွဲ့ဝင် တရားသူကြီးများသည် ခွင့်ယူနေသည့်အခါမှတပါး သို့မဟုတ် မမာမကျန်းသောကြောင့်ဖြစ်စေ၊ ဥက္ကဋ္ဌထံသို့ နည်းလမ်းတကျ

ရှင်းလင်းဖော်ပြထားသော အရေးကြီးသည့် အခြားအကြောင်းများကြောင့် ဖြစ်စေ ရုံးမတက်နိုင်သည့်အခါမှတပါး အခါခပ်သိမ်း တရားရုံးက ခွဲခန့် သတ်မှတ်သော တာဝန်ဝတ္တရားများကို ထမ်းဆောင်ရန် တာဝန်ရှိသည်။

*အပိုဒ် ၂၄။*

၁။ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီး တစ်ဦးဦးသည် အကြောင်းထူး တစ်ရပ်ရပ်ကြောင့် အမှုတစ်ခုခု စီရင်ဆုံးဖြတ်ရာတွင် မိမိပါဝင်ရန် မသင့်ဟု ယူဆလျှင် ထိုသို့ယူဆကြောင်းကို ဥက္ကဋ္ဌအား အကြောင်းကြားရမည်။

၂။ ဥက္ကဋ္ဌသည် အကြောင်းထူးတစ်ရပ်ရပ်ကြောင့် အမှုတစ်ခုခုတွင် တရားရုံး၏ အဖွဲ့ဝင်တရားသူကြီး တစ်ဦးဦး ပါဝင်ရန် မသင့်ဟု ယူဆလျှင် ထိုသို့ယူဆသည့်အတိုင်း ထိုတရားသူကြီးအား အကြောင်းကြားရမည်။

၃။ အဆိုပါအမှုတစ်ခုခုတွင် တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးနှင့် ဥက္ကဋ္ဌတို့ သဘောကွဲလွဲကြလျှင် ထိုကိစ္စကို တရားရုံးက ဆုံးဖြတ်ဖြေရှင်းရမည်။

*အပိုဒ် ၂၅။*

၁။ ယခုလက်ရှိဥပဒေတွင် အခြားနည်းအားဖြင့် အတိအလင်းပြဋ္ဌာန်းမထားလျှင် တရားရုံးသည် တရားသူကြီး အစုံအညီဖြင့် ဆောင်ရွက်ရမည်။

၂။ တရားရုံးဖွဲ့စည်းရန်ရနိုင်သော တရားသူကြီးဦးရေကို ဆယ့်တစ်ဦးအောက် မလျော့စေရဟူသော စည်းကမ်းချက်နှင့် မဆန့်ကျင်ဘဲ တရားရုံး၏ နည်းဥပဒေများတွင် တရားသူကြီးတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက်ပိုသော တရားသူကြီးများကိုဖြစ်စေ၊ အခြေအနေအရ အလှည့်ကျဖြင့် ရုံးမထိုင်ဘဲ နေခွင့်ပြုရန် ပြဋ္ဌာန်းနိုင်သည်။

၃။ တရားရုံးတွင် တရားသူကြီး ကိုးဦး တက်ရောက်လျှင် တရားစီရင်ပိုင်ခွင့်ရှိသည်။

*အပိုဒ် ၂၆။*

၁။ တရားရုံးသည် အလုပ်သမားအမှုများနှင့် ဖြတ်သန်းသွားလာမှု၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အမှုများကဲ့သို့သော သီးခြားအမှုအမျိုးအစားများကို စီရင်ဆုံးဖြတ်၍ ခုံအဖွဲ့တစ်ခုကိုဖြစ်စေ၊ အများကိုဖြစ်စေ အခါအားလျော်စွာ ဖွဲ့စည်းနိုင်သည်။ ထိုခုံအဖွဲ့တွင် တရားရုံးက သတ်မှတ်သည့်အတိုင်း တရားသူကြီး သုံးဦးဖြစ်စေ၊ သုံးဦးထက်ပို၍ဖြစ်စေ ပါဝင်ရမည်။

၂။ တရားရုံးသည သီးခြားအမှုတစ်ခုခု စီရင်ဆုံးဖြတ်ရန်အတွက် ခုံအဖွဲ့ကို မည်သည့်အခါမဆို ဖွဲ့စည်းနိုင်သည်။ အဆိုပါခုံအဖွဲ့တွင် ပါဝင်ရမည့် တရားသူကြီးဦးရေကို တရားရုံးက နှစ်ဖက်အမှုသည်တို့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ရမည်။

၃။ ဤအပိုဒ်တွင်ပြဋ္ဌာန်းထားသည့် ခုံအဖွဲ့များသည် နှစ်ဖက်အမှုသည်များက တောင်းဆိုလျှင် သက်ဆိုင်ရာအမှုများကို ကြားနာစစ်ဆေး၍ ဆုံးဖြတ်ရမည်။

*အပိုဒ် ၂၇။*

အပိုဒ်-၂၆နှင့် ၂၉တွင် ပြဋ္ဌာန်းထားသော ခုံအဖွဲ့တစ်ခုခုက ချမှတ်သည့် စီရင်ချက်သည် တရားရုံး၏စီရင်ချက်အဖြစ် မှတ်ယူရမည်။

*အပိုဒ် ၂၈။*

အပိုဒ်-၂၆နှင့် ၂၉တွင် ပြဋ္ဌာန်းထားသည့် ခုံအဖွဲ့များသည် နှစ်ဖက်အမှုသည်တို့၏ သဘောတူညီချက်ဖြင့် "သီဟိ(ဂ်)"မြို့မှအပ အခြားအရပ်တွင်လည်း ရုံးထိုင်၍ မိမိတို့၏ အလုပ်ဝတ္တရားများကို ဆောင်ရွက်နိုင်သည်။

*အပိုဒ် ၂၉။*

တရားရုံးသည် အလုပ်ကိစ္စများကို လျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်အလို့ငှာ တရားသူကြီး ငါးဦး ပါဝင်သော ခုံအဖွဲ့တစ်ခုကို နှစ်စဉ် ဖွဲ့စည်းရမည်။ ထိုခုံအဖွဲ့သည် အမှုသည်တို့၏ တောင်းဆိုချက်အရ အမှုများကို အကျဉ်းနည်းအားဖြင့် ကြားနာစစ်ဆေး၍ ဆုံးဖြတ်နိုင်သည်။ ထိုတရားသူကြီး ငါးဦးအပြင် တရားသူကြီး နှစ်ဦးကလည်း ထိုခုံအဖွဲ့တွင် ပါဝင်ရုံးထိုင်ခြင်း မပြုနိုင်သော တရားသူကြီးများ၏နေရာတွင် ဖြည့်သွင်းရန်အလို့ငှာ ရွေးချယ်ထားရမည်။

*အပိုဒ် ၃၀။*

၁။ တရားရုံးသည် မိမိ၏အလုပ်ဝတ္တရားများ ဆောင်ရွက်ရေးအတွက် နည်းဥပဒေများ ရေးဆွဲရမည်။ အထူးအားဖြင့် ကျင့်ထုံးနည်းဥပဒေများကို သတ်မှတ်ပြဋ္ဌာန်းရမည်။

၂။ တရာရုံး၏ နည်းဥပဒေများတွင် တရားရုံးက တရားစီရင်ရာ၌ဖြစ်စေ၊ ယင်း၏ ခုံအဖွဲ့တစ်ရပ်ရပ်က တရားစီရင်ရာ၌ဖြစ်စေ၊ အကဲဖြတ်လူကြီးများအား မဲပေးပိုင်ခွင့် မရှိပဲ ပါဝင်စေရန် ပြဋ္ဌာန်းနိုင်သည်။

*အပိုဒ် ၃၁။*

၁။ အမှုသည်နိုင်ငံအသီးသီး၏ နိုင်ငံသားဖြစ်သော တရားသူကြီးများမှာ တရားရုံးသို့ ရောက်ရှိလာသော အမှုတွင် ပါဝင်ကြားနာစစ်ဆေးပိုင်ခွင့် ရှိမြဲရှိစေရမည်။

၂။ တရားရုံး၏ တရားခွင်တွင် အမှုသည်နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားဖြစ်သော တရားသူကြီးပါဝင်လျှင် တစ်ဖက်အမှုသည် နိုင်ငံတစ်နိုင်ငံသည် ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား တရားသူကြီးအဖြစ်ဖြင့် ပါဝင်စေရန် ရွေးချယ် နိုင်သည်။ အဆိုပါပုဂ္ဂိုလ်ကို အပိုဒ်-၄နှင့် ၅တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တရားသူကြီးအရွေးခံသူအဖြစ် အမည်တင်သွင်းထားသူများတည်းမှ ရွေး ချယ်နိုင်လျှင် ရွေးချယ်ရမည်။

၃။ တရားရုံး၏ တရားခွင်တွင် အမှုသည်နိုင်ငံများ၏ နိုင်ငံသားဖြစ်သော တရားသူကြီးများ မပါဝင်လျှင် ထိုအမှုသည်နိုင်ငံအသီးသီးသည် ဤအပဒ် ၏ စာပိုဒ်-၂တွင် ပြဋ္ဌာန်းထားသည့်အတိုင်း တရားသူကြီးတစ်ဦးစီ ရွေး ချယ်နိုင်သည်။

၄။ ဤအပိုဒ်ပါပြဋ္ဌာန်းချက်များသည် အပိုဒ်-၂၆နှင့် ၂၉ပါ အမှုတို့နှင့် သက် ဆိုင်ရမည်။ အဆိုပါအမှုမျိုးတွင် ဥက္ကဋ္ဌသည် ခုံအဖွဲ့တွင်ပါဝင်သည့် တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးတစ်ဦးကိုဖြစ်စေ၊ လိုအပ်လျှင် နှစ်ဦးကို ဖြစ်စေ၊ သက်ဆိုင်ရာ အမှုသည်နိုင်ငံ၏ နိုင်ငံသားဖြစ်သော တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများအတွက် သော်လည်းကောင်း၊ ထိုတရားသူကြီး များ မရှိလျှင် သို့မဟုတ် ထိုတရားသူကြီးများ တရားခွင်သို့ မတက် ရောက်နိုင်လျှင် အမှုသည်နိုင်ငံများက အထူးရွေးချယ်ထားသည့် တရား

သူကြီးများအတွက်သော်လည်းကောင်း နေရာဖယ်ပေးရန် မေတ္တာရပ်ခံရမည်။

၅။ အကျိုးတူသက်ဆိုင်သော အမှုသည်နိုင်ငံများရှိလျှင် ထိုနိုင်ငံများကို အထက်ပြဋ္ဌာန်းချက်များပါကိစ္စအလို့ငှာ အမှုသည်တစ်ဦးတည်းအဖြစ်မှတ်ယူရမည်။ ဤအချက်နှင့်စပ်လျဉ်း၍ ယုံမှားသံသယရှိလျှင် တရားရုံးက ဆုံးဖြတ်ဖြေရှင်းရမည်။

၆။ ဤအပိုဒ်၏ စာပိုဒ်-၂၊ ၃နှင့် ၄တို့တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ရွေးချယ်ထားသော တရားသူကြီးများသည် ယခုလက်ရှိဥပဒေ အပိုဒ်-၂၊ ၁၇(စာ ပိုဒ်-၂)၊ ၂၀နှင့် ၂၄အရ လိုအပ်သော စည်းကမ်းချက်များ အတိုင်း ဆောင်ရွက်ရမည်။ ထိုတရားသူကြီးများသည် အမှုစီရင်ဆုံးဖြတ်ရာတွင် မိမိတို့နှင့်အတူတွဲဖက်၍ ရုံးထိုင်ရသော တရားသူကြီးများနှင့် တန်းတူအဖြစ်ဖြင့် ပါဝင်ဆောင်ရွက်ရမည်။

*အပိုဒ် ၃၂။*

၁။ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးတိုင်း နှစ်စဉ်ကြေးငွေကို ရရှိရမည်။

၂။ ဥက္ကဋ္ဌသည် နှစ်စဉ် အထူးထောက်ပံ့ကြေးကို ရရှိရမည်။

၃။ ဒုတိယဥက္ကဋ္ဌသည် ဥက္ကဋ္ဌအဖြစ် မိမိဆောင်ရွက်ရသော နေ့အသီးသီးအတွက် အထူးထောက်ပံ့ကြေးကို ရရှိရမည်။

၄။ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများမှအပ အပိုဒ်-၃၁အရ ရွေးချယ်ထားသော တရားသူကြီးများသည် မိမိတို့၏အလုပ်ဝတ္တရားများကို ဆောင်ရွက်သည့် နေ့အသီးသီးအတွက် အခကြေးငွေ ရရှိကြရမည်။

၅။ ထိုနှစ်စဉ်ကြေးငွေ၊ ထောက်ပံ့ကြေးငွေနှင့် အခကြေးငွေများကို အထွေထွေညီလာခံက သတ်မှတ်ရမည်။ ယင်းငွေများကို ရာထူးသက်တမ်းအတွင်း လျှော့ပေါ့ခြင်း မပြုရ။

၆။ မော်ကွန်းထိန်းအရာရှိ၏လစာကို တရားရုံး၏အဆိုပြုချက်အရ အထွေထွေညီလာခံက သတ်မှတ်ရမည်။

၇။ အထွေထွေညီလာခံက ပြဋ္ဌာန်းသည့် စည်းမျဉ်းဥပဒေများတွင် တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများနှင့် မော်ကွန်းထိန်းအရာရှိအား အငြိမ်းစားပင်စင် ပေးနိုင်သည့် စည်းကမ်းချက်များကိုလည်းကောင်း၊ တရားရုံး၏ အဖွဲ့ဝင်တရားသူကြီးများနှင့် မော်ကွန်ထိန်းအရာရှိအား ယင်းတို့ကုန်ကျပြီး ခရီးစရိတ်များကို ပြန်ပေးရမည့် စည်းကမ်းချကများကိုလည်းကောင်း သတ်မှတ်ရမည်။

၈။ အထက်ပါ နှစ်စဉ်ကြေးငွေ၊ ထောက်ပံ့ကြေးများနှင့် အခကြေးငွေများမှာ အရပ်ရပ်အခွန်ကောက် စည်းကြပ်ခြင်းမှ လွတ်ငြိမ်းစေရမည်။

*အပိုဒ် ၃၃။*

တရားရုံးအတွက် ကုန်ကျစရိတ်များကို အထွေထွေညီလာခံက ဆုံးဖြတ်သည့် နည်းလမ်းအတိုင်း ကုလသမဂ္ဂက ကျခံရမည်။

# အခန်း (၂)
# တရားရုံး၏ စီရင်ပိုင်ခွင့်

*အပိုဒ် ၃၄။*

၁။ တရားရုံးရှေ့မှောက်သို့ ရောက်ရှိလာသော အမှုများတွင် အမှုသည်များမှာ နိုင်ငံများသာ ဖြစ်ရမည်။

၂။ တရားရုံးသည် မိမိစစ်ဆေးစီရင်ရသည့် အမှုများနှင့်သက်ဆိုင်သော အကြောင်းအရာများကို မိမိ၏ ဥပဒေများနှင့်အညီ အများနှင့်ဆိုင်သော နိုင်ငံတကာအဖွဲ့အစည်းများထံမှ တောင်းဆိုနိုင်သည့်ပြင် အဆိုပါ အကြောင်းအရာများကို ယင်းအဖွဲ့အစည်းများက ယင်းတို့ အလို အလျောက် တင်သွင်းလျှင်လည်း လက်ခံရမည်။

၃။ တရားရုံးစစ်ဆေးစီရင်ရသောအမှုတွင် အများနှင့်ဆိုင်သော နိုင်ငံတကာ အဖွဲ့အစည်းတစ်ခု၏ ဖွဲ့စည်းပုံအခြေခံစာချုပ်ကိုသော်လည်းကောင်း၊ ထို အခြေခံစာချုပ်အရ ပြုလုပ်သော အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် ကိုသော်လည်းကောင်း၊ အဓိပ္ပါယ်ကောက်ချက်နှင့်စပ်လျဉ်း၍ အငြင်း ပွားမှု ပြဿနာ ပေါ်သည့်အခါတိုင်း ထိုသို့ ပြဿနာပေါ်သည့် အကြောင်း ကို မော်ကွန်းထိန်းအရာရှိသည် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ပြည်သူ့အဖွဲ့အစည်းသို့ အကြောင်းကြားရမည့်ပြင် မှုခင်းမှတ်တမ်းအရပ် ရပ်၏ မိတ္တူများကိုလည်း ပေးပို့ရမည်။

*အပိုဒ် ၃၅။*

၁။ တရားရုံးတွင် ယခုလက်ရှိဥပဒေတွင်ပါဝင်သည့် နိုင်ငံများနှင့်သက်ဆိုင်သော အမှုများကို ကြားနာစစ်ဆေးခွင့် ပြုရမည်။

၂။ တရားရုံးတွင် အခြားနိုင်ငံများနှင့်သက်ဆိုင်သော အမှုများ ကြားနာစစ်ဆေးခွင့်ပြုရန် စည်းကမ်းချက်များကို တည်ဆဲဥပဒေများတွင်ပါရှိသည့် အထူးပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ လုံးခြုံရေးကောင်စီက ချမှတ်ရမည်။ သို့သော်လည်း အဆိုပါစည်းကမ်းချက်များကြောင့် အမှုသည်နိုင်ငံများကို တရားရုံး၏ရှေ့မှောက်တွင် မညီမျှသောအခြေအနေသို့ မည်သည့်နည်းနှင့်မျှ မရောက်စေရ။

၃။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံမဟုတ်သော နိုင်ငံတစ်နိုင်ငံသည် အမှုတစ်ခုတွင် အမှုသည်ဖြစ်နေလျှင် တရားရုံး၏ ကုန်ကျစရိတ်အတွက် ထိုအမှုသည်နိုင်ငံက ပေးဆောင်ရမည ထောက်ပံ့ကြေးကို တရားရုံးက သတ်မှတ်ရမည်။ သို့ရာတွင် အဆိုပါနိုင်ငံသည် တရားရုံး၏ကုန်ကျစရိတ်ဝေစုကို ကျခံလျက်ရှိသောနိုင်ငံဖြစ်လျှင် ဤပြဋ္ဌာန်းချက်နှင့်သက်ဆိုင်ခြင်းမရှိစေရ။

*အပိုဒ် ၃၆။*

၁။ တရားရုံးမှာ မိမိအမှုသည်နိုင်ငံများကလွှဲအပ်သည့် အမှုအားလုံးကိုလည်းကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ်စာချုပ်တွင်ဖြစ်စေ၊ တည်ဆဲစာချုပ်များနှင့် သဘောတူစာချုပ်များတွင်ဖြစ်စေ၊ အထူးပြဋ္ဌာန်းထားသော ကိစ္စအားလုံးကိုသော်လည်းကောင်း စစ်ဆေးစီရင်ပိုင်ခွင့် အာဏာရှိသည်။

၂။ ယခုလက်ရှိဥပဒေနှင့်သက်ဆိုင်သည့်နိုင်ငံများသည် အောက်ပါအကြောင်းကိစ္စများနှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာ အငြင်းပွားမှုအားလုံးတွင် တရားရုံး၏ စီရင်ခွင့်အဏာကို အလားတူလက်ခံရန် တာဝန်ယူသော အခြားနိုင်ငံတစ်နိုင်ငံနှင့်ပတ်သက်၍ ယင်းသို့ တာဝန်ယူသောအကြောင်းကြောင့် အထူးသဘောတူညီချက်မရှိဘဲ လက်မခံ မနေရ အာဏာအဖြစ် အသိမှတ်ပြုကြောင်းဖြင့် မည်သည့်အခါမဆို ကြေညာနိုင်သည်။

(က) စာချုပ်တစ်ခုကို အဓိပ္ပာယ်ကောက်ယူသည့်ကိစ္စ။

(ခ) အပြည်ပြည်ဆိုင်ရာဥပဒေနှင့်သက်ဆိုင်သည့် ပြဿနာတစ်ရပ်ရပ်။

(ဂ) သက်သေထင်ရှားလျှင် အပြည်ပြည်ဆိုင်ရာတာဝန်ကို ဖောက်ဖျက်ရာရောက်မည့် အကြောင်းခြင်းရာ ဖြစ်ပေါ်သည့်ကိစ္စ။

(ဃ) အပြည်ပြည်ဆိုင်ရာတာဝန်ဖောက်ဖျက်မှုအတွက် ပေးဆောင်ရမည့် လျော်ကြေးအမျိုးအစား သို့မဟုတ် လျော်ကြေးငွေပေါင်း။

၃။ အထက်တွင်ရည်ညွှန်းထားသော ကြေညာချက်များကို ခြွင်းချက်မရှိ ထုတ်ပြန်နိုင်သည်။ သို့မဟုတ် နိုင်ငံအများကသောလည်းကောင်း၊ အချို့ကသော်လည်းကောင်း၊ အပြန်အလှန် ထုတ်ပြန်ရမည်ဟူသော စည်းကမ်းချက်များဖြင့် ထုတ်ပြန်နိုင်သည်။ သို့မဟုတ် သတ်မှတ်ထားသော အချိန်ကာလအတွက် ထုတ်ပြန်နိုင်သည်။

၄။ အဆိုပါကြေညာချက်များကို ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ထံတွင် အပ်နှံထားရမည်။ အတွင်းရေးမှူးချုပ်က ထိုကြေညာချက်မိတ္တူများကို ဤဥပဒေနှင့် သက်ဆိုင်သည့် နိုင်ငံများသို့လည်းကောင်း၊ တရားရုံး၏ မော်ကွန်းထိန်းထံသို့လည်းကောင်း ပေးပို့ရမည်။

၅။ အပြည်ပြည်ဆိုင်ရာ အမြဲတမ်းတရားရုံး၏ ဥပဒေအပိုဒ်-၃၆အရ ထုတ်ပြန်ထားသော ကြေညာချက်များသည် အတည်ဖြစ်ဆဲပင်ရှိနေသေးလျှင် ယခုလက်ရှိဥပဒေနှင့်သက်ဆိုင်သော အမှုသည်နိုင်ငံအချင်းချင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံး၏ မလွဲမသွေ စီရင်ပိုင်ခွင့်အာဏာကို ယင်းကြေညာချက်များ ဆက်လက်အတည်ဖြစ်နေဦးမည့် ကာလအပိုင်းအခြားအတွက် ထိုကြေညာချက်များပါ စည်းကမ်းချက်နှင့်အညီ လက်ခံသည့် ကြေညာချက်များ ဖြစ်သည်ဟု မှတ်ယူရမည်။

၆။ တရားရုံးတွင် စီရင်ပိုင်ခွင့်အာဏာ ရှိ မရှိ အငြင်းပွားလျှင် ထိုကိစ္စကို တရားရုံး၏ အဆုံးအဖြတ်ဖြင့် ဖြေရှင်းရမည်။

*အပိုဒ် ၃၇။*

တည်ဆဲဖြစ်သော စာချုပ် သို့မဟုတ် သဘောတူစာချုပ်တွင် ကိစ္စတစ်ရပ်ကို နိုင်ငံပေါင်းချုပ်အသင်းကြီးက ဖွဲ့စည်းထားသော ခုံရုံးဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ အမြဲတမ်းတရားရုံးသို့ဖြစ်စေ လွှဲအပ်ရန် ပြဋ္ဌာန်းထားလျှင် ထိုကိစ္စကို လက်ရှိဥပဒေနှင့်သက်ဆိုင်သည့် နိုင်ငံအချင်းချင်းနှင့်ပတ်သက်၍ အပြည်ပြည်ဆိုင်ရာတရားရုံးသို့ လွှဲအပ်ရမည်။

*အပိုဒ် ၃၈။*

၁။ တရားရုံးသည် မိမိထံတွင် တင်သွင်းသည့် အငြင်းပွားမှုများကို အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အညီ ဆုံးဖြတ်ရန် တာဝန်ရှိသဖြင့် အောက်ပါတို့ကို အကိုးအကားပြုရမည်။

(က) အငြင်းပွားနိုင်ငံများ အတိအလင်း အသိအမှတ်ပြုထားသော နည်းဥပဒေများကို အတည်ဖြစ်စေသည့် အထွေထွေ သို့မဟုတ် အထူးအပြည်ပြည်ဆိုင်ရာသဘောတူစာချုပ်များ။
(ခ) တရားဥပဒေအဖြစ် လက်ခံထား၍ နိုင်ငံများလိုက်နာကြောင်း ထင်ရှားသည့် အပြည်ပြည်ဆိုင်ရာ ဓလေ့ထုံးစံ။
(ဂ) ယဉ်ကျေးသောနိုင်ငံများအသိအမှတ်ပြုထားသည့် အရပ်ရပ်ဥပဒေသဘောတရားများ။
(ဃ) အပိုဒ်-၅၉ပါ ပြဋ္ဌာန်းချက်များနှင့်မဆန့်ကျင်စေဘဲ ဥပဒေစီရင်ထုံးများ သတ်မှတ်ရေးအတွက် အထောက်အကူဖြစ်စေသော တရားစီရင်ထုံးများနှင့် နိုင်ငံအမျိုးမျိုးမှ အရည်အချင်းပြည့်ဝသည့် အပြည်ပြည်ဆိုင်ရာဥပဒေရေးရာကျွမ်းကျင်သော ပါရဂူများ၏ သြဝါဒများ။

၂။ ပြဋ္ဌာန်းချက်သည် အမှုသည်နိုင်ငံများက သဘောတူလျှင် အမှုအခင်းတစ်ရပ်ကို နှစ်ဖက်အကျိုးအတွက် တရားမျှတစွာ စီရင်ဆုံးဖြတ်နိုင်သော တရားရုံး၏အာဏာကို မထိခိုက်စေရ။

# အခန်း (၃)
# ကျင့်ထုံး

*အပိုဒ် ၃၉။*

၁။ တရားရုံး၏ ရုံးသုံးဘာသာများမှာ ပြင်သစ်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့

ဖြစ်ရမည်။ အမှုကို ပြင်သစ်ဘာသာဖြင့် ကြားနာစစ်ဆေးရန် အမှုသည်နိုင်ငံတို့ သဘောတူလျှင် စီရင်ချက်ကို ပြင်သစ်ဘာသာဖြင့် ချမှတ်ရမည်။ အမှုကို အင်္ဂလိပ်ဘာသာဖြင့် ကြားနာစစ်ဆေးရန် အမှုသည်နိုင်ငံတို့ သဘောတူလျှင် စီရင်ချက်ကို အင်္ဂလိပ်ဘာသာဖြင့် ချမှတ်ရမည်။

၂။ ထိုဘာသာနှစ်ရပ်အနက် မည်သည့်ဘာသာကို အသုံးပြုရမည်ဟူသော သဘောတူညီချက်မရှိလျှင် အမှုသည်အသီးသီး အဆိုအခြေစာတမ်းတွင် မိမိတို့ကြိုက်နှစ်သက်ရာ ဘာသာကို အသုံးပြုနိုင်၍ တရားရုံး၏စီရင်ချက်ကို ပြင်သစ်ဘာသာဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့်လည်းကောင်း ချမှတ်ရမည်။ သို့စီရင်ချက်ချမှတ်သည်နှင့် တစ်ချိန်တည်းတွင် ယင်းစီရင်ချက်မှ နှစ်ရပ်အနက် မည်သည့်စီရင်ချက်မူကို လက်ခံလိုက်နာရမည်ကို တရားရုံးက သတ်မှတ်ရမည်။

၃။ တရားရုံးသည် ပြင်သစ်ဘာသာနှင့် အင်္ဂလိပ်ဘာသာတို့မှတပါး အခြားဘာသာကို သုံးခွင့်ပြုရန် အမှုသည်တစ်ဖက်ဖက်က တောင်းဆိုလျှင် သို့တောင်းဆိုသည့်အတိုင်း ခွင့်ပြုရမည်။

*အပိုဒ် ၄၀။*

၁။ တရားရုံးသို့ အမှုများ တင်သွင်းသည့်အခါ မော်ကွန်းထိန်းအရာရှိထံ အထူးသဘောတူညီချက်ကို အကြောင်းကြား၍ဖြစ်စေ လျှောက်လွှာရေးသားပေးပို့၍ဖြစ်စေ အကြောင်းအားလျော်စွာ တင်သွင်းရမည်။ ထိုသို့တင်သွင်းသော အမှုများတွင် အငြင်းပွားသည့် အကြောင်းအရာနှင့် အမှုသည်များကို ဖော်ပြရမည်။

၂။ မော်ကွန်းထိန်းအရာရှိသည် ယင်းလျှောက်ထားချက်တို့ သက်ဆင်ရာနိုင်ငံ

အားလုံးအား ချက်ချင်း အကြောင်းကြားရမည်။

၃။ မော်ကွန်းထိန်းအရာရှိသည် အတွင်းရေးမှူးချုပ်ထံမှတဆင့် ကမ္ဘာ့ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအားလည်း အကြောင်းကြားရမည့်ပြင် တရားရုံး၏ ရှေ့မှောက်သို့ လာရောက်ဆိုင်ဆိုခွင့်ရှိသော အခြားနိုင်ငံများအားလည်း အကြောင်းကြားရမည်။

*အပိုဒ် ၄၁။*

၁။ တရားရုံးသည် အခြေအနေအရ လိုအပ်သည်ဟုယူဆလျှင် အမှုသည်နိုင်ငံအသီးသီး၏ သက်ဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန် မည်သည့်ကိစ္စများကို ယာယီအားဖြင့် ဆောင်ရွက်သင့်သည်ဟု ညွှန်ပြနိုင်သည့်အာဏာ ရှိရမည်။

၂။ အပြီးသတ်အဆုံးအဖြတ်ကို မချမှတ်မီ သို့ဆောင်ရွက်ရန် အကြံပေးညွှန်ပြထားသည့် ကိစ္စများကို သက်ဆိုင်ရာ အမှုသည်နိုင်ငံများအားလည်းကောင်း၊ လုံခြုံရေးကောင်စီအားလည်းကောင်း ချက်ချင်းအကြောင်းကြားရမည်။

*အပိုဒ် ၄၂။*

၁။ အမှုသည်နိုင်ငံများအတွက် ကိုယ်စားလှယ်များက ဆောင်ရွက်ရမည်။

၂။ အမှုသည်နိုင်ငံများသည် တရားရုံးတွင် အမှုရင်ဆိုင်ရာ၌ ရှေ့နေရှေ့ရပ်များ၏ အကူအညီကို ရယူနိုင်သည်။

၃။ တရားရုံးတွင် အမှုသည်နိုင်ငံများ၏ ကိုယ်စားလှယ်များနှင့် ရှေ့နေရှေ့ရပ်များသည် မိမိတို့ တာဝန်ဝတ္တရားများကို လွတ်လပ်စွာ ဆောင်ရွက်ရန်

အတွက် လိုအပ်သော အခွင့်အရေးများနှင့် ကင်လွတ်ခွင့်များကို ရရှိခံစားရမည်။

*အပိုဒ် ၄၃။*

၁။ တရားစီရင်ရာ၌ လိုက်နာရမည့်ကျင့်ထုံးတွင် စာဖြင့်ရေးသားသည့်အပိုင်းနှင့် နှုတ်ဖြင့်ထွက်ဆိုပြောကြားသည့် အပိုင်းဟူ၍ နှစ်ပိုင်း ပါရှိရမည်။

၂။ စာဖြင့်ရေးသားသော အမှုတွဲတွင် တရားရုံးသို့လည်းကောင်း၊ အမှုသည်များသို့လည်းကောင်း၊ ပေးပို့သော လျှောက်လွှာများ၊ ကန့်ကွက်လွှာများနှင့် လိုအပ်လျှင် ချေပလွှာများ ပါဝင်ရမည့်ပြင်၊ အထောက်အထားဖြစ်သော စာရွက်စာတမ်းများ၊ စာတမ်းအမှတ်အသားအားလုံးလည်း ပါဝင်ရမည်။

၃။ ဤသို့ အကြောင်းကြားဆက်သွယ်သည့်စာများကို တရားရုံးက သတ်မှတ်သည့် အစီအစဉ်နှင့် အချိန်ကာလအတွင်း မော်ကွန်းထိန်းအရာရှိမှတဆင့် ပေးပို့ရမည်။

၄။ တဖက်အမှုသည်ကတင်ပြသော စာတမ်းအမှတ်အသားဟူသမျှ၏ မိတ္တူမှန်ကို အခြားတဖက်အမှုသည်ထံသို့ ပေးပို့ရမည်။

၅။ နှုတ်ဖြင့်ထွက်ဆိုချက် အမှုတွဲတွင် တရားရုံးက ကြားနာစစ်ဆေးသော သက်သေများ၊ ကိုယ်စားလှယ်များ၊ ရှေ့နေရှေ့ရပ်များ၏ ထွက်ဆိုချက်များ ပါဝင်ရမည်။

*အပိုဒ် ၄၄။*

၁။ ကိုယ်စားလှယ်များ၊ အတိုင်ပင်ခံနှင့် ရှေ့နေရှေ့ရပ်များမှတပါး အခြားပုဂ္ဂိုလ်များအား ဆင့်စာချအပ်ပေးရေးအတွက် တရားရုံးသည် ဆင့်စာချ

အပ်ရမည့် နယ်မြေဆိုင်ရာ နိုင်ငံအစိုးရအား တိုက်ရိုက် ဆက်သွယ်တောင်းဆိုရမည်။

၂။ ထိုပြဋ္ဌာန်းချက်သည် အမှုဖြစ်ပွားရာနယ်ပယ်၌ သက်သေခံချက် ရယူရန် အရေးယူဆောင်ရွက်သည့်ကိစ္စတိုင်းနှင့်လည်း သက်ဆိုင်ရမည်။

*အပိုဒ် ၄၅။*

အမှုကြားနာစစ်ဆေးခြင်းကို ဥက္ကဋ္ဌကသော်လည်းကောင်း၊ ဥက္ကဋ္ဌရုံးမထိုင်နိုင်လျှင် ဒုတိယဥက္ကဋ္ဌကသော်လည်းကောင်း၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ နှစ်ဦးလုံးရုံးမထိုင်နိုင်လျှင် တရားခွင်ရှိ ဝါအရင့်ဆုံး တရားသူကြီးကသော်လည်းကောင်း ကြီးကြပ်၍ ဆောင်ရွက်ရမည်။

*အပိုဒ် ၄၆။*

တရားရုံးတွင် အမှုကို လူသိရှင်ကြား စစ်ဆေးကြားနာရမည်။ သို့ရာတွင် တရားရုံးက အခြားနည်းဖြင့် စစ်ဆေးကြားနာရန် ဆုံးဖြတ်လျှင် သို့မဟုတ် အမှုစစ်ဆေးကြားနာရာသို့ အများပြည်သူတို့အား တက်ရောက်နားထောင်ခွင့် မပြုရန် အမှုသည်နိုင်ငံများက တောင်းဆိုလျှင် လူသိရှင်ကြား စစ်ဆေးကြားနာခြင်း မပြုရ။

*အပိုဒ် ၄၇။*

၁။ အမှုကြားနာစစ်ဆေးသည့်အခါတိုင်း အမှုမှတ်တမ်းများ ရေးမှတ်ထားရမည်။ ထိုအမှုမှတ်တမ်းများတွင် ဥက္ကဋ္ဌနှင့် မော်ကွန်းထိန်းအရာရှိတို့က လက်မှတ်ရေးထိုးရမည်။

၂။ ဤအမှုမှတ်တမ်းများသာလျှင် တရားဝင် မှန်ကန်သည့် မှတ်တမ်းများ ဖြစ်ရမည်။

*အပိုဒ် ၄၈။*

တရားရုံးသည် အမှုစစ်ဆေးကြားနာရန်အစီအစဉ်အတွက် အမိန့်များ ချမှတ်ရမည်။ အမှုသည်အသီးသီး၏ လျှောက်လဲချက်များကို မည်သည့်အချိန်ကာလအတွင်း မည်သို့မည်ပုံ နိဂုံးချုပ်ရမည်ဟူ၍လည်း ဆုံးဖြတ်ရမည်။ ထို့ပြင် သက်သေခံချက်ရယူရေးနှင့်စပ်လျဉ်းသည့် အစီအစဉ်အားလုံးကိုလည်း ပြုလုပ်ရမည်။

*အပိုဒ် ၄၉။*

တရားရုံးသည် အမှုကြားနာစစ်ဆေးခြင်း အစမပြုမီကပင်လျှင် မည်သည့်စာတမ်း အမှတ်အသားကိုပင်မဆို တင်ပြရန် သို့မဟုတ် မည်သည့် ထုချေချမှတ်ချက်ကိုမဆို ပေးပို့ရန် ကိုယ်စားလှယ်များအား ဆင့်ဆိုနိုင်သည်။ ထိုဆင့်ဆိုသည့်အတိုင်း မတင်ပြ မပေးပို့ဘဲ ငြင်းပယ်လျှင် သို့ငြင်းပယ်ကြောင်းကို နည်းလမ်းတကျ မှတ်သားထားရမည်။

*အပိုဒ် ၅၀။*

တရားရုံးသည် မိမိရွေးချယ်သော မည်သည့် ပုဂ္ဂိုလ်၊ အဖွဲ့၊ ဌာန၊ ကော်မရှင် သို့မဟုတ် အခြားအဖွဲ့အစည်းအားမဆို စုံစမ်းစစ်ဆေးရေးကိစ္စ ဆောင်ရွက်ရန်ဖြစ်စေ၊ အထူးထင်မြင်ချက်ပေးရန်ဖြစ်စေ၊ အချိန်မရွေး တာဝန်အပ်နှင်းနိုင်သည်။

*အပိုဒ် ၅၁။*

အမှုကြားနာစစ်ဆေးနေစဉ်အတွင်း မည်သည့်သက်ဆိုင်ရာမေးခွန်းမျိုးကိုမဆို သက်သေနှင့် ကျွမ်းကျင်သူတို့အား အပိုဒ်-၃၀တွင် ရည်ညွှန်းထားသော တရားရုံး၏ ကျင့်ထုံးနည်းဥပဒေများ၌ ပြဋ္ဌာန်းပါရှိသည့် စည်းကမ်းချက်များ အရ မေးမြန်းရမည်။

*အပိုဒ် ၅၂။*

တရားရုံးသည် သက်သေအထောက်အထားများနှင့် သက်သေခံချက်များကို သတ်မှတ်ထားသော အချိန်အတွင်း လက်ခံရရှိပြီးသည့်နောက် တဖက် အမှုသည်က နောက်ထပ်တင်ပြလိုသည့် နှုတ်ဖြင့်ဖြေကြားသော သက်သေခံချက် ကိုဖြစ်စေ၊ စာဖြင့်ရေးသားထားသော သက်သေခံချက်ကိုဖြစ်စေ၊ အခြားတဖက် အမှုသည် သဘောမတူလျှင် လက်ခံရန် ငြင်းပယ်နိုင်သည်။

*အပိုဒ် ၅၃။*

၁။ တစ်ဖက်အမှုသည်နိုင်ငံသည် တရားရုံးသို့ လာရောက်ဆိုင်ဆိုခြင်း မရှိသည့်အခါ သို့မဟုတ် မိမိ၏အမှုကို မကာကွယ် မချေပဘဲ နေသည့် အခါ အခြားတစ်ဖက်အမှုသည်က အမှုကို မိမိအား အနိုင်ပေးဆုံးဖြတ်ရန် တရားရုံးအား တောင်းဆိုနိုင်သည်။

၂။ တရားရုံးသည် ထိုသို့ တဖက်သတ် မဆုံးဖြတ်မီ မိမိ၌ အပိုဒ်-၃၆၊ ၃၇ တို့နှင့်အညီ စီရင်ပိုင်ခွင့်အာဏာ ရှိကြောင်းကိုသာမက အမှုမှာ အကြောင်းခြင်းရာအရလည်းကောင်း၊ ဥပဒေကြောင်းအရလည်းကောင်း၊ အခြေအမြစ် ခိုင်လုံကြောင်းကိုလည်း ရှေးဦးစွာ ယုံကြည်ကျေနပ်နိုင်ခြင်း

ရှိရမည်။

*အပိုဒ် ၃၄။*

၁။ တရားရုံး၏ ကြီးကြပ်အုပ်ချုပ်မှုကို နာခံ၍ ကိုယ်စားလှယ်များ၊ အတိုင်ပင်ခံများ၊ ရှေ့နေရှေ့ရပ်များက အမှုကို လျှောကလဲပြီးသောအခါ ဥက္ကဋ္ဌသည် အမှုကြားနာစစ်ဆေးပြီးကြောင်း ကြေညာရမည်။

၂။ တရားရုံးသည် စီရင်ချက် ချမှတ်ရန်အတွက် စဉ်းစားခန်းဝင်ရမည်။

၃။ တရားရုံး၏ ဆင်ခြင်ဆွေးနွေးချက်များကို တရားသူကြီးအချင်းချင်းသာလျှင် စဉ်းစားခန်းတွင် ပြုလုပ်၍ လျှို့ဝှက်စွာ ထားရှိရမည်။

*အပိုဒ် ၃၅။*

၁။ အရပ်ရပ်ပြဿနာများနှင့်စပ်လျဉ်း၍ တရားရုံး၏ဆုံးဖြတ်ချက်များကို တရားခွင်ရှိ တရားသူကြီးများ၏ မဲများရာဖြင့် ချမှတ်ရမည်။

၂။ မဲအရေအတွက်ခြင်း တူညီနေလျှင် ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌနေရာတွင် ဆောင်ရွက်သည့် တရားသူကြီးက အနိုင်မဲပေးရမည်။

*အပိုဒ် ၃၆။*

၁။ စီရင်ချက်တွင် ယင်းကို မည်သည့်အကြောင်းအချက်များပေါ် အခြေပြု၍ ချမှတ်ထားကြောင်း ဖော်ပြရမည်။

၂။ စီရင်ချက်တွင် အဆုံးအဖြတ်ပြုရာ၌ ပါဝင်သော တရားသူကြီးများ၏ အမည်များ ပါရှိစေရမည်။

*အပိုဒ် ၅၇။*
စီရင်ချက်တစ်ခုလုံးသို့မဟုတ် တစ်စိတ်တစ်ဒေသတွင် တရားသူကြီးအားလုံး၏ သဘောတူယူဆသော ထင်မြင်ချက်ကို ဖော်ပြခြင်း မရှိခဲ့လျှင် မည်သည့် တရားသူကြီးမဆို သီးခြား ထင်မြင်ချက်ကို ပေးပိုင်ခွင့်ရှိသည်။

*အပိုဒ် ၅၈။*
စီရင်ချက်ကို ဥက္ကဋ္ဌနှင့် မော်ကွန်းထိန်းအရာရှိတို့က လက်မှတ်ရေးထိုးရမည်။ ထိုစီရင်ချက်ကို ဆိုင်ရာကိုယ်စားလှယ်များအား ထိုက်သင့်သလို အကြောင်းကြားပြီးနောက် တရားရုံးတွင် လူသိရှင်ကြား ဖတ်ကြားရမည်။

*အပိုဒ် ၅၉။*
တရားရုံး၏ဆုံးဖြတ်ချက်သည် သက်ဆိုင်ရာအမှုသည်နိုင်ငံများအတွက်သာ အတည်ဖြစ်၍ ထိုသီးခြားအမှု တစ်ခုတည်းနှင့်သာသက်ဆိုင်သည်။

*အပိုဒ် ၆၀။*
စီရင်ချက်သည် အယူခံဝင်ခွင့် မရှိဘဲ အပြီးအပြတ် အတည်ဖြစ်ရမည်။ စီရင်ချက်၏ အဓိပ္ပာယ်နှင့်ဖြစ်စေ၊ အကျိုးသက်ရောက်ခြင်းနှင့်ဖြစ်စေ စပ်လျဉ်း၍ အငြင်းပွားသောအခါ တရားရုံးသည် အမှုသည်တဖက်ဖက်၏ တောင်းဆိုချက်အရ ထိုစီရင်ချက်ကို အဓိပ္ပာယ်ကောက်ယူပေးရမည်။

*အပိုဒ် ၆၁။*
၁။ စီရင်ချက်ကို ပြင်ဆင်ရန လျှောက်ထားလိုလျှင် သို့ပြင်ဆင်ရန် အရေးပါ

အရာရောက်သော အကြောင်းအရာတစ်မျိုးမျိုး ပေါ်ပေါက်လာသည်ကို တွေ့ရှိရကြောင်းဖြင့်လည်းကောင်း၊ ထိုအကြောင်းအရာကို တရားရုံးသာမက ပြင်ဆင်ရန် လျှောက်ထားသော အမှုသည်ကပါ စီရင်ချက်ချမှတ်စဉ်အခါက မသိရကြောင်းဖြင့် လည်းကောင်း၊ ထိုသို့ မသိရသည်မှာလည်း ပေါ့လျော့မှုကြောင့် မဟုတ်ကြောင်းဖြင့်လည်းကောင်း အကြောင်းပြနိုင်မှသာ လျှောက်ထားနိုင်သည်။

၂။ ပြင်ဆင်မှုကို တရားရုံးက စီရင်ချက် ချမှတ်၍ ဖွင့်ရမည်။ ထိုချမှတ်သော စီရင်ချက်တွင် အကြောင်းအရာအသစ် ပေါ်ပေါက်လာကြောင်းကို အတိအလင်း ရေးမှတ်ရမည့်ပြင် ထိုအကြောင်းအရာသစ်သည် ပြင်ဆင်မှု ဖွင့်ရမည့် အကြောင်းအရာမျိုး ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုရမည်။ ထပြင် ထိုအကြောင်းကြောင့် ပြင်ဆင်ရန်လျှောက်ထားသည့်အတိုင်း ခွင့်ပြုကြောင်းကိုလည်း ကြေညာရမည်။

၃။ တရားရုံးသည် ပြင်ဆင်ခွင့်ပြုရန် ခွင့်မပြုမီ စီရင်ချက်ပါ အချက်များအတိုင်း ရှေးဦးစွာ လိုက်နာဆောင်ရွက်ရန် လိုအပ်သည်။

၄။ ပြင်ဆင်မှုလျှောက်လွှာကို အကြောင်းအရာသစ် တွေ့ရှိပြီးသည်မှ နောက်အကျဆုံး ခြောက်လအတွင်း တင်သွင်းရမည်။

၅။ မည်သည့်ပြင်ဆင်မှုလျှောက်လွှာကိုမျှ စီရင်ချက်ချမှတ်သည့် နေ့ရက်မှ ဆယ်နှစ် ကုန်လွန်ပြီးသည့်နောက် တင်သွင်းခွင မရှိစေရ။

*အပိုဒ် ၆၂။*

၁။ နိုင်ငံတစ်နိုင်ငံသည် ဥပဒေနှင့်ဆိုင်သော မိမိ၏ အကျိုးသက်ဆိုင်ခွင့်ကို အမှုတွင်ချမှတ်ခဲ့သော ဆုံးဖြတ်ချက်ကြောင့် ထိခိုက်ဖွယ်ရာအကြောင်း

ရှိသည်ဟု ယူဆလျှင် ထိုအမှုတွင် မိမိအား ကြားဝင်ဆောင်ရွက်ခွင့်ပြုရန် တရားရုံးသို့ တောင်းဆိုချက် တစ်ရပ် တင်သွင်းနိုင်သည်။

၂။ ထိုတောင်းဆိုချက်နှင့်စပ်လျဉ်း၍ တရားရုံးက ဆုံးဖြတ်ရမည်။

*အပိုဒ် ၆၃။*

၁။ အမှုတွင်သက်ဆိုင်ပါဝင်သည့် နိုင်ငံများမှတပါး အခြားနိုင်ငံများပါဝင်သော သဘောတူစာချုပ် အဓိပ္ပာယ်ကောက်ယူမှုနှင့်စပ်လျဉ်း၍ ပြဿနာ ပေါ်ပေါက်လာသည့်အခါ မော်ကွန်းထိန်းအရာရှိသည် အဆိုပါနိုင်ငံ အားလုံးကို ချက်ချင်း အကြောင်းကြားရမည်။

၂။ ထိုသို့အကြောင်းကြားခံရသော နိုင်ငံအသီးသီးသည် အမှုတွင် ကြားဝင်ဆောင်ရွက်နိုင်သည့် အခွင့်အရေးရှိသည်။ သို့ရာတွင် ထိုနိုင်ငံသည် ဤအခွင့်အရေးကို သုံးစွဲလျှင် စီရင်ချက်တွင်ပါရှိသည့် အဓိပ္ပာယ်ကောက်ချက်အတင်း အမှုသည်နိုင်ငံများနည်းတူ လိုက်နာဆောင်ရွက်ရမည့် တာဝန်ရှိသည်။

*အပိုဒ် ၆၄။*

တရားရုံးက အခြားနည်းလမ်းဖြင့် မဆုံးဖြတ်လျှင် အမှုသည်နိုင်ငံအသီးသီးသည် မိမိ၏ကုန်ကျစရိတ်ကို မိမိကပင် ကျခံရမည်။

# အခန်း (၄)
# အကြံပေးထင်မြင်ချက်များ

*အပိုဒ် ၆၅။*

၁။ တရားရေးသည် ဥပဒေနှင့်ဆိုင်သော ပြဿနာတစ်ခုခုနှင့်စပ်လျဉ်း၍ အကြံပေးထင်မြင်ချက်ကို တောင်းဆိုရန် အလို့ငှာ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ်စာချုပ်အရသော်လည်းကောင်း၊ ထိုစာချုပ်နှင့်အညီသော်လည်းကောင်း၊ အခွင့်အာဏာအပ်နှင်းခြင်းခံရသော မည်သည့်အဖွဲ့ကမဆို တောင်းဆိုလျှင် ယင်းသို့တောင်းဆိုသည့် အတိုင်း အကြံပေးထင်မြင်ချက် ပေးနိုင်သည်။

၂။ တရားရုံး၏ အကြံပေးထင်မြင်ချက်ကို တောင်းဆိုရန်အလို့ငှာ တရားရုံးသို့ တင်သွင်းသည့် ပြဿနာများကို စာဖြင့် ရေးသားတင်သွင်းရမည်။ ထိုစာတွင် ထင်မြင်ချက်များပေးစေလိုသည့် ပြဿနာကို အတိအကျ ဖော်ပြရမည့်ပြင် ထိုစာနှင့်အတူ ယင်းပြဿနာကို ထင်ရှားပေါ်လွင်စေဘွယ်ရာ အကြောင်းရှိသည့် စာတမ်း အမှတ်အသား အားလုံးလည်း ပူးတွဲပါရှိစေရမည်။

*အပိုဒ် ၆၆။*

၁။ မော်ကွန်းထိန်းအရာရှိသည် သို့အကြံပေးထင်မြင်ချက် တောင်းဆိုကြောင်းကို တရားရုံးသို့ လာရောက်ဆိုင်ဆိုခွင့်ရှိသည့် နိုင်ငံအားလုံးသို့ ချက်ချင်း အကြောင်းကြားရမည်။

၂။ ထို့ပြင် တရားရုံးသို့ လာရောက်ဆိုင်ဆိုခွင့်ရှိသည့် နိုင်ငံတစ်နိုင်ငံအား သော်လည်းကောင်း၊ အဆိုပါပြဿနာနှင့်စပ်လျဉ်းသည့် အကြောင်းအရာ အချက်အလက်များကို ဖော်ပြနိုင်ဖွယ်ရှိသည်ဟု တရားရုံးကဖြစ်စေ၊ တရားရုံးမထိုင်လျှင် ဥက္ကဋ္ဌကဖြစ်စေ၊ ယူဆသည အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတစ်ခုခုအားသော်လည်း ကောင်း၊ ထိုပြဿနာနှင့်စပ်လျဉ်း၍ စာရေးသားထွက်ဆိုချက်များကို ဥက္ကဋ္ဌ သတ်မှတ်သည့် အချိန်ကာလ အပိုင်းအခြားအတွင်း တရားရုံးက လက်ခံရန် အသင့်ရှိကြောင်းဖြင့် သို့မ ဟုတ် နှုတ်ဖြင့်ထွက်ဆိုချက်များကို နာကြားရန် ကျင်းပမည့် သဘင်၌ လူသိရှင်ကြား ကြားနာရန် အသင့်ရှိကြောင်းဖြင့် မော်ကွန်းထိန်းအရာရှိက အထူးအကြောင်းကြားစာပေးပို့၍ တိုက်ရိုက် အကြောင်းကြားရမည်။

၃။ တရားရုံးသို့ လာရောက်ဆိုင်ဆိုခွင့်ရှိသော အဆိုပါနိုင်ငံတစ်နိုင်ငံသည် ဤ အပိုဒ်၏ စာပိုဒ်-၂တွင် ရည်ညွှန်းထားသော အထူးအကြောင်းကြားစာကို ရရှိသဖြင့် စာရေးသားထွက်ဆိုချက်ကို တင်သွင်းလိုသည်ဟူ၍သော်လည်း ကောင်း၊ နှုတ်ဖြင့်ထွက်ဆိုချက်ကို ကြားနာစေလိုသည်ဟူ၍သော်လည်း ကောင်း ထုတ်ဖော်တောင်းဆိုနိုင်သည်။ ယင်းတောင်းဆိုချက်နှင့်စပ်လျဉ်း ၍ တရားရုံးက ဆုံးဖြတ်ရမည်။

၄။ နိုင်ငံများနှင့် အဖွဲ့အစည်းများက စာရေးသားထွက်ဆိုချက်ကို သို့မဟုတ် နှုတ်ဖြင့်ထွက်ဆိုချက်ကို သို့မဟုတ် ထိုထွက်ဆိုချက် နှစ်ရပ်လုံးကို တင်သွင်းထွက်ဆိုပြီးသည့်အခါ ထိုနိုင်ငံများနှင့် အဖွဲ့အစည်းများအား အခြားနိုင်ငံသို့မဟုတ် အဖွဲ့အစည်းများ၏ ထွက်ဆိုချက်များကို သီးခြား ကိစ္စတစ်ခုတွင် တရားရုံး သို့မဟုတ် တရားရုံး မထိုင်လျှင် ဥက္ကဋ္ဌက ဆုံးဖြတ်သည့် နည်းလမ်းအတိုင်း သို့မဟုတ် ဆုံးဖြတ်သည့် အတိုင်းအတာ

အထိ၊ သို့မဟုတ် ဆုံးဖြတ်သည့် အချိန်အကန့်အသတ်အတွင်း ဝေဖန်ခွင့် ပြုရမည်။ ထိုသို့ ဝေဖန်စေရန် မော်ကွန်းထိန်းအရာရှိသည် အဆိုပါ စာရေးသားထွက်ဆိုချက်များကို အလားတူထွက်ဆိုချက်များ တင်သွင်းထားသည့် နိုင်ငံများနှင့် အဖွဲ့အစည်းများသို့ လိုအပ်သော အချိန်အတွင်း ပေးပို့ရမည်။

*အပိုဒ် ၆၇။*

တရားရုံးသည် မိမိ၏ အကြံပေးထင်မြင်ချက်များကို အတွင်းရေးမှူးချုပ်အားလည်း ကောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတို့၏ ကိုယ်စားလှယ်များအားလည်းကောင်း၊ တိုက်ရိုက်သက်ဆိုင်သော အခြားနိုင်ငံများ၏ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များအားလည်းကောင်း အကြောင်းကြားပြီးနောက် တရားခွင်တွင် လူသိရှင်ကြား ဖတ်ကြားရမည်။

*အပိုဒ် ၆၈။*

တရားရုံးများသည် မိမိ၏ အကြံပေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ယခုလက်ရှိဥပဒေပါ ပြဋ္ဌာန်းချက်များအနက် တစ်ဖက်နှင့်တစ်ဖက် အချင်းဖြစ်ပွားသော အမှုများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များတိုင်း၊ သို့သက်ဆိုင်သည်ဟု မိမိက အသိအမှတ်ပြုထားသည့် အတိုင်းအတာအထိ လိုက်နာဆောင်ရွက်ရမည်။

# အခန်း (၅)
# ပြင်ဆင်ချက်

*အပိုဒ် ၆၉။*
ယခုလက်ရှိ ဥပဒေပြင်ဆင်ချက်များကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့၏ ပဋိညာဉ်စာချုပ် ပြင်ဆင်ရန် ပြဋ္ဌာန်းထားသည့် နည်းလမ်းအတိုင်း ပြုလုပ်ရမည်။ သို့ရာတွင် လက်ရှိဥပဒေနှင့် သက်ဆိုင်သော်လည်း ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ဝင် မဟုတ်သေးသောနိုင်ငံများ ပါဝင်ရေးနှင့်စပ်လျဉ်း၍ အထွေထွေညီလာခံက လုံခြုံရေးကောင်စီ၏ ထောက်ခံချက်အရ လက်ခံအတည်ပြု ပြဋ္ဌာန်းချက်များကို မဆန့်ကျင်စေရ။

*အပိုဒ် ၇၀။*
တရားရုံးသည် ယခုလက်ရှိဥပဒေတွင် မိမိလိုအပ်သည့် ထင်မြင်သည့် ပြင်ဆင်ချက်များကို အပိုဒ်-၆၉ပါ ပြဋ္ဌာန်းချက်များနှင့်အညီ စဉ်းစားဆွေးနွေးရန်အလို့ငှာ အတွင်းရေးမှူးချုပ်ထံသို့ စာဖြင့် အကြောင်းကြား၍ အဆိုတင်သွင်းနိုင်ခွင့် အာဏာ ရှိရမည်။

# ပြင်ဆင်ကောက်နုတ်ချက်

ပဋိညာဉ် အပိုဒ် ၂၃၊ ၂၇နှင့် ၆၁တို့အတွက် ပြင်ဆင်ချက်များကို အထွေထွေ ညီလာခံ က ၁၉၆၃ခုနှစ်၊ ဒီဇင်ဘာလ ၁၇ရက်နေ့တွင် အတည်ပြုခဲ့ပြီး၊ ၁၉၆၅ခုနှစ်၊ ဩဂုတ်လ ၃၁ရက်နေ့တွင် စတင်ကျင့်သုံးပါသည်။ အပိုဒ် ၆၁ အတွက် ထပ်မံပြင်ဆင်ချက်ကို အထွေထွေညီလာခံက ၁၉၇၁ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင် အတည်ပြုခဲ့ပြီး၊ ၁၉၇၃ခုနှစ် စက်တင်ဘာလ ၂၄ရက်နေ့တွင် စတင်ကျင့်သုံးပါသည်။ အပိုဒ် ၁၀၉အတွက် ပြင်ဆင်ချက်ကို အထွေထွေ ညီလာခံက ၁၉၆၅ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်နေ့တွင်အတည်ပြုခဲ့ပြီး၊ ၁၉၆၈ ခုနှစ်၊ ဇွန်လ ၁၂ရက်နေ့တွင် စတင်ကျင့်သုံးပါသည်။

အပိုဒ် ၂၃အတွက် ပြင်ဆင်ချက်မှာ လုံခြုံရေးကောင်စီဝင်အရေအတွက်ကို ၁၁ နိုင်ငံမှ ၁၅နိုင်ငံသို့ တိုးချဲ့ခြင်း ဖြစ်ပါသည်။ အပိုဒ် ၂၇အတွက် ပြင်ဆင်ချက်မှာ လုပ်ထုံးလုပ်နည်းကိစရပ်များအတက် လုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်များကို လုံခြုံရေးကောင်စီဝင် ၉နိုင်ငံ(ယခင် ၇ နိုင်ငံ)၏ ထောက်ခံမဲဖြင့် ချမှတ်ရန်၊ အခြားကိစရပ်များအတွက် အမြဲတမ်းလုံခြုံရေးကောင်စီဝင် ၅နိုင်ငံ၏ သဘော တူညီ ထောက်ခံမဲအပါအဝင် လုံခြုံရေးကောင်စီဝင် ၉နိုင်ငံ(ယခင် ၇နိုင်ငံ)၏ ထောက်ခံမဲဖြင့် ချမှတ်ရန်ဖြစ်ပါသည်။

အပိုဒ် ၆၁အတွက် ပြင်ဆင်ချက်မှာ စီးပွားရေးနှင့် လူမှုရေးကောင်စီဝင် အရေ အတွက်ကို ၁၈နိုင်ငံမှ ၂၇နိုင်ငံသို့ တိုးချဲ့ခြင်းဖြစ်ပြီး၊ ၁၉၆၅ခုနှစ်၊ ဩဂုတ်လ ၃၁ရက်နေ့တွင် စတင်ကျင့်သုံးခဲ့ပြီး၊ ကောင်စီဝင်အရေအတွက်ကို ၂၇နိုင်ငံမှ ၅၄နိုင်ငံသိ ထပ်မံ တိုးမြင့်ခဲ့ပါသည်။

အပိုဒ် ၁၀၉အတွက် ပြင်ဆင်ချက်မှာ ပထမစာပိုဒ်ကို ပြင်ဆင်ခြင်းဖြစ်ပြီး၊ ပဋိညာဉ်ကို ပြန်လည်သုံးသပ်ရန်အတွက် အဖွဲ့ဝင်နိုင်ငံများအားလုံး တက်ရောက်သည့် ဆွေးနွေးပွဲတစ်ရပ်ကို အထွေထွေညီလာခံအဖွဲ့ဝင်များ၏ မဲသုံးပုံနှစ်ပုံနှင့် လုံခြုံရေးကောင်စီဝင် ၉နိုင်ငံ(ယခင်က ၇နိုင်ငံ)၏ မဲဆနဖြင့် သတ်မှတ်သည့် နေ့စွဲနှင့် နေရာတွင် ကျင်းပပြုလုပ်နိုင်ကြောင်း ပြဌာန်းထားပါသည်။ အပိုဒ် ၁၀၉၊ စာပိုဒ် ၃မှာ အထွေထွေညီလာခံ ဒသမမြောက် ပုံမှန်အစည်းအဝေးအတွင်း ပြန်လည်သုံးသပ်ရေး ဆွေးနွေးပ ကျင်းပနိုင်ရေး စဉ်းစားခြင်းနှင့်သက်ဆိုင်ပြီး၊ “လုံခြုံရေးကောင်စီဝင် မည်သည့် ၇နိုင်ငံမဆို၏ မဲဆနဖြင့်” ဟူသော စာသားကို မူပုံစံအတိုင်း ဆက်လက်ထားရှိပါသည်။ ယင်းစာပိုဒ်အရ ၁၉၅၅ခုနှစ်တွင် အထွေထွေညီလာခံက ဒသမမြောက်ပုံမှန်အစည်းအဝေးတွင်လည်းကောင်း၊ လုံခြုံရေးကောင်စီကလည်းကောင်း၊ ဆောင်ရွက်ခဲ့ပြီး ဖြစ်ပါသည်။